ရှင်မာကု အပိုင်း(၁)

အခန်း(၁)မှ(၈)

မြန်မာပြည်အတွက် ဘုရားသခင်၏
နှုတ်ကပတ်တော်

# ရှင်မာကုပြောပြသည့်သတင်းကောင်း

## ယေရှုခရစ်တော်၏အစောပိုင်းကာလသွန်သင်ချက်များ




တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက်လေ့လာဖတ်ရှုနိုင်ရန်
လွယ်ကူသည့် ကမ္ဘာသုံး အင်္ဂလိပ်စာဖြင့်ရေးသားပြုစုသော
သမ္မာကျမ်းစာအနက်ဖွင့်ကျမ်း


ဗရိန်မော်ရိုးစ်

# ရှင်မာကုပြောပြသည့်သတင်းကောင်း

# The Good News told by Mark

ယေရှုခရစ်တော်၏အစောပိုင်းကာလသွန်သင်ချက်များ

The early teachings of Jesus Christ

**တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက်လေ့လာဖတ်ရှုနိုင်ရန်**
**လွယ်ကူသည့် ကမ္ဘာသုံး အင်္ဂလိပ်စာဖြင့်ရေးသားပြုစုသော**
**သမ္မာကျမ်းစာအနက်ဖွင့်ကျမ်း**

**A Bible Commentary in easy-to-read**
**Worldwide English for personal or Group Study**
**By**
**Fred Morris**

ကို ဘာသာပြန်ဆိုထားသည်

# စာဖတ်သူ (သို့မဟုတ်) ခေါင်းဆောင်

## To the Reader or Leader

ဤသမ္မာကျမ်းစာအနက် ဖွင့်ကျမ်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားကို လွယ်ကူစွာဖတ်ရှုနားလည်နိုင်ရန် နည်းလမ်းတစ်ခုဖြင့် ရှင်းပြသည်။ သင်သည် သမ္မာကျမ်းစာကို ကိုယ်တိုင် (သို့မဟုတ်) အဖွဲ့လိုက်လေ့လာရာတွင် ဤစာအုပ်များကို အသုံးပြုနိုင်ပါသည်။ အဖွဲ့လိုက်လေ့လာရာတွင် ဖြစ်နိုင်လျှင် လူတစ်ဦးစီတိုင်း၌ ဤစာအုပ်နှင့်သမ္မာကျမ်းစာတစ်အုပ်စီ ရှိသင့်သည်။

ဤစာအုပ်ထဲ၌ သတင်းအချက်အလက် မြောက်များစွာပါရှိသောကြောင့် ကျေးဇူးပြု၍ ဖြည်းဖြည်းနှင့် ဆင်ခြင်ပြီးလေ့လာစေလိုပါသည်။ သင်သည် သင်ယူထားသော အရာများကို သင်၏ နေ့စဉ်အသက်တာ၌ လက်တွေ့အသုံးချနိုင်ရန် ဘုရားသခင်အား ဆုတောင်းအသနားခံပါ။

ဤအမှတ်အသားကို တွေ့သောနေရာ၌ သင်နှင့်အဖွဲ့ခေါင်းဆောင်သည် ဤစာအုပ်ထဲရှိ စာသားများ ကိုမဖတ်ရှုမီ သမ္မာကျမ်းစာထဲက အကြောင်းအရာကို ဦးစွာပထမ အမြဲဖတ်သင့်သည်။

နှီးနှောဆွေးနွေးပါ။ ဤအမှတ်အသားကို တွေ့သောနေရာ၌ အဖွဲ့လိုက်လေ့လာမှုပြုလုပ်ရာတွင် မေးနိုင်သည့် မေးခွန်းများရှိသည်။ ထိုမေးခွန်းသည်လည်းသမ္မာကျမ်းစာ၏အပိုဒ်များကို နားလည်သဘောပေါက်နိုင်ရန် စာဖတ်သူအားကူညီပေးသည်။ သင်သည်မေးခွန်းများကို အသုံးပြု၍ ပုဂ္ဂိုလ်ရေးဆိုင်ရာ စစ်ဆေးမှုပြုနိုင်သည်။

ဤအမှတ်အသားကို တွေ့သောနေရာ၌ မေးခွန်းကို အချိန်ပေး၍ လေးနက်စွာ ဆင်ခြင်စဉ်းစားရန် ဖြစ်သည်။

ရွေးချယ်စရာများစွာပေးသော မေးခွန်းများ ဤအမှတ်အသားကို တွေ့သော နေရာ၌ ဖြစ်နိုင်ခြေရှိ သော အဖြေသုံးခုနှင့်မေးခွန်းများပါရှိသည်။ အဖြေမှန်တစ်ချို့နှင့် အမှားတစ်ချို့ရှိသည်။ ဤမေးခွန်းများက သင်ဖတ်ထားသော အကြောင်းအရာကို ဂရုတစိုက်ဆင်ခြင်နိုင်ရန်ကူညီပေးသည်။ ၎င်းမေးခွန်း၏အဖြေများ ကိုစာအုပ်၏ နောက်ဆုံးတွင် ပေးထားပါသည်။

ဤအမှတ်အသားကိုတွေ့သောနေရာ၌ ဘောင်ခတ်ထားသောနေရာတွင် ရှိသော သတင်းအချက် အလက်များသည် ကျမ်းစာကျောင်းသားများ၊ ဓမ္မဆရာများနှင့် တရားဟော ဆရာများအတွက်ဖြစ်သည်။

သမ္မာကျမ်းစာကို ဖြည့်စွက်ဖတ်ရှုခြင်းသည် အရေးကြီးသော သတင်းအချက်အလက်ပို၍ ရရှိရန်ဖြစ်သည်။ ဘုရားသခင်က သင့်ကိုစကားပြောရာတွင် ထိုသတင်းအချက်အလက်များကို အသုံးပြုမည်ဖြစ်သည်။ ထို့ကြောင့် သင်ရေးမှတ်နေသော စာများအားလုံးကို နောင်၌မဟုတ်ဘဲ ယခုပင်ချက်ချင်းစစ်ဆေးပြီး အိမ်၌ လေ့လာရန်အတွက် ၎င်းတို့ကို အသုံးပြုပါ။ တစ်ချို့ရေးသားချက်များသည် ကျွန်ုပ်တို့က သန့်ရှင်းသော အရေးအသားများဟုခေါ်တွင်သော ဓမ္မဟောင်းကျမ်းမှ ဖြစ်သည်။ ထိုကျမ်းများသည် ယေရှုခရစ်တော် ဤကမ္ဘာလောက၌ သက်ရှိထင်ရှား သွားလာခြင်းမပြုမီ ရေးသားခဲ့ပြီးသော ကျမ်းစာ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။

မန္နသမ္မာကျမ်းစာအနက်ဖွင့်ကျမ်းများသည် ဘုရားသခင်၏သမ္မတရားကို အခြေခံအုတ်မြစ်ကဲ့သို့ ယုံကြည် သူအားလုံးအတွက် ပေးခြင်းဖြစ်သည်။ သမ္မာကျမ်းစာလေ့လာမှုတွင် ဦးဆောင်သောသူများသည် သူတို့၏ ကိုယ်ပိုင်ခရစ်ယာန် အသက်တာနှင့် ထုံးတမ်းဓလေ့များထဲမှ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံများကိုပေါင်းထည့်သင့်သည်။

# THE EARLY TEACHINGS OF JESUS CHRIST

## The Good News told by Mark: Mark part 1, Chapters 1 to 8

**A Bible Teaching Commentary for personal or group study**
**written by former Australian missionary in Asia, Fred Morris**

**Copyright © 2001, 2008 Fred Morris, Manna Publications (USA) Inc. All rights reserved.**

***First edition*** published in 2001 in Kenya (Easy English)
***Second edition*** published in 2008 in Uganda, Myanmar (Tiddim chin) and India
Reprinted 2009 in Tanzania and in Mozambique
Reprinted 2010 in Ethiopia, Myanmar (Dai, Burmese and Tiddim Chin), D.R. Congo, UK, Nigeria, Uganda and India
Reprinted 2011 in India, Cameroon,
Chad, Ethiopia, Myanmar (Siyin), Guatemala, UK and Uganda
Reprinted 2012 in India, Serbia, Cameroon, Nigeria, Uganda, D.R. Congo
Reprinted 2013 in India and Ethiopia.
Reprinted 2014 in Mozambique, Kenya, D.R. Congo, Myanmar (Hakha Chin, Ngawn Chin), Burundi, Armenia, Cameroon, Ghana
Reprinted 2015 in Myanmar (Ngawn Chin, Hakha Chin, Burmese), Malawi, Cameroon, Ethiopia (including Braille)
Reprinted 2017 in Malawi, Sierra Leone
Reprinted 2018 in Myanmar (Burmese)

# MANNA PUBLICATIONS

**Manna Publications (UK) in association with Manna Publications (USA) and Manna Publications (France)**

**Published by:** **Printed by:**

# ယေရှုခရစ်တော်၏သတင်းကောင်းကို ရှင်မာကုက ဇာတ်ကြောင်းပြန်ပြောဆိုရေးသားခြင်း

Mark's Account of the Good News of Jesus Christ

ရှင်မာကုရေးသားခဲ့သည့် ဘုရားသခင်၏သတင်းကောင်းသည် ယေရှုခရစ်တော် ဘဝသက်တာ အကြောင်းရေးသားထားသော သမ္မာကျမ်းစာအုပ်လေးအုပ်မှ ဒုတိယ မြောက်စာအုပ်ဖြစ်သည်။ ဤကျမ်းစာကို ယေရှုအသေခံ၍ ရှင်ပြန်ထမြောက်ပြီးနောက် ပိုင်းအေဒီ ၄၂ မှ ၄၄ အကြားတွင် မာကုအမည်သစ်ကိုရသော ယောယန်ကရေးသား ခဲ့ခြင်းဖြစ်သည်။ သူသည်ယေရှု ဟောပြောခဲ့သော အရာများ ၊ လုပ်ဆောင်ခဲ့သောအရာ များကို ပေတရုထံမှ အများဆုံးကြားခဲ့ရသည်။ ပေတရုသည် ယေရှု၏ တပည့် (သို့မဟုတ်) နောက်လိုက် သူများထံမှ တစ်ဦးအပါအဝင်ဖြစ်သည်။ ရှင်မာကု သည် ပေတရုဟောပြော သင်ကြားပေးနေသည့်အချိန်တွင် မှတ်စုယူခဲ့ခြင်း ဖြစ် ကောင်းဖြစ်နိုင်ဖွယ်ရှိသည်။ ယခု အစ္စရေးနိုင်ငံဟု ကျွန်ုပ်တို့ခေါ်နေသော ယုဒပြည်နှင့် ဂါလိလဲပြည်တို့တွင် ဤအရာများ ဖြစ်ပျက်ခဲ့သည်။ ရှင်မာကုခရစ်ဝင်ကျမ်းသည် လက်ဝါးကပ်တိုင်၏ပေါ်၌ အသေသတ် ခြင်းမခံမီ နောက်ဆုံးရက်သတ္တပတ် အကြောင်းကို မြောက်များစွာ ဖော်ပြခဲ့သောကျမ်း ဖြစ်သည်။ ဤကျမ်းသည် ယေရှုပြန်လည်ရှင်ပြန်ထမြောက်ပြီး ခမည်းတော်ဘုရားသခင် နှင့်အတူနေရန် ကောင်းကင်သို့ ကြွသွားတော် မူခြင်း၌အဆုံးသတ်သည်။ ဟေဗြဲဘာသာ စကားအားဖြင့် ဘုရားသခင်၏ နာမတော်သည် ''ရာဝိတ်'' (Yahweh) ဖြစ်သည်။ သူသည် ယုဒလူမျိုးများနှင့် ခရစ်ယာန်များကိုးကွယ် သော တစ်ဆူတည်းဖြစ်တော်မူသော စစ်မှန်သောဘုရားသခင်ဖြစ်သည်။ သူ၏သားတော်မှာ မေရိယ၊ သခင်ယေရှုဖြစ်ပြီး၊ သူ၏စေတမန်နှင့်လောကီသား၏ ကယ်တင် ရှင်ဖြစ်သည်။ သူသည်လွှန်ခဲ့သည့် နှစ်ပေါင်း (၂၀၀၀) ကျော်က မာရိဟုခေါ်သော ယုဒအမျိုးသမီး အပျိုကညာတစ်ဦးမှ မွေးဖွားသန့်စင် ခဲ့ခြင်းဖြစ်သည်။

ဤရှင်မာကုခရစ်ဝင် အစပိုင်း အခန်း(၈) ခန်းသည် သခင်ယေရှု၏ သွန်သင် ချက်နှင့်အနာငြိမ်းစေခြင်း အကြောင်းအပါအဝင် အစောပိုင်းဖြစ်ရပ်များကို ပြောပြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်ချစ်တော်မူ၍ ကျွန်ုပ်တို့ အတွက် အသေခံစေရန် သားတော်ကို စေလွှတ်တော်မူခြင်းသည် ကျွန်ုပ်တို့ အတွက် သတင်းကောင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်တော်မူခြင်းကိုခံရနိုင်ဖို့ရန် အပြစ်ဒဏ်ပေးခြင်းနှင့် ထိုက်တန်သော ကျွန်ုပ်တို့၏အပြစ်များကို ယေရှုက ယူတင် ဝတ်ဆောင်တော်မူခဲ့သည်။ သူသည်ကျွန်ုပ် တို့၏ ကယ်တင်ရှင်ဖြစ် တော်မူ၏။ ထို့ကြောင့် နေရာဒေသအသီးသီး၌နေထိုင်ကြသော လူသားအပေါင်းတို့သည် ဘုရား သခင်ကိုကိုးကွယ်၍ ယေရှုကိုမိမိတို့ကယ်တင်ပိုင်ရှင်

အဖြစ် ယုံကြည်လက်ခံပါက ထာဝရအသက်ကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယေရှု၏ အမည်နာမကို ယုဒဘာသာအားဖြင့် ယေရှု(Yashua) သို့မဟုတ် ယောရှု(Joshua) ဖြစ်ပြီး ကယ်တင်ခြင်း (သို့မဟုတ်) ''ရာဝိတ်'' ၏ကယ်တင်ခြင်းဟု ဆိုလိုခြင်း ဖြစ်သည်။

## ရှင်မာကုသည်မည်သူနည်း
**Who was Mark?**

မာကုအမည်သစ်ကိုရသော ယောဟန်သည် ယုဒမိသားစုဝင်နာမည်မဟုတ်သော မာကု(စ်) (Markus) ဟူသော နာမည်ကို ခံထားသူတစ်ဦးဖြစ်သည်။ ပေတရုသည် သူ့ကို ချစ်သောကြောင့် ''ငါ့သား'' ဟုခေါ်ခဲ့သည်(၁ ပေ ၊ ၅ း ၁၃) ။ ရှင်မာကု၏အမေသည် ကုလသရေလ (အစ္စရေး) လူမျိုးများ၏ မြို့တော် ဖြစ်သော ယုဒပြည် ယေရှုရှလင်မြို့၌ အိမ်ကြီးတစ်လုံးတွင် နေထိုင်ခဲ့သည်။ သူမသည် ယေရှုခရစ်တော်၏ သတင်းကောင်းကို ကြားပြီး ယုံကြည်ခဲ့သူတစ်ဦးဖြစ်သည်။ အခြားသော ခရစ်ယာန်များသည် သူမ၏အိမ်၌ တွေ့ဆုံကြပြီး ဘုရားသခင်ကိုဝတ်ပြုလေ့ရှိကြသည် (တမန် ၊ ၁၂း၁၂)။

သူတို့၌ နောက်လိုက်နောက်ပါ တပည့်တပန်းလူများရှိကြသော ဘာသာရေးခေါင်းဆောင်အများစုသည် ခေါင်းဆောင်တစ်ဦး၏ နောက်ကိုလိုက်ရန်နှင့် သူ့ထံမှနည်းခံသင်ယူရန် သူတို့အလုပ်ကို စွန့်ကြသည်။ ရှင်မာကုသည်သခင်ယေရှု နောက်တော်လိုက်ဖြစ်သော ပေတရုနောက်ကိုလိုက်ခဲ့သူ ဖြစ်သည်။ သူသည် သခင်ယေရှုအကြောင်းနှင့် သူပြုတော်မူခဲ့သော အရာများအကြောင်းကို ပေတရုပြောပြ ခြင်းအားဖြင့် ကြားသိခဲ့သည်။ ငယ်ရွယ်သူမာကုသည် ယေရှုအား မေရှိယ(ခရစ်တော်)အဖြစ် ယုံကြည်ခဲ့သည်။

ယုဒလူမျိုးများသည် ဘုရားသခင်ကတိထားတော်မူခဲ့သော ခေါင်းဆောင် (ကယ်တင်ရှင် သို့မဟုတ် မေရှိယ) ကို နှစ်ပေါင်းကြာမြင့်စွာစောင့်မျှော်ခဲ့ကြသည်။ လူများက မေရှိယသည် သူတို့၏ရန်သူဖြစ်သော သူတို့တိုင်းပြည်ကို အုပ်စိုးနေသော ရောမလူမျိုးများ၏ လက်ထက်မှသူတို့ကို ကယ်တင်လိမ့်မည်ဟုထင်ခဲ့ကြသည်။

ရှင်မာကုသည် ဗာနဗနှင့် ညီအစ်ကိုဝမ်းကွဲတော်သူတစ်ဦးဖြစ်သည်။ သခင်ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ပြီးသည့်နောက် ရှင်မာကုသည် အာရှမိုင်းနား (တူရကီ) သို့ သတင်းကောင်းကို ဟောကြားရန် ရှင်ပေါလု၊ ဗာနဗတို့နှင့် အတူ သွားခဲ့သည်။ သို့သော် သူတို့ထံမှထွက်၍ သူ့အိမ်ရှိရာ ယေရုရှလင်မြို့သို့ ပြန်သွား ခဲ့သည်။ ထို့ကြောင့် ဗာနဗသည် ရှင်မာကုကိုခေါ်၍ ကုပရုကျွန်း (ဆိုက်ပရပ်စ်ကျွန်း) သို့ အတူသွားခဲ့ကြသည်။ နောက်ပိုင်းတွင် ပေါလုနှင့်မာကုတို့သည် မိတ်ဆွေများ ပြန်ဖြစ်ကြသည်။ ရှင်ပေါလု အကျဉ်းထောင်ထဲမှ ရေးသည့်စာထဲ၌ မာကုသည် ငါ့စိတ်ကိုသက်သာစေသောသူ ဖြစ်သည်ဟု ပါရှိသည် (ကော ၊ ၄း၁၁)။

ရှင်မာကုက ယေရှုခရစ်တော်သည် ''ဘုရားသခင်၏သားတော်ဖြစ်သည်'' ဟု ရေးသားခဲ့သည်။ ယေရှု ကိုယ်တော်တိုင်မူကား ''လူသား'' ဟုခေါ်ဆိုခဲ့သည်။ ဤနာမတော်သည် လူတို့အား ဘုရားသခင်၏ စကားတော်ကိုပြောဖို့ရန် ရွေးချယ်တော် မူသောသူ၏ဖရောဖက်များထံသို့ ဘုရားသခင်ပေးထားတော်မူခဲ့သော နာမဖြစ်သည် (ယေဇ ၊ ၁၂း၂)။ သို့သော် ဘုရားသခင်က ယေရှုသည် သူ၏သားဖြစ်သည်ဟုလည်း ပြောခဲ့သည် (မာ ၊ ၁း၁၁ ။ ၉း၇) ။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ကျွန်ုပ်တို့ ရှင်မာကုအကြောင်းကို မည်သို့နားလည်သနည်း။

၂။ ရှင်မာကုအား ယေရှုအကြောင်းကို မည်ကဲ့သို့လေ့လာခဲ့သနည်း။

၃။ ယေရှုသည် ဘုရားသခင်၏ အခြားပရောဖက်များနှင့် မည်သို့ခြားနား ခဲ့သနည်း။

## ယေရှုအကြောင်းကိုရှင်မာကုမည်သို့ပြောသနည်း

What Does Mark Say About Jesus?

ဘုရားသခင်က ယေရှုလူ့ဇာတိခံယူမွေးဖွားဖို့ရန် အပျိုကညာမာရိကို ရွေးချယ်ခဲ့သည် (လု ၊ ၁း၂၆–၃၅ ၊ ၂း၁–၂၀) ။ ရှင်မာကုခရစ်ဝင်ပထမပိုင်းမှာ ယေရှုသည် သက်တော်(၃၀)ရောက်မှ အမှုတော် အတွက်လုပ်ဆောင်ခဲ့ကြောင်း ဖတ်ရှုခဲ့ပါသည်။ ယေရှုသည် ခမည်းတော်ဘုရားသခင်၏ အမှုတော်မြတ် ကိုဆောင်ရွက်ဖို့ရန် ကြွလာတော်မူခဲ့သည်။ ဝေ်မွတ်သူများကို ကျွေးမွေးပြီး (မာ ၊ ၂း၁–၁၂) နတ်ဆိုးစွဲသူများအားသူတို့ထံမှ နတ်ဆိုးထွက်ရန် အမိန့်ပေးခဲ့သည် (မာ ၊ ၉း၁၄–၃၂)။ သေသောသူကို သေခြင်းမှ ထမြောက်စေခဲ့သည် (မာ ၊ ၅း၄၂) ။ ဤအံ့ဩဖွယ်နိမိတ်လက္ခဏာများဖြင့် သူသည် ဘုရားသခင်ထံမှ လာသော သူဖြစ်ကြောင်း ပြသခဲ့သည် (ယော ၊ ၁း၁၄ ကိုကြည့်ပါ)။ ရှင်မာကုက ကျွန်ုပ်တို့အား ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းသိစေလိုသည်။ သူ၏သားတော်ကို ကျွန်ုပ်တို့ယုံကြည်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်မည့်အကြောင်း ယေရှုသည် စစ်မှန်သောသတင်းကောင်း ဖြစ်သည်။

''လူအပေါင်းတို့သည် ဒုစရိုက်ကိုပြုပြီ'' ဟုကျမ်းစာကပြောပါသည် (ရော ၊ ၃း၃၂)။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အပြည့်ဖြင့် မွေးဖွားလာခဲ့သောကြောင့် ဘုရားသခင်က သားတော်ကို ကျွန်ုပ်တို့အား ကယ်တင်ရန် စေလွှတ်ခဲ့သည်။ ကျွန်ုပ်တို့အတွက် ယေရှု၏အကြီးမားဆုံးသော လုပ်ဆောင်ချက်မှာ အသေခံခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ကြောင့် ဒဏ်ပေးခြင်းကို ခံထိုက်သောသူများဖြစ်ကြသည်။ ယေရှုသည် ဒုက္ခခံဖို့ရန် နှင့် အသေခံရန် ကြွလာခဲ့သည်မှန်သော်လည်း သူ၌အပြစ်ကင်းစင်လျက်

မွေးဖွားခဲ့ပါသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်သောကြောင့် သေခြင်းကို ခံထိုက်ပါသည်။ ယေရှုသည် အသေခံထိုက်သူမဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာ၌ ဖော်ပြခဲ့သည်မှာ ''ယေရှုသည် ကျွန်ုပ်တို့အတွက် ကိုယ်စားအသေခံရန်ကြွလာခြင်းဖြစ်ပြီး သားတော်ကိုယုံကြည်ပါက ကျွန်ုပ်တို့ အပြစ်များကို ဖယ်ရှားမည်'' ဟူ၍ဖြစ်သည်။ ယေရှုမမွေးဖွား မီက နှစ်ပေါင်းရာချီသည့် ကာလကတည်းက ဓမ္မဟောင်းက ရေးသားချက်များထဲမှာ ဤအရာများကို ကတိပေးတော် မူခဲ့ပြီးဖြစ်သည်။

## ဓမ္မဟောင်းကျမ်းထဲ၌ သန့်ရှင်းသောရေးသားချက် (၂၀)ချက်က ယေရှုအကြောင်းကို ဖော်ပြခဲ့သည်

**20 things the Holy writings say about Jesus in the Old Testament (OT)**

ဆက်လက်ပြီး ဓမ္မသစ်ကာလ၌ ထိုအရာများမည်သို့ အမှန်တကယ်ဖြစ်လာခဲ့သနည်း။

၁။ ယေရှုသည် ကတိထားတော်ခဲ့သော မေရိယ (ခရစ်တော်)ဖြစ်သည်။ ဘုရားသခင်၏သားတော်လည်းဖြစ်ပြီး ကျွန်ုပ်တို့၏ကယ်တင်ရှင်လည်းဖြစ်သည်။ (ဓမ္မဟောင်းတရား ၊ ၁၈း၁၅။ ယေရ ၊ ၂၃း၅။ ဟေရှာ ၊ ၅၃း၁၂ ၊ ဓမ္မသစ်–မဿဲ ၁၆း၁၆။ မာကု ၁း၁၁ ၊ လု ၂း၁၁။ ဟေဗြဲ ၇း၂၅)။

၂။ ယေရှုသည် ကတိထားတော်မူခဲ့သော အနာငြိမ်းခြင်းအရှင်ဖြစ်သည့် (ဓမ္မဟောင်း–ဟေရှာ ၊ ၃၅း၅၆၊ ဓမ္မသစ်–မာ ၂း၁၂ ၊ ၇း၃၅ ၊ ၈း၂၅)။

၃။ ယေရှုသည် ရှင်ဘုရင် ဒါဝိတ်၏မိသားစုမှပေါက်ဖွားလာခဲ့သည် (ဓမ္မဟောင်း–ဟေရှာ ၉း၇ ၊ ဓမ္မသစ်–မဿဲ ၁း၁)။

၄။ အာဗြဟံအမျိုးအနွယ်အားဖြင့် ကမ္ဘာပေါ်ရှိလူမျိုးအားလုံး ကောင်းကြီးခံစားလိမ့်မည်ဟု ဘုရားသခင်ကတိ ပြုခဲ့သည် (ဓမ္မဟောင်း–ကမ္ဘာ ၁၈း၁၈။ ဓမ္မသစ်–မ ၁း၁။ တမန် ၊ ၃း၂၅)။

၅။ ယေရှုသည် ယုဒပြည် ၊ ဗက်လင်မြို့ရှိ မိသားစုမှ မွေးဖွားခဲ့သည် (ဓမ္မဟောင်း–မိ ၊ ၅း၂ ၊ ဓမ္မသစ်–မဿဲ ၊ ၂း၁၂)။

၆။ ယေရှုသည်ယုဒလူမျိုး အပျိုကညာက ထိမ်းမြားဆောင်နှင်းခြင်းပြု၍ မရှက်တင်မှီမွေးဖွားခဲ့သည်။ (ဓမ္မဟောင်း–ဟေရှာ ၇း၁၄ ၊ ဓမ္မသစ်–မဿဲ ၊ ၁း၁၈)။

၇။ ကလေးတစ်ယောက်အနေဖြင့် အသက်လုံခြုံရေးအတွက် ယေရှုသည် အဲဂုတ္တုပြည်သို့ ယူဆောင်ခြင်း ခံရသည် (ဓမ္မဟောင်း–ဟောရှာ ၊ ၁၁း၁ ၊ ဓမ္မသစ်–မဿဲ ၊ ၂း၁၄၊၁၅)။

၈။ ယေရှုသည် ဂါလိလဲပြည်သို့လူများကို သွန်သင်ရန် ပြောင်းရွှေ့ခဲ့သည် (ဓမ္မဟောင်း–ဟေရှာ ၊ ၉း၁၂ ၊ ဓမ္မသစ်–မဿဲ ၊ ၄း၁၃၊၁၄)။

၉။ ယေရှုသည် မောရှေပြောခဲ့သောကြီးမြတ်သည့် ပရောဖက်ဖြစ်သည် (ဓမ္မဟောင်း–တရား ၊ ၁၈း၁၅၊ ဓမ္မသစ်–ယော ၊ ၆း၁၄ ၊ တမန် ၊ ၃း၂၂)။

၁၀။ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို အစဉ်ဖြေလွှတ်ပေးသော ယဇ်ပုရောဟိတ်မင်းဖြစ်သည် (ဓမ္မ ဟောင်း–ဆာလံ ၊ ၁၁၀း၄ ၊ ဓမ္မသစ်–ဟေဗြဲ ၊ ၆း၂၀)။

၁၁။ ယေရှုသည် ဉာဏ်ပညာနှင့်ကြံစည်တတ်စွမ်းခြင်းရှိသူ ဖြစ်သည် (ဓမ္မဟောင်း–ဟေရှာ ၊ ၁၁း၂ ၊ ဓမ္မသစ်–လု ၊ ၂း၅၂)။

၁၂။ ယေရှုသည် မိမိလူတို့၏ မျက်နှာလွှဲခြင်းကိုခံခဲ့သည် (ဓမ္မဟောင်း–ဟေရှာ ၊ ၅၃း၃၊ ဓမ္မသစ်–ယော၊ ၁း၁၁)။

၁၃။ ယေရှုသည် နူးညံ့သိမ်မွေ့သော ဘုရင်တစ်ပါးအဖြစ် မြည်းကလေးကိုစီးလျက် ယေရုရှလင်မြို့သို့ဝင်၍ ကြိုဆိုချီးမြှောက်ခြင်းကို ခံတော်မူလိမ့်မည် (ဓမ္မဟောင်း–ဇာခရိ ၊ ၉း၉။ ဓမ္မသစ်–မဿဲ ၊ ၂၁း၂–၉။ ယော၊ ၁၂း၁၂–၁၆)။

၁၄။ ယေရှုသည် တပည့်တော်တစ်ပါး၏ သစ္စာဖောက်ခြင်းကိုခံခဲ့သည် (ဓမ္မဟောင်း–ဆာလံ၊ ၄၁း၉၊ ဓမ္မသစ် –မာ ၊ ၁၄း၁၀ ၊ ၁၈–၂၀)။

၁၅။ ယေရှုသည် ငွေ(၃၀)ဖြင့် သစ္စာဖောက်ရောင်းစားခြင်းခံခဲ့ရသည် (ဓမ္မဟောင်း–ဇာခရိ ၊ ၁၁း၁၂ ၊ ဓမ္မသစ်–မဿဲ ၊ ၂၆း၁၅)။

၁၆။ ယေရှုကို မမှန်သော သက်သေခံများက ဆန့်ကျင်ပြောဆိုခဲ့ကြသည် (ဓမ္မဟောင်း–ဆာလံ ၊ ၂၇း၁၂၊ ဓမ္မသစ်–မဿဲ ၊ ၂၆း၁၅)။

၁၇။ ယေရှုသည် စစ်မေးခြင်းကို ခံသည့်အခါ ရေငုံနှုတ်ပိတ်နေခဲ့သည် (ဓမ္မဟောင်း–ဟေရှာ ၊ ၅၃း၇ ၊ ဓမ္မသစ်–မဿဲ ၊ ၂၆း၆၂၊၆၃)။

၁၈။ ယေရှုသည် ရာဇဝတ်ကောင်များနှင့်အတူ အသေသတ်ခြင်းခံရသည် (ဓမ္မဟောင်း–ဟေရှာ ၊ ၅၃း၁၂၊ ဓမ္မသစ်–မဿဲ ၊ ၂၇း၁၈)။

၁၉။ ယေရှုသည် လက်ဖဝါး ၊ ခြေဖဝါးများ ထိုးဖောက်ခြင်းခံခဲ့သည် (ဓမ္မဟောင်း–ဆာလံ ၊ ၂၂း၁၆ ၊ ဓမ္မသစ်–ယော ၊ ၁၉း၁၇ ၊ ၂၀း၂၇)။

၂၀။ လူများက ယေရှုကို ပြက်ရယ်ပြုပြီး သူ့အကြောင်းမဟုတ်မမှန် ပြောဆိုကြသည်။ (ဓမ္မဟောင်း–ဆာလံ၊ ၂၂း၆–၈ ၊ ဓမ္မသစ်–မဿဲ ၊ ၂၇း၃၉ ၊ ၄၀)။

ဓမ္မသစ်ကျမ်းထဲတွင် ဓမ္မဟောင်းကျမ်းကို ကိုးကားရေးသားထားသော အခြားကျမ်းပိုဒ်မြောက်များစွာ ရှိသေးသည်။ ရှင်မာကုခရစ်ဝင်ကျမ်းတစ်အုပ်လုံးထဲ၌ ဓမ္မဟောင်းကျမ်းကို ကိုးကားသောအချက် (၅၀) နှင့် ရှင်မဿဲထဲ၌ (၅၀)နီးပါး ပါရှိသည်။

# ကမ္ဘာပေါ်တွင် ယေရှု၏အစပိုင်းနေ့ရက်များ

## The First Days of Jesus on Earth

### ရှင်မဿဲခရစ်ဝင်ကျမ်းအခန်းကြီး (၁)မှ (၂)နှင့် ရှင်လုကာခရစ်ဝင်ကျမ်း အခန်းကြီး (၁)မှ(၂)

ရှင်မဿဲ ၊ ရှင်လုကာ နှင့် ရှင်ယောဟန်တို့ကလည်း ယေရှုခရစ်တော်အကြောင်း၊ သတင်းကောင်း အဖြစ်အပျက်များကို ကိုယ်စီရေးသားခဲ့ကြသည်။ ရှင်မဿဲနှင့် ရှင်လုကာတို့က ယေရှုနှင့် သူ၏ဝမ်းကွဲတော်သူ ဗတ္တိဇံဆရာယောဟန် တို့၏မွေးဖွားခြင်း အကြောင်းကို ကျွန်ုပ်တို့အားပြောပြကြသည်။ (ရှင်မာကုမှကား ဤအကြောင်းအရာများကို သူ၏အကြောင်းသမိုင်းတွင် ရေးသားခဲ့ခြင်းမရှိပေ။)

ယေရှုနှင့်ယောဟန်တို့ မွေးဖွားသည့်အချိန်၌ ဣသရေလနိုင်ငံသည် ရောမစစ်အာဏာရှင်များ၏ အုပ်ချုပ်မှု အောက်တွင်ရှိသည်။ ရောမမြို့ထဲရှိ ကဲသာဘုရင်ဩဂုတ္တုသည် ဣသရေလပြည်၌ ယုဒလူမျိုးများ၏ သန်းခေါင် စာရင်းကို ကောက်ယူရန် သူ၏စစ်သားများအား အမိန့်စာပေးပို့ခဲ့သည် (လု ၊ ၂း၁) ။ဣသရေလပြည်၌ လူမျိုးများမည်မျှနေထိုင်ကြကြောင်း ရေတွက်လို၍ စာရင်းကောက်ခြင်းဖြစ်သည်။ ထိုသို့စာရင်း၌ ပါရှိနိုင်ရန်အတွက် ယုဒလူမျိုးများသည် ကိုယ့်မြို့ကိုယ့်ရွာအသီးသီးသို့ ခရီးနှင်ခဲ့ကြသည်။ ယောသပ်အမည်ရှိသော သူတစ်ယောက်သည် မာရိအမည်ရှိသော ကညာပျိုနှင့်စေ့စပ်လမ်းခင်းပြီးလျှင် အမည်စာရင်းဝင်ရန် မွေးရပ်မြေဖြစ်သော ဗက်လင်မြို့သို့ သွားကြသည်။

မာရိမှာ ကိုယ်ဝန်ရှိနေသည်။ ထိမ်းမြားဆောင်နှင်းခြင်းမပြုသေးသော အမျိုးသမီးတစ်ယောက် ကိုယ်ဝန်ရှိနေသည်မှာ အင်မတန်ဆိုးဝါးခက်ခဲသောအရာဖြစ်သည်။ မာရိကလေးမွေးရတော့မည်ကို ယောသပ်သိသောအခါ သူမနှင့် လက်မထပ်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု ကြံစည်ခဲ့သည် (မဿဲ ၊ ၁း၁၉)။ သို့သော် ဘုရားသခင်၏ ကောင်းကင်တမန်က အိမ်မက်၌သူ့အားစကားပြောခဲ့သည်။ ထို့နောက် ဤကိုယ်ဝန်သည် ဘုရားသခင်၏ အံ့ဩဖွယ်အမှုဖြစ်ကြောင်း သိရှိနားလည်သွားသည်။ သူ၏မယားကဲ့သို့ မာရိကိုထိမ်းမြားခဲ့သည်။ သို့သော် သူငယ်တော်ယေရှုမမွေးဖွားမီတိုင်အောင် မေထုန်သံဝါသမပြုဘဲနေသည် (၁း၂၅)။

သူတို့သည် ဗက်လင်မြို့မှာနေစဉ် ယေရှုမွေးဖွားခဲ့ခြင်းဖြစ်သည်။ ယေရှုသည် ယောသပ်၏ သားစစ်မဟုတ်ပါ။ သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကညာပျိုမာရိ၏ ဝမ်း၌ပဋိသန္ဓေစွဲယူပြီး မွေးဖွားခဲ့သည် (မဿဲ ၊ ၁း၁၈ ၊ ၂၀)။ အပြစ်ကင်းစင်လျက် မွေးဖွားခြင်းကိုခံယူနိုင်ရန် ဘုရားသခင်က ဤကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

## အရေးပါသော ပုဂ္ဂိုလ်များ ၊ သူငယ်တော်ယေရှုကို တွေ့ရန်လာကြ

## Important Men Come To Meet Baby Jesus

သူငယ်တော်ယေရှုကို မည်သို့တွေ့၍ ဖူးမြင်ရမည့်အကြောင်း ဒေသခံသိုးထိန်းများ ကြားပြောခြင်းခံရကြသည် (လု ၊ ၂း၁၂)။ ဘုရားသခင်ထံမှ ကောင်းကင်တမန်များသည် ရူပါရုံအားဖြင့် ဤအံ့သြဖွယ်အမှုကို ကြားပြောခြင်းဖြစ်သည်။ ဘုရားသခင်သည် ဗက်လင်မြို့၌ မွေးဖွားသောသားတော်အကြောင်းကို သာမန်လူများသိရန် အလိုတော်ရှိသည်။ သူသည် ကတိထားတော်မူခဲ့သော မေရှိယ(ခရစ်တော်)ပင်ဖြစ်သည်။

ထိုအချိန်ကာလ၌ ဟေရုဒ်မင်းသည် ကဲသာဘုရင်လက်အောက် ဣသရေလ ပြည်ကို အုပ်စိုးနေသည့်အချိန်ဖြစ်သည်။ ဟေရုဒ်သည် အလွန်ယုတ်မာရက်စက်သော ဘုရင်တစ်ပါးဖြစ်သည်။ တစ်နေ့တွင် အရှေ့ပြည်မှ အရေးပါးသော ပုဂ္ဂိုလ်ကြီး များသည် ဟေရုဒ်နန်းတော်သို့ ရောက်လာကြသည်။ ကျွန်ုပ်တို့က သူတို့အား ''မာဂုပညာရှိသုံးပါး'' ဟုခေါ်ကြသည်။ သူတို့သည့်ဣသရေလပြည်၌ မွေးဖွားသော သူငယ်တော်လေး ယုဒ ဘုရင်သစ်ကို ရှာဖွေကြခြင်းဖြစ်သည်။ သူတို့သည် ကောင်းကင်၌ အသစ်ပေါ်ထွန်းသော ကြယ်တစ်လုံးကို လိုက်လံခဲ့ကြသည်(မဿဲ ၊ ၂း၂)။ သို့သော် ယေရှုသည် နန်းတော်မှာ မရှိပါ။ သူသည် မည်သည့်နေရာမှာ ရှိသနည်းဟု ဟေရုဒ်မင်းကြီးက ဘာသာရေး ခေါင်းဆောင်များအား မေးမြန်းခဲ့သည်။ သူတို့ကခရစ်တော်သည် ဗက်လင်မြို့၌မွေးဖွား လိမ့်မည်ဟု ပရောဖက်မိက္ခာက ဓမ္မဟောင်းမှာ ကြိုတင်ပြောဆိုခဲ့ကြောင်း ဖတ်ပြ ကြသည်(မိက္ခာ ၊ ၅း၂)။ ထိုနေရာသည် ပညာရှိသုံးပါးတို့က ယေရှုကိုတွေ့သော နေရာပင် ဖြစ်သည်။ မာကုပညာရှိများ အနေဖြင့် မှန်ကန်သောလမ်းအတိုင်းသွားနိုင်ဖို့ကျမ်းစာကို ဖတ်သင့်သည်။ ဟေရှုဒ်မင်းကြီးသည် သူ့နေရာ၌ ရှင်ဘုရင်ဖြစ်လာမည့် ယုဒလူတစ်ဦးကို အလိုမရှိပေ။ ထို့ကြောင့် ဗက်လင်မြို့ရှိ ကလေးငယ်များအားလုံး သတ်ဖြတ်ခဲ့သည် (မဿဲ ၊ ၂း၂၆)။ ရက်စက်ကြမ်းကြုတ်သော ဘုရင်တစ်ပါးက ဤသို့ပြုလုပ်နိုင်ရန် မာကု ပညာရှိများမှာသတင်းပေးလိုက်ခြင်းသည် ဝမ်းနည်းစရာပင်ဖြစ်သည်။

## ကျွန်ုပ်တို့ကယ်တင်ရှင်ယေရှု၏လူ့ဇာတိနှင့်ဘုရားဇာတိအပြည့်ရှိခြင်း

## Jesus our Saviour : fully God , fully man

ယေရှုသည် လူသားသဏ္ဍာန်၌ဘုရားဖြစ်ကြောင်း သမ္မာကျမ်းစာကသွန်သင် ခဲ့သည်။ သူသည် ဘုရားဇာတိအပြည့်ဖြင့် မာရိ၏ဝမ်းထဲ၌ သန့်ရှင်းသော ဝိညာဉ် တော်က အံ့သြဖွယ်ဖန်ဆင်းထားခြင်းဖြစ်သည်။ သူသည် လူသားဇာတိအပြည့်ဖြစ်ပြီး ကျွန်ုပ်တို့ခံစားသိရှိသကဲ့သို့ ခံစားသိရှိအောင်လည်း သူ၌အပြစ်မရှိပါ။ ဘုရားသခင်က သူ့ကိုသူငယ်တစ်ယောက်ကဲ့သို့ မွေးဖွားခြင်းခံသော သူနှင့်လောက၌ ကျင်လည်သော

သူဖြစ်ရန် ရွေးချယ်ထားခြင်းဖြစ်သည်။ ယေရှုသည် မာရိ၏သားစစ်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်က မာရိ၏ဝမ်းထဲ၌ မျိုးစေ့ထည့် ပေးခြင်းဖြစ်သည်။

ဤအကြောင်းကြောင့် ယေရှုကို ဘုရားသခင်၏သားဟုခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ယေရှု၏စကား များသည် ခမည်းတော်ဟုသူက ခေါ်ဝေါ်သော ဘုရားသခင်၏ စကားများပင်ဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ သဏ္ဍာန်တော်ကိုပြသပြီး သူ၏ သဘာဝတရားကို သွန်သင်သည်။ သူသည် ဘုရားသခင်၏ အကြံအစည်တော်များကို သိတော်မူသည်။

ယေရှုကို လူသားဟုခေါ်ဝေါ်ခြင်းကိုလည်း ခံရသည်။ လူသားတစ်ယောက် ကဲ့သို့ နှစ်ပေါင်း (၃၀)ကျော် နေထိုင်ခဲ့သည်။ ကျွန်ုပ်တို့ကဲ့သို့ လုပ်ကိုင်အသက် ရှင်လျက် ငတ်မွတ်ခြင်း၊ ဆင်းရဲ၊ ဒုက္ခ၊ ပျော်ရွှင်ခြင်း နှင့် မိတ်ဆွေဖွဲ့ခြင်း ၊ ဝမ်းနည်းခြင်း နှင့် အထီးကျန်ခြင်း အကူအညီမဲ့နေသော သူငယ်ကဲ့သို့ဖြစ်ခြင်း ၊ လူသားတစ်ယာက် ကဲ့သို့ အမိန့်ပေးခံရခြင်းတို့ကို သိကျွမ်းခံစားခဲ့သော်လည်း ခမည်းတော်ကိုနာခံကာ ရက်စက်စွာ သေခြင်းကို ခံစားခဲ့ပါသည်။

မာရိနှင့်ယောသပ်တို့သည် ယေရှုနှင့်အတူ အဲဂုတ္တုပြည်သို့ ထွက်ပြေးလွတ်မြောက် သွားခဲ့ကြသည် (မဿဲ ၊ ၂း၁၃)။ ဘုရားသခင်၏ ကောင်းကင်တမန်က သူတို့အား မည်သို့လုပ်ဆောင်ရမည်ကို ကြားပြောပြီးနောက် နာဇရက်မြို့သို့ လမ်းပြပို့ဆောင်ခဲ့သည် (၂း၂၂၊၂၃)။ ဤမြို့သည် မြေကြီးပေါ်၌ ယေရှုသက်တော်ထင်ရှားစဉ် နှစ်ပေါင်း (၃၀) နီးပါးအထိ နေထိုင်ခဲ့ရာမြို့ဖြစ်သည်။ ထိုဒေသတွင်ရှိသောလူများက ယေရှုကို လက်သမား ယောသပ်၏ သားဖြစ်သည်ဟုထင်မှတ်ကြသည်။

ယေရှုသည် သက်တော်ပိုမိုကြီးရင့်လာသည်နှင့်အမျှ ဉာဏ်တော်လည်း တိုးပွား လာခဲ့သည်(လု၊ ၂း၅၂)။ သို့သော် လူအမြောက်အမြားက သူ့ကို ဘုရားသခင်၏သားဟု မယုံနိုင်ကြပါ။ ကောင်းကင် တမန်များက ယေရှုသည် ကတိထားတော်မူခဲ့သော မေရိယ ခရစ်တော်နှင့် ကယ်တင်ရှင်အဖြစ် ကြွလာသောသူ ဖြစ်သည်ဟုမိန့်ဆိုကြသည် (လု၊ ၂း၁၁)။ ပရောဖက်ရှမောင်က ယေရှုသည် ယုဒအမျိုးကို ချီးမြှောက်စေခြင်းငှာ လည်းကောင်း၊ တစ်ပါးအမျိုးသားများအတွက် အလင်းကို ယူဆောင်ခြင်းငှာလည်းကောင်း ကြွလာခဲ့သည်ဟု ပြောသည် (၂း၃၂)။ ပရောဖက်မအန္နကလည်း ယေရှုသည် ယေရုရှ လင်မြို့၌ ရွေးနုတ်ခြင်း အရာကို မျှော်လင့်သောသူအပေါင်းတို့၏ ကယ်တင်ရှင် ဖြစ်သည်ဟုပြောသည် (၂း၃၈)။

ရှင်လုကာခရစ်ဝင်ကျမ်းကလည်း ဗတ္တိဇံဆရာယောဟန်၏ မွေးဖွားခြင်းသည် ယေရှုထက် (၆)လစော သည်ဟု ကျွန်ုပ်တို့အား ပြောပြသည်(လု၊၁း၅–၂၄။၅၇–၆၆)။ သူ၏မွေးဖွားခြင်းသည်လည်း ဘုရားသခင်၏ အံ့သြဖွယ်နိမိတ်လက္ခဏာအားဖြင့်

ဖြစ်သည် (၁း၇၊၁၃)။ သို့သော်သူသည် ဘုရားသခင်၏ သားတော် မဟုတ်ပါ။ သူသည် ဇာခရိ၏သားဖြစ်သည့် ရှင်မာကုက ယောဟန်အတွက် ဘုရားသခင်၏ အကြံအစည်တော်ရှိသမျှကို (အောက်တွင်တွေ့သည့်အတိုင်း) ပြောပြသည်။

## ဤအကြောင်းကို နှီးနှောဆွေးနွေးပါ

၁။ ဘုရားသခင်၏ကောင်းကင်တမန်က ယောဟန်၏အဘ (လု၊၁း၁၂-၂၀၀ ၊ ယေရှု၏မယ်တော် (၁း၂၆-၃၈) နှင့် ယောသပ် (မဿဲ ၊ ၁း၂၀-၂၅) တို့ထံသို့ စကားပြောခဲ့သည်။ သူတို့အား ပြောသောထိုစကားများကို သူတို့သည် မည်သို့တုန့်ပြန်ကြသနည်း။ ဤအကြောင်းအရာထဲမှ မည်သို့သောသင်ခန်း စာရရှိနိုင် သနည်း။

၂။ အရှေ့ပြည်မှလာသော အရေးပါသော ပုဂ္ဂိုလ်တို့သည် ဘုရင်ယေရှု အကြောင်းကို မည်ကဲ့သို့လမ်းညွှန်ချက် ရရှိကြသနည်း။ သိုးထိန်းများက ယေရှု အကြောင်းကို မည်ကဲ့သို့ကြားသိကြသနည်း။ ကျွန်ုပ်တို့ အသက်တာ၌ ဘုရာသခင်၏ လမ်းပြမှုကို မည်ကဲ့သို့ရှာသင့်သနည်း (ယော ၊ ၁၄း၂၆)။

၃။ အောက်၌ ဖော်ပြထားသော ပုဂ္ဂိုလ်များက ယေရှုမွေးဖွားခြင်း အကြောင်းနှင့်ပတ်သက်၍ မည်သို့ ထင်မြင် ယူဆခဲ့ကြသနည်း။ မာရိ ၊ ရှင်ဘုရင် ဟေရုဒ် ၊ အရှေ့ပြည်က အရေးပါသော ပုဂ္ဂိုလ်များ ၊ ဗက်လင်မြို့ရှိ သိုးထိန်းများ ၊ ယေရုရှလင်မြို့ရှိ ရှုမောင်နှင့်အန္န။ သင်သည်ယေရှုမွေးဖွားခြင်းနှင့်ပတ်သက်၍ မည်သို့ ထင်မြင်ယူဆသနည်း။ ယေရှုသည် မည်သူဖြစ်ကြောင်း သင်ယုံကြည်သနည်း။

ကောင်းကင်တမန်များနှင့်ပရောဖက်များကြားပြောခဲ့သည့်အတိုင်း ယေရှုအတွက် ဘုရားသခင်၏ အလိုတော်သည် မည်သည့်အရာဖြစ်သနည်း (မဿဲ ၊ ၁း၂၀-၂၂။ လု ၊ ၁း၃၂-၃၅။ ၂း၁၀-၁၁)။

## မာကု ၁း၁-၁၃ (မဿဲ၊ ၃း၁-၁၇ နှင့် ၄း၁-၁၁။ ယော ၁း၁၉-၃၄ )
## ဗတ္တိဇံဆရာယောဟန်က ယေရှုကြွတော်မူရာလမ်းကိုပြင်ဆင်ခြင်း
## John The Baptizer Prepares The Way For Jesus

ရှင်မာကုခရစ်ဝင်ကျမ်းပထမဆုံးအခန်းငယ် (၁၃)ခန်း၌ အဓိကကျသော ပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ်တို့တွေ့နိုင်ပါသည်။

* တောကန္တာရထဲ၌ တရားဟောခဲ့သော ဗတ္တိဇံဆရာယောဟန် (၁း၄)။
* ကောင်းကင်မှ ကြွလာတော်မူသော ဘုရားသခင်၏သားတော်ယေရှု (၁း၉)။
* ယေရှုအပေါ်သို့ ကြွဆင်းလျက် လမ်းပြပို့ဆောင်ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ဘုရား (၁း၁၀၊၁၂)။

* ကောင်းကင်မှ မိန့်မြွက်တော်မူသော ခမည်းတော်ဘုရား (၁း၁၁)။
* ယေရှုကို စုံစမ်းသွေးဆောင်ရန် ရောက်လာသော စာတန် (၁း၁၃)။
* ယေရှုကိုလုပ်ကျွေးကြသော ကောင်းကင်တမန်များ ၊ (၁း၁၃)။

ဗတ္တိဇံဆရာ ယောဟန်သည် ဘုရားသခင်၏ပရောဖက်တစ်ပါးကဲ့သို့ ဝတ်ဆင်ခဲ့သည်။ ဘုရားသခင်၏ စေတမန်တစ်ဦးကဲ့သို့ သွားလာပြောဆိုသည် (၁း၆) ။သူသည် မာလခိနှင့်ဟေရှာယတို့၏ နှစ်ပေါင်း(၇၀၀) ကြိုတင် ပရောဖက်ပြုချက်များကို ပြည့်စုံစေခဲ့သည်။ သူတို့သည် "ထာဝရဘုရားကြွတော်မူရာ လမ်းကို ပြင်ကြလော့" ဟု ဟစ်ကြော်သော တမန်၏ အသံကိုကြားရသည့်အကြောင်း ဟောပြောကြသည် (မာလ၊ ၃း၁။ ဟေရှာ၊ ၄၀း၃)။ ရှင်မာကုက ယောဟန်သည် မည်သူဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြောပြရာတွင် ပရောဖက်များ၏ စကားအတိုင်းသုံးနှုန်းထားသည်(မာကု။ ၁း၂၊၃)။

ဘုရားသခင်က ယောဟန်အား ဤသို့လုပ်ဆောင်နိုင်ရန် မမွေးဖွားမီ ကတည်းကပင် ဝိညာဉ်တော်နှင့် ပြည့်စုံစေခဲ့ပါသည် (လု၊ ၁း၁၄)။ ယောဟန်သည် လူတို့အား "မမှန်ကန်သောလုပ်ရပ်ကိုမလုပ်ရန်နှင့် ဗတ္တိဇံ ကိုခံကြရန်" ဟောပြောဖို့ကြွလာသည် (မာကု၊ ၁း၄)။

လူတို့သည် သူတို့၏မမှန်ကန်သည့် လုပ်ရပ်များအတွက် နောင်တရကြသော အခါ ယောဟန်က သူတို့အား ဗတ္တိဇံပေးသည်။ ယောဟန်သည် သူတို့အားရေထဲသို့ နှစ်ပြီးလျှင် ပြန်လည်ထူမပေးသည်။ ဤသို့ ပြုလုပ်ခြင်းသည် သူတို့နောင်တရပြီ ဖြစ်ကြောင်း လောကီသားတို့အား ပြသခြင်းပင်ဖြစ်သည်။ "နောင်တ" ဟူသည် ကျွန်ုပ်တို့သည် ကိုယ့်အပြစ်များအတွက် နောင်တရပြီး ထိုအပြစ်လုပ်ခြင်းမှ လှည့်ပြန်လိုခြင်း ၊ ဘုရားသခင်ကိုသာ နာခံခြင်း" ကိုဆိုလိုသည်။ ကျွန်ုပ်၏အပြစ်များသည် မကောင်းသောအရာမှန်သမျှကို တွေးတောခြင်း ၊ ပြောဆိုခြင်း (သို့မဟုတ်) လုပ်ဆောင်ခြင်းနှင့် ကောင်းသည့်အရာများကို လုပ်ဖို့မေ့ကျန်တတ်သည့် အရာများလည်း ပါဝင်သည်။ အပြစ်တရားက ကျွန်ုပ်တို့ကို ပြည့်စုံကောင်းမွန်၍ သန့်ရှင်းခြင်းရှိပြီး အပြစ်ကင်းသည့် ဘုရားသခင်နှင့်ဝေးကွာစေခဲ့သည်။ ရေအောက်သို့နှစ်မြုပ်သွားခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့၏ အသက်တာဟောင်းကို ဆေးကြောပေးပြီး အသစ်ပြန်လည်ပြုပြင်၍ သူနှင့် အတူ သန့်ရှင်းသော အသက်တာသစ် စတင်ခြင်းကိုပြသသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

ဘုရားသခင်က ဣသရေလလူမျိုးများကို သူတို့၏ရန်သူများလက်မှ ကယ်နုတ်ပြီး ပြန်လည်ကောင်း ချီးပေးရန် ကတိပေးတော်မူခဲ့ပြီးဖြစ်သည်။ ကယ်တင် ရှင်တစ်ပါး (သို့မဟုတ်) မေရှိယကို စေလွှတ်ပေးရန် ကတိပေးတော်မူခဲ့ပြီးဖြစ်သည်။ ဓမ္မဟောင်းကျမ်းမှ ပရောဖက်များစွာက ဤအကြောင်းကို ကြိုတင်ဟောပြော နှင့်ကြပြီးဖြစ်

သော်လည်း နှစ်ပေါင်း (၄၀၀)ကြာမျှ အထူးပရောဖက်မရှိသောကြောင့် လူများစွာတို့သည် သူတို့၏ မျှော်လင့်ချက်များကို လက်လျှော့ထားခဲ့ကြသည်။ ထို့နောက်မှ ယောဟန်သည် မေရှိယယေရှု ကြွတော်မူရာလမ်းကို ပြင်ဆင်ရန် ပေါ်လာခဲ့သည်။ ယောဟန်သည် မေရှိယမဟုတ်ပါ။ သူသည် ယေရှုအကြောင်းကို လူများအား ပြောသော သူဖြစ်သည်။ သူက ''အင်မတန်အရေးပါသည့် ပုဂ္ဂိုလ်တစ်ပါးသည် ကြွလာဆဲရှိ၏'' ဟုပြောသည်။

## ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ဗတ္တိဇံဆရာယောဟန်သည် မည်သို့သောအရာကို လုပ်ဆောင်ရန် ကြွလာခဲ့သနည်း(၁း၄ ၊ ၈)။

၂။ ယောဟန်က ယေရှုအကြောင်းမည်ကဲ့သို့ဟောသနည်း (၁း၇)။

၃။ ယောဟန်သည် လူတို့အား ဗတ္တိဇံကိုမပေးမီ မည်သို့မေးခဲ့သနည်း (၁း၄)။

၄။ ''နောင်တ'' ဆိုသည်မှာ မည်သို့သောအရာကို ဆိုလိုသနည်း။

၅။ ''ဗတ္တိဇံ'' ဆိုသည်မှာ မည်သို့သောအရာကို ဆိုလိုသနည်း။

ယေရှု၏သာသနာ့လုပ်ငန်းအတွက် ကျွန်ုပ်တို့မည်သည့်နည်းဖြင့် လမ်းတော်ကို ပြင်ဆင်နိုင်မည်နည်း။

## ယောဟန်က ယေရှုကိုဗတ္တိဇံပေးခြင်း

**John Baptizes Jesus**

ယေရှုသည် ဂါလိလဲပြည်မှ ယော်ဒန်မြစ်ကမ်းသို့ ကြွလာတော်မူလျက် ယောဟန်သည် သူ့အား ဗတ္တိဇံကိုပေးသည် (၁း၉။ မဿဲ၊ ၃း၁၃။ ယော၊ ၁း၃၂–၃၄)။ ယေရှု၌အပြစ်မရှိသဖြင့် နောင်တရရန်မရှိပါ (ဟေဗြဲ၊ ၄း၁၅)။ ဗတ္တိဇံခံခြင်းသည် မှန်ကန်သောအရာ ၊ လုပ်သင့်သောအရာဖြစ်သောကြောင့် ယောဟန်သည် ယေရှုအား ဗတ္တိဇံကိုပေးသည် (မဿဲ၊ ၃း၁၅)။ ဤသို့သောလုပ်ရပ်သည် ဘုရားသခင်၏ အစီအစဉ်တော်ဖြစ်ပြီး အခြားသောလူတို့အားပြသရန် မှန်ကန်သောလုပ်ရပ်လည်း ဖြစ်သည်။ ယောဟန်သည်ယေရှု၏ အမှုတော်လုပ်ငန်းအတွက် လမ်းတော်ကို ပြင်ဆင်ဖို့ရန် လာခဲ့ခြင်းဖြစ်သည်။ ဤအရာသည် ယောဟန်နှင့်ယေရှု တို့အတွက် ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည်။

ရေထဲမှ ယေရှုပေါ်ထသောအခါ ယောဟန်သည် ကြီးမားသည့်အံ့ဖွယ် အမှုသုံးခုကို မြင်တွေ့ကြားသိ ခဲ့သည်။

၁။ ကောင်းကင် ဖွင့်လှစ်သည်။

၂။ ယေရှုအပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော်နားတော်မူသည်။

၃။ ဘုရားသခင်က ကောင်းကင်မှနေ၍ ''ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း'' ဟုမိန့်မြွက်တော်မူသည်။

အစအဦး၌ ဘုရားဖြစ်ခဲ့ပြီး နောက်ဆုံးသောကာလတိုင်အောင် ဘုရား ဖြစ်နေမည့် ယေရှုသည် ဤလောက၌ရှိနေတော်မူစဉ် အတောအတွင်းဘုရား မဖြစ်လာခဲ့ဘူးဟု ခရစ်ယာန်များ(အချို့)က ယုံကြည်ထားကြသည်။

ခရစ်ယာန်များက ဘုရားတစ်ဆူတည်းတွင် ခမည်းတော် ၊ သားတော် ၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်သုံးပါးရှိသည်ဟု ယုံကြည်ကြသည်။



ယောဟန်က ''သန့်ရှင်းသောဝိညာဉ်တော်သည် ကောင်းကင်မှဆင်းသက်သည်ကို ငါမြင်၏'' ဟုပြောပါသည်။ သူ(သန့်ရှင်းသောဝိညာဉ်တော်)သည် သူ(ယေရှု) အပေါ်သို့ ချိုးငှက်ကဲ့သို့ ဆင်းသက်တော်မူသည်။ သူ့အပေါ်၌ နားတော်မူသည်။ ငါကိုယ်တိုင်သူ (ယေရှု) သည် မည်သူဖြစ်ကြောင်း မသိခဲ့ပါ။ သို့သော် ငါ့အား လူတို့ကိုရေ၌ ဗတ္တိဇံပေးဖို့ မိန့်တော်မူသောသူ (ခမည်းတော်)က ငါ့ကိုမိန့်တော်မူသည်ကား ''သန့်ရှင်းသော ဝိညာဉ်တော်သည် ကောင်းကင်မှလူသား အပေါ်သို့ ဆင်းသက်တော်မူလိမ့်မည်။ လူတို့အား သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံပေးလိမ့်မည်'' ဟူ၍ဖြစ်သည်။ ''သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အပေါ်၌ နားတော်မူသည်ကိုငါမြင်ခဲ့ပြီ'' ဟု ငါသည် သင်တို့အား ပြောခဲ့ပြီမဟုတ်လော။ ဤလူသည် ဘုရားသခင်၏သားတော် ဖြစ်သည် (ယော၊ ၁း၃၂-၃၄ TJB)။

ယောဟန်ပေးခဲ့သည့်ဗတ္တိဇံနှင့်ယေရှုပေးခဲ့သည့် ဗတ္တိဇံတို့၏ခြားနားချက်ကား

* ယောဟန်က နောင်တရခြင်းနှင့်အပြစ်ခွင့်လွှတ်ခြင်း၏အမှတ်လက္ခဏာအဖြစ် ရေ၌ဗတ္တိဇံပေးသည် (၁း၄)။
* ယေရှုက ယောဟန်ပြုသကဲ့သို့ပင် နောင်တရားနှင့် အပြစ်လွှတ်ခြင်း တရားအတွက် ရေ၌ဗတ္တိဇံပေးပြီး ယုံကြည်သူအားလုံးတို့အား သန့်ရှင်းသောဝိညာဉ် တော်၏ တန်ခိုးတော်၌ ဗတ္တိဇံကို ကတိပေးတော်မူ၏ (၁း၈။ လု၊ ၂၄း၄၉)။

ယောဟန်က ယေရှုကို ဗတ္တိဇံပေးခဲ့စဉ်တွင် (၁း၉) ၊ ယေရှုအတွက်

အပြစ်များဝန်ခံတောင်းပန်စရာ မလိုအပ်ခြင်း အကြောင်းမှာ –

* သူ၌ အပြစ်တစ်စုံတစ်ရာမျှမရှိသောကြောင့် (ဟေဗြဲ၊ ၄း၁၅)။
* သူသည် အတိတ်နှင့်ပစ္စုပ္ပန်ကာလနှစ်ခုစလုံးတွင် ဘုရားသခင်၏ သားတော်ဖြစ်သောကြောင့် (၁း၁)။
* သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောကြောင့် (၁း၁၀–၁၁) ဖြစ်သည်။

ဤအချက်များသည် ခရစ်ယာန်ယုံကြည်ခြင်း၌ အခြေခံကျသော သမ္မာတရားများဖြစ်သည်။

ထိုခဏချင်းတွင် ဘုရားသခင်၏ဝိညာဉ်တော်သည် ယေရှုအား စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံစေဖို့တောသို့ ကြွသွားစေတော်မူခဲ့သည် (မဿဲ၊ ၄း၃–၉) ကိုကြည့်ပါ။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ယောဟန်ကယေရှုသည် မည်သူဖြစ်ကြောင်း မည်ကဲ့သို့သိသနည်း (ယော၊ ၁း၃၂–၃၄)။

၂။ ယေရှုက ယောဟန်အား သူ့ကိုမြစ်ထဲ၌ ဗတ္တိဇံကိုပေးရန်မည်သည့်အတွက်ကြောင့် တောင်းဆိုခဲ့သနည်း (မဿဲ၊ ၃း၁၅)။

၃။ ခမည်းတော်ဘုရားသခင်က ယေရှုအကြောင်းကို မည်သို့မိန့်တော်မူခဲ့သနည်း (၁း၁၁)။

၄။ စာတန်သည် ဘုရားသခင်၏အစီအစဉ်တော်ကို ဖျက်ဆီးရန်မည်ကဲ့သို့ ကြိုးစားခဲ့သနည်း (မဿဲ၊ ၂း၁၆။ ၄း၁–၁၁)။

၅။ ရှင်မာကုအခန်းငယ် ၁ း ၈–၁၂ ၌ဖော်ပြထားသော ခရစ်ယာန်ယုံကြည်ခံယူချက်အကြောင်းကို သင့်စကားဖြင့် ပြောပြပါ။

၆။ ရှင်မာကုအခန်းငယ် – ၁၃ ၌ပါရှိသော စာတန်နှင့်ကောင်းကင်တမန်များအကြောင်းမှ မည်သို့သော သမ္မာတရားများကို သင်ယူရရှိသနည်း။

## မာကု ၁း၁၄–၂၀ (မာသဲ ၄း၁–၂၂၊ လုကာ ၄း၁၄၊ ၁၅ နှင့် ၅း၂–၁၁)

## ယေရှုခရစ်တော်အကြောင်းသတင်းကောင်း

### The Good News About Jesus Christ

ဗတ္တိဇံဆရာယောဟန်က လူများကို နောင်တရကြရန်နှင့်မေရှိယ (ခရစ်တော်) ယေရှုကို ယုံကြည်ကြ ရန် ခေါ်ဖိတ်ခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်များအတွက် နောင်တရ၍ ထိုအပြစ်များမှ လှည့်ပြန်ကြသည်။ ယောဟန်က ဘုရင်ဟေရုဒ်အား

သူ့ညီတော်၏ မယားကိုသိမ်းပိုက်ခြင်း အမှုသည်အပြစ်ကြီးသော အမှုဖြစ်သည်ဟု ဆိုသောကြောင့် ဟေရုဒ်မင်းသည် ယောဟန်ကို ထောင်ထဲမှာချုပ်နှောင်ခဲ့သည်။ သို့သော် ဟေရုဒ်မင်းသည် နောင်တ ရခြင်းမရှိဘဲ နောက်ပိုင်းမှာ ယောဟန်ကို သတ်ခဲ့သည် (၆း၁၄–၂၉)။

သို့သော်စာတန်သည် ဘုရားသခင်အပေါ် အခွင့်ကောင်းယူခြင်းမရှိဘဲ ကျွန်ုပ်တို့၌ မည်သို့မျှ မဖြစ်စေခဲ့ပါ(ဘာမှမဖြစ်စေခဲ့)။ ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူ၍ တန်ခိုးတော်အလုံးစုံကို ပိုင်တော်မူသည်။ ဖြစ်ပျက်သမျှ အရာရာတိုင်းကို ထိန်းချုပ်တော်မူသည် (ဟေရှာ၊ ၄၆း၉–၁၀)။

ယုဒလူမျိုးများသည် နှစ်ပေါင်းရာနှင့်ချီ၍ မေရိယကယ်တင်ရှင်တစ်ပါးကို ရှာဖွေခဲ့ကြသည်။ သူတို့၏ ရန်သူရောမလူမျိုးများ၏ တန်ခိုးအာဏာစက်အောက်မှ သူတို့ကို ကယ်တင်မည့်ခေါင်းဆောင်တစ်ဦးကို အလိုရှိခဲ့ကြသည်။ သို့သော် ဘုရားသခင်က သူတို့သည် မကောင်းသောလမ်းမှ လွှဲရှောင်၍ သူထံသို့လှည့်ပြန်ကြရန် ပထမဦးစွာအလိုတော်ရှိသည်။ ဘုရားသခင်၏ သူတော်စင် (ဘုရားသခင် ၏လူ)များက ယုဒလူမျိုးများ၏ အဓမ္မလမ်းနှင့်အခြားသော လူမျိုးများ၏ အဓမ္မလမ်းမှ ကယ်တင်ရန်ကြိုးစားရာ၌ အသတ်ခံခဲ့ကြောင်း ဓမ္မဟောင်းကျမ်းများက ပြောပြသည်။ ယုဒလူမျိုးပရောဖက်များက သူတို့ကို ကယ်တင်မည့်သူတစ်ယောက် လာလိမ့်မည်ဟု ကြိုတင်ဟောထားကြသည်။ ဤပုဂ္ဂိုလ် (သို့မဟုတ်) ကယ်တင်ရှင် (မေရိယ) က ယုဒလူမျိုးများ ၊ ယုဒလူမျိုး မဟုတ်သော တစ်ပါးအမျိုးသားများနှင့် လူသားအားလုံးတို့ကို ကယ်တင်ရန် ကြွလာလိမ့်မည်။ အာဒံက ပထမဆုံးပြစ်မှားခဲ့သည့်အချိန်မှာ ဆုံးရှုံးခဲ့သော အရာ များအားလုံးကို ဤပုဂ္ဂိုလ်က ပြန်ရစေလိမ့်မည်။ ထိုအရာများကို သူ၏အသွေးတော်အားဖြင့် ရွေးဝယ်လိမ့်မည်။ ထိုပုဂ္ဂိုလ်သည် ယေရှုပင်ဖြစ်သည်။ ယေရှုက သူတို့အား ဘုရားသခင်၏ နိုင်ငံတော်တည် လုနီးပြီဟု မိန့်တော်မူခဲ့သည်။ သူတို့ကိုကယ်တင်ပြီး အုပ်စိုးသည့် အချိန်မှာ ထိုကောင်းကင်နိုင်ငံတော်သည် သူတို့၏နှလုံးသားထဲ၌ နေရာကျလိမ့်မည်။

ရှင်မာကု ၁း၁၄၊ ၁၅ တို့သည် သော့ချက်အခန်းငယ်များဖြစ်ကြသည်။ ဤအခန်းငယ်များက ယေရှု သာသနာလုပ်ငန်းအတွက် အကြောင်းရင်းကို ဖော်ပြပေးသည်။ သူကဘုရားသခင်၏ သတင်းကောင်းကို ဟောပြောပြီး ''လူများကို'' အပြစ်ဒုစရိုက်မှ ပြန်လည်ပြီး ဘုရားသခင်ကို ယုံကြည်ကြလော့'' ဟုမိန့်တော်မူခဲ့ သည်။

ဤအကြောင်းကိုနှီးနှောဆွေးနွေးပါ။

၁။ ယေရှုက လူတို့ကိုမည်သို့သွန်သင်ခဲ့သနည်း(၁း၁၄၊ ၁၅)။

၂။ လူတို့သည် မည်သည့်အတွက်ကြောင့် နောင်တရမည်နည်း (၁း၁၅)။ နောက်တကြိမ် ''နောင်တ'' ဟူသောအရာသည် မည်သို့ဆိုလိုသနည်း။

# ယေရှုကအလုပ်လုပ်နေသည့်လူများကိုသူ့နောက်လိုက်ရန်ဖိတ်ခေါ်ခြင်း

## Jesus Calls Working Men To Follow Him

ယေရှုသည် ဂါလိလဲအိုင်နားမှာ ကြွတော်မူစဉ် အိုင်ထဲတွင် ပိုက်ကွန် ချနေသော ညီအစ်ကိုနှစ်ယောက်ရှိမုန်နှင့် အန္ဒြေကိုတွေ့သည် (၁း၁၆) ။ ယေရှုကသူတို့ကို ငါ့နောက်သို့လိုက်ကြလော့ဟု မိန့်တော်မူ၏။

### ယေရှုအား ရှင်မာကုပေးခဲ့သောအမည်နာမများ

- ယေရှုခရစ်တော် (၁း၁)–လူသား (၂း၂၈ နှင့် ၈း၃၁)
- ဘုရားသခင်၏သားတော် (၁း၁ နှင့် ၃း၁၁)–ဥပုသ်နေ့ကို အစိုးရသောသခင် (၂း၂၈)
- နာဇရက်မြို့သားယေရှု (၁း၂၄)
- အမြင့်ဆုံးသောဘုရားသခင်၏သားတော် (၅း၇)
- ဘုရားသခင်၏သန့်ရှင်းတော်မူသောသူ (၁း၂၄)–လက်သမား၏သား (၆း၃)
- သခင် (၁း၃ ၊ ၇း၂၈)–မရိ၏သား (၆း၃)
- ခရစ်တော် (မေရှိယ) (၈း၂၉)

သူက သူတို့အား ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို သွန်သင်ပေးရန် အလိုတော်ရှိသည်။ ယေရှုက သူ့နောက်ကိုလိုက်ရန်သာမန်အလုပ်သမားများကိုခေါ်ခဲ့ကြောင်း သတိပြုပါ။

သူတို့သည် ငါးဖမ်းခြင်းအလုပ်ကို ချက်ချင်းရပ်ပြီး ယေရှုနောက်တော်ကိုလိုက်ကြသည်။ ယေရှု၏ ဖိတ်ခေါ်ခြင်းကို ချက်ချင်းလက်ခံပြီး ယုံကြည်ခြင်းဖြင့် သူ၏နောက်တော်ကိုလိုက်ရန် အရေးကြီးလှသည်။ သူက ဤကတိတော်ကို တံငါသည်တို့အား ပေးတော်မူ၏ ''ငါးကိုမျှားသောတံငါမဟုတ်ဘဲ လူကိုမျှားသော တံငါဖြစ်စေမည်'' (၁း၁၇)။ သူတို့၏အပြစ်မှ လူများကိုကယ်တင်မည့် ယေရှုကို သူတို့ကူညီရမည်ဖြစ်သည်။

အန္ဒြေသည် ယောဟန်၏တပည့်များထဲမှ တစ်ယောက်အပါအဝင်ဖြစ်သည်။ သူသည် ယောဟန်ကိုထားခဲ့ကာ ယေရှုနောက်တော်ကို လိုက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အန္ဒြေသည် သူ့အစ်ကိုရှိမုန်ထံပြန်သွားပြီး သူ့အား ''ငါတို့သည် မေရှိယကိုတွေ့ကြပြီ'' ဟုပြောသည် (ယော၊ ၁း၄၀၊၄၁)။

ရှိမုန်က ယေရှုခရစ်တော်သည် မေရှိယဖြစ်သည်ဟု ယုံကြည်ပြီး ယေရှု၏ အရင်းနှီးဆုံးတပည့်တော် များထဲမှ တစ်ဦးဖြစ်လာခဲ့သည်။ နောက်ပိုင်းမှာ ယေရှုက ရှိမုန်အား ''သင့်နာမည်ကေဖဖြစ်လိမ့်မည်'' ဟုမိန့် တော်မူခဲ့သည်။ ထိုနာမည်က ဂရိဘာသာစကားအားဖြင့်''ပေတရု'' နှင့်အတူတူဖြစ်ပြီး အဓိပ္ပာယ်မှာ ''ကျောက်''ဟု

ဆိုလိုသည်(ယော၊ ၄း၄၁)။ ဤသူမှာ ယေရှုအကြောင်းအလုံးစုံကို ရှင်မာကုအားပြောပြခဲ့သော ပေတရုပင် ဖြစ်သည်။

ယေရှုသည် သူ၏နောက်တော်ကိုလိုက်ရန် ဖိလိပ္ပုကိုလည်းခေါ်ခဲ့သည်။ ဖိလိပ္ပုက နာသနေလကို ယေရှုနှင့်တွေ့နိုင်းပြီး သူသည်လည်း တပည့်တော်တစ်ဦးဖြစ်လာသည်(ယော၊ ၁း၄၃–၄၉)။ နာသနေလက ''အရှင်ဘုရား ၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။ ဣသရေလလူတို့၏ ရှင်ဘုရင်လည်း ဖြစ်တော်မူ၏'' ဟုလျှောက်သည် (ယော၊ ၁း၄၉)။ သူသည် ဗတ္တိဇံဆရာယောဟန် နောက်ပိုင်း ယေရှုအကြောင်း သမ္မာတရားကို ပထမဦးဆုံးသိသောသူ ဖြစ်ကောင်းဖြစ်နိုင်သည်။ ယေရှုက ဘုရားသခင်၏ကောင်းကင်တမန်များအကြောင်း ပြောကြားခြင်းအားဖြင့် သူသည်မည်သူမည်ဝါဖြစ်ကြောင်းကို ဤနောက်မှတင်ပြ ခဲ့သည် (ယော၊ ၁း၅၁)။ ဘုရားသခင်၏သားတော်တစ်ပါးတည်းသည်သာလျှင် ဘုရားသခင်၏ ကောင်းကင်တမန်များနှင့် ပုဂ္ဂိုလ်ရေးအရ သိကျွမ်းပေလိမ့်မည်။



ယေရှုနောက်တော်ကိုလိုက်ရန် အရာအားလုံးကို စွန့်လွှတ်ထားသူ တပည့် တော် (၁၂)ပါးရှိသည်။ ယခုတွင် ယေရှုသည် တပည့်တော်များကိုသွန်သင်ရန် လူတို့ကို ဘုရားသခင်၏နိုင်ငံတော်အကြောင်း ပြောပြရန်နှင့် အပြစ်သားများအတွက် ဘုရားသခင်၏ အကြံအစည်တော်များကို ဟောပြောရန် အဆင့်သင့်ရှိပြီဖြစ်သည်။

## 📖 ရှင်မာကု ၊ ၁း၂၁–၂၈ လု၊ ၄း၃၁–၃၇
## ယေရှုက တရားဟောခြင်းနှင့်အနာငြိမ်းခြင်းကိုစတင်ခြင်း
## Jesus Begins To Preach and To Heal

ကပေရနောင်မြို့တွင် ယေရှုသည် တရားစရပ် (ယုဒဘာသာဝင်များစည်းဝေးရာအိမ်)သို့ဝင်၍ လူတို့အား ဆုံးမဩဝါဒကိုပေးတော်မူသည်။ သူတို့သည် သူ၏ဆုံးမဩဝါဒပေးတော်မူခြင်းကို အလွန်အံ့ဩ ကြ၏။ အကြောင်းမူကား ကျမ်းပြုဆရာတို့နည်းတူမဟုတ် ၊ အစိုးရသော သူတို့နည်းတူဆုံးမဩဝါဒ ပေးတော်မူသည် (၁း၂၂)။ သူ၏နှုတ်တော်ထွက်စကားများ တန်ခိုးရှိသည်။ သူတို့သည် ကောင်းကြီးမင်္ဂလာများနှင့်ပျော်ရွှင်နိုင်မည့် အကြောင်း ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီဟု မိန့်တော်မူ၏။

စာတန်သည် ဘုရားသခင်၏နူတ်ကပတ်တော်ကို မဖျက်ဆီးနိုင်သော်လည်း ယေရှု၏ဩဝါဒပေးခြင်း နှင့်သွန်သင်ခြင်းတို့ကို ခဲယဉ်းအောင်လုပ်နိုင်သည်။ ယေရှု၏ နူတ်တော်ထွက်စကားများသည် သူတို့အထဲ၌ တန်ခိုးနှင့်ပြည့်သဖြင့် ''ဩော်၊ နာဇရက် မြို့သားယေရှု ၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အဘယ်သို့ ဆိုင်သနည်း၊ အကျွန်ုပ် တို့ကိုဖျက်ဆီးခြင်းငှာလာသလော။ ကိုယ်တော်သည် အဘယ်သူဖြစ် သည်ကိုအကျွန်ုပ်သိ ပါ၏၊ ဘုရားသခင်၏သန့်ရှင်းတော်မူသော သူဖြစ်ပါသည်'' ဟု လူသည် ဟစ်ကြော်လေ၏ (၁း၂၄)။

သူ့အထဲ၌ နတ်ဆိုးတစ်ပါးရှိသည်ဖြစ်၍ သူသည် ကြောက်ရွံ့ခြင်းဖြင့် ဤသို့ ပြောဆိုခြင်းဖြစ်သည်။ ယေရှုက အော်ဟစ်နေသော သူသည် ဤလူမဟုတ် သူ၏ အထဲရှိသော နတ်ဆိုးဖြစ်သည်ကို သိတော်မူသဖြင့် ''တိတ်ဆိတ်စွာနေလော့ ၊ ထိုသူ၏ အထဲက ထွက်သွားလော့ဟုဆုံးမတော်မူလျှင် ညစ်ညူးသောနတ်သည် ထိုသူကို တောင့် မာစေပြီးမှ ကြီးသောအသံနှင့်အော်ဟစ်၍ထွက်သွား၏။ လူအပေါင်းတို့သည် မိန်းမော တွေဝေ၍ ဤအမှုသည် အဘယ်သို့နည်း။ ဤဆုံးမခြင်း အသစ်သည် အဘယ်သို့နည်း။ ညစ်ညူးသောနတ်ဆိုးတို့ကိုပင် အာဏာနှင့်မှာထား၍ သူတို့သည် နားထောင်ကြသည် တကားဟု အချင်းချင်းမေးမြန်းပြောဆို ကြ၏ (၁း၂၇)။ သူတို့သည် (နတ်ဆိုးတို့သည်) ယေရှုကို မည်သူဖြစ်ကြောင်းသိနေသောကြောင့် ယေရှုက နတ်ဆိုးများအားစကားပြောခွင့် မရှိသည်ကို သတိပြုပါ (၁း၂၅၊၃၄)။ ယေရှုသည် နတ်ဆိုးများ၏ အကြီးအကဲဖြစ်သော စာတန်အားသူသည် မည်သူဖြစ်ကြောင်းဖော်ပြခြင်းကို ခွင့်မပြုပါ။ ညစ်ညူးသော နတ်သည် အမိန့်တော်ကို နာခံသည့်အချိန်နှင့်လူတိုင်းက ယေရှု၏သွန်သင်တော်မူခြင်းကို မကြားသိမီ အချိန်သည် မကြာသေးသော ကာလက ဖြစ်သည်(၁း၂၇း၂၈)။ ယေရှုသည် ပြုတော်မူသော အံ့ဩဖွယ်နိမိတ်လက္ခဏာများနှင့် ဘုရားသခင်၏ သမ္မာတရားကို အမိန့် အာဏာနှင့်သွန်သင်ခဲ့ခြင်းတို့ကြောင့် သူသည်မည်သူဖြစ်ကြောင်းကို လူအများက ယုံကြည်ခဲ့ကြသည်။

## ယုဒလူမျိုးတို့၏တရားစရပ်
## The Jewish Synagogue

ယုဒလူမျိုးများ၏တရားစရပ်၌ –

(က) သူတို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ပြီး ဆုတောင်းကြသည်။

(ခ) သူတို့သည် ဟေဗြဲဘာသာဖြင့်ရေးသားသော ကျွန်ုပ်တို့၏ဓမ္မဟောင်း ကျမ်းစာကို နေ့တိုင်းဖတ်ရှု၍ သွန်သင်ကြသည်။

(ဂ) သူတို့သည် ယောကျာ်းလေးများအတွက် ကျောင်းတစ်ကျောင်းအဖြစ် အသုံး ပြုသည်။

(ဃ) သူတို့သည် ကျမ်းပြုဆရာများနှင့်ဖာရိရှဲများဟုခေါ်သော ဘာသာရေး ခေါင်းဆောင်များနှင့်တွေ့ဆုံ လေ့ရှိသည်။
(င) သူတို့သည် မောရှေထံ ဘုရားသခင်ပေးတော်မူသော ပညတ်တော် (တိုရာ) ကိုသင်ကြားခံယူကြသည်။
(စ) သူတို့သည် ပညာရှိသူနှင့်စာတတ်သူတို့၏သင်းဝင်သူ လူထုပရိသတ်များ ထံမှ သင်ကြားခြင်းကို နားထောင်ကြသည်။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ယေရှုသည် သူ၏တပည့်တော်များအတွက် မည်သို့သော အတန်းအစား ထံမှ လူများကိုရွေးချယ်ခဲ့သနည်း။

၂။ ယေရှုက ''လူကိုမျှားသော တံငါသည်ဖြစ်စေမည်'' ဟုဆိုရာတွင် မည်သို့ ဆိုလိုသနည်း။

၃။ ယေရှု၏ တပည့်တော်တစ်ယောက်ဖြစ်လာခြင်းသည် မည်သို့ဆိုလိုသနည်း (၁း၁၇–၂၀)။

၄။ ယေရှု၏သွန်သင်ခြင်း၌ မည်သည့်အရာက လူတို့ကိုအံ့အားသင့်ဖြစ်စေ သနည်း (၁း၂၂)။

၅။ နတ်ဆိုးသည် ယေရှုကိုတွေ့သောအခါ မည်သို့ဖြစ်သနည်း(၁း၂၃–၂၈)။

## ရှင်မာကု ၊ ၁း၂၉–၄၅ (လု၊ ၄း၃၈–၄၄ )
## ပေတရုက ယေရှုကိုအိမ်သို့ဖိတ်ခေါ်ခြင်း
## Peter Invites Jesus Home

ကပေရနောင်မြို့သည် ဂါလိလဲအိုင်၏ မြောက်ဘက်ခြမ်းတွင်ရှိသော မြို့တစ်မြို့ ဖြစ်သည်။ ယေရှုသည် ထိုနေရာ၌ရှိသော ရှိမုန်ပေတရုအိမ်၌ တည်းခို ခဲ့သည်။ ရှိမုန်၏ ယောက္ခမသည် ဖျားနာသောကြောင့်ကိုယ်တော် သည် သူမထံသို့သွား၍ လက်ကို ကိုင်လျက်ချီကြွတော်မူသည်။ သူမသည် ချက်ချင်းအဖျားပျောက်၍ ဧည့်သည်ဝတ်ကိုပြု လေ၏ (၁း၃၁)။ ယေရှုသည် အံ့ဖွယ်သောအမှုများကိုပြုရန် သူ့အထဲ၌ ဘုရားသခင်၏ တန်ခိုးတော်ရှိသည်။

နေ့အချိန်ကုန်၍ နေဝင်သောအချိန်၌ မြို့ထဲရှိလူရှိသမျှသည် အဘယ်သို့ ဖြစ်ပျက်ခဲ့သည်ကို သိကြ သည်။ လူတို့သည် တံခါးနားမှာ စုဝေးလျက်ရှိကြ၏(၁း၃၃)။ သူတို့သည် မကျန်းမမာသောသူနှင့်နတ်ဆိုးစွဲ သောသူရှိသမျှတို့ကို အထံတော်သို့ ဆောင်ခဲ့ ကြသည်။ ယေရှုက သူတို့အားလုံးကို ကျန်းမာစေတော်မူသည်။ သို့သော် ယေရှု၏ သာသနာလုပ်ငန်းသည် ကျော်ကြား၍လူသိများလာသောကြောင့် ယေရှုအတွက် သွန်သင် ခြင်းအမှုကိုပြုရန် တစ်ခါတစ်ရံခဲယဉ်းမှုများရှိခဲ့သည် (၁း၂၈ ၊ ၃၇ ၊ ၃၈ ၊ ၄၅)။

နောက်တစ်နေ့နံနက်အချိန်တွင် ရှိမုန်ပေတရုသည် အခြားလူတို့ကိုခေါ်ပြီး လျှင် ယေရှုကိုရှာဖွေရန် သွားကြသည်။ ယေရှုသည် နံနက်အချိန်မိုးမလင်းမှီထပြီးလျှင် တောအရပ်သို့ မကြာခဏထွက်ကြွ၍ ဆုတောင်းလေ့ရှိသည်(၁း၃၅)။ သူသည် ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်ကို စကားပြောသည်။ ဆုတောင်းခြင်းက သူ့အားခမည်းတော်ဘုရားသခင်၏အလိုတော်နှင့် တန်ခိုးတော်၌ ရပ်တည်စေ ခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်သောနေရာ၌ ဆုတောင်းရန်သီးသန့် အချိန်ထား ခြင်းသည် အလွန်အရေးကြီးသော အရာတစ်ခုဖြစ်သည်။

ပေတရုသည် ယေရှုကိုတွေ့ပြီး ''လူအပေါင်းတို့သည် ကိုယ်တော်ကိုရှာကြပါသည်'' ဟုလျှောက်ဆို၏။ လူတို့သည် အံ့ဩဖွယ်နိမိတ်လက္ခဏာကို ပိုမိုတွေ့ လိုသည်ဖြစ်၍ ယေရှုအတွက် သူတို့ကို ဟောပြောဖို့ရန် ခက်ခဲနေပါသည်(၁း၃၇)။ ယေရှုက သူတို့အား ''ငါတို့သည် နီးစပ်သောရွာများသို့ သွားကြစို့'' ဟုမိန့်တော်၏။ ယေရှုသည် အခြားတစ်နေရာ၌ တရားဟောခြင်းမှ နေရာတစ်ရာ၌ သူ့ကိုဟန့်တား သောသူ၏ အောင်မြင်ခြင်း ကိုခွင့်မပြုခဲ့ပေ။ သူသည်အခြားတစ်နေရာရာ၌ ဘုရားခင်၏သတင်းကောင်းကို ဟောပြောရန်ချန်ထားခဲ့သည် (၁း၃၈)။''ထိုသို့အလို့ငှာ ကြွလာပြီ'' ဟုမိန့်တော်မူ၏။ ဤသို့ဖြင့် သူတို့သည် ဂါလိလဲပြည်အရပ်ရပ်တရားစရပ် တို့၌ တရားဟောလျက်နတ်ဆိုးတို့ကိုလည်း နှင်ထုတ်လျက်နေတော်မူ၏ (၁း၃၉)။

## ယေရှုက နူနာစွဲသူတစ်ယောက်၏အနာကိုငြိမ်းစေခြင်း
## Jesus Heals a Man Who had Leprosy

ယေရှုသည် ဖျားနာသောသူများ၏ အနာရောဂါကို ဆက်လက်ငြိမ်းစေတော်မူခဲ့သည်။ အနာစွဲသော (ဆိုးရွားသော အရေပြားရောဂါ) သူတစ်ယောက်သည် အထံတော်သို့လာ၍ ဒူးထောက်လျက် ''ယေရှုအား သူ၏အရေပြားရောဂါကို သန့်ရှင်းစေဖို့ တောင်းပန်လေ၏'' (နူနာစွဲသောသူသည် မြို့ထဲ၊ ရွာထဲမှထွက်၍ နေထိုင်ရန်ဖြစ်သည်။) သူက ''အလိုတော်ရှိလျှင် ကျွန်တော်ကိုသန့်ရှင်းစေနိုင် တော်မူသည်ကို အကျွန်ုပ်သိပါ၏'' ဟုတောင်းပန်လေ၏ ယေရှုသည်သနားသော စိတ်ရှိသဖြင့် လက်တော်ကိုဆန့်၍ တို့လျက် ''ငါအလိုရှိ သည်။ သန့်ရှင်းခြင်းသို့ ရောက်စေ'' ဟုမိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသည့် ခဏချင်းတွင် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ ရောက်လေ၏(၁း၂၄)။ ယေရှုကလည်း ''ယဇ်ပုရောဟိတ်ထံသို့ သွား၍ ကိုယ်ကိုပြောလော့ – – – '' ဟုမိန့်တော်မူ၏။ ဤသူအနေဖြင့် သူသည် ကျန်းမာခြင်းသို့ရောက်ကြောင်း သက်သေထူနိုင်ရန် ဤကဲ့သို့လုပ်ဆောင်ရပါမည်။ ထို့နောက်သူ၏မိသားစုထံသို့ သွားနိုင်သည်။ သူတစ်ယောက်တည်းမနေတော့ ဘဲ ၊ ''မစင်ကြယ် ၊ မစင်ကြယ်'' ဟု ဟစ်ကြော်ရမည်။

ယေရှုသည် အနာရောဂါပျောက်သောသူအား အခြားသောသူများကို မပြောပြရန် တားမြစ်ဖို့ ကြိုးစား ခဲ့သည် (၁း၄၄)။ သို့သော် ထိုသူက တွေ့သမျှ လူတို့ကိုပြော၏။ မကြာသေးမီက ယေရှုအတွက် တစ်နေရာမှတစ်နေရာသို့သွားရန် လူစုလူဝေးများ သောကြောင့် ခက်ခဲပါသည် (၁း၄၅)။ သူတို့သည် ယေရှုကို တောကန္တာရ အထိ တိုင်အောင်လိုက်ကြသည်။

ဤအကြောင်းကိုနှီးနှောဆွေးနွေးပါ။

၁။ ယေရှုသည် နူနာစွဲသောသူတစ်ယောက်၏ အနာကို ပျောက်ကင်းစေသော အခါ "မည်သူအားမျှ မပြောနှင့်" ဟုအဘယ့်ကြောင့်ပြောသနည်း။

၂။ အဘယ်ကြောင့် ကျန်းမာသောသူသည် ယဇ်ပုရောဟိတ်ထံ ကိုယ်ကိုပြသ ရမည်နည်း (ဝတ်ပြုရာ ကျမ်း၊ ၁၄း၂)။

၃။ အဘယ်ကြောင့်ယေရှုသည် နံနက်စောစော ဆုတောင်းသနည်း(၁း၃၅)။

၄။ မည်သည့်နေရာ၌ ယေရှုတရားဟောသနည်း (၁း၃၈၊ ၃၉)။

ယေရှု၏အမှုတော်လုပ်ငန်းအပိုင်း (၄)ပိုင်းသည် မည်သို့နည်း(၁း၁၄၊ ၂၁၊ ၂၅၊ ၃၁)။

- ယေရှု၏အမှုတော်လုပ်ငန်း အကျိုးသက်ရောက်မှုကားမည်သို့နည်း (၁း၁၇၊ ၂၂၊ ၂၈၊ ၃၂)။
- သင်သည် ဘုရားသခင်အား အမှုတော်လုပ်ငန်း (သို့မဟုတ်) ရှုပါရုံကိုပေးဖို့ တောင်းဖူးပါသလား။

## ရှင်မာကု၊ ၂း၁–၁၂ (လု၊ ၅း၁၈–၂၆)။

## ယေရှုက ခြေဆွံ့သောသူတစ်ယောက်ကိုကျန်းမာစေခြင်း


## Jesus Heals A Man Who Could Not Walk

ယေရှုသည် ရှိမုန်ပေတရုအိမ်သို့ ပြန်သွား၍ အိမ်၌ရှိတော်မူသည်ကို လူအမြောက် အများကကြားကြလျှင် အခန်းလွတ်တစ်ခုမျှ မရှိသည့်တိုင်အောင် အိမ်၌ပြည့်ကြ၏ (၂း၂)။ ယေရှုသည် ဘုရားသခင်၏ သမ္မာတရားကို သူတို့အား ဟောပြောတော်မူသည်။ အဘယ် ကြောင့်ဆိုသော် ကိုယ်တော်ကိုယ်တိုင်သည် ဘုရား သခင်၏နှုတ်ကပတ်တော်ဖြစ်သော ကြောင့်ဖြစ်သည်။ သူသည်ခန္ဓာကိုယ် သဏ္ဌာန် အားဖြင့် ဘုရားသခင်၏ သမ္မာတရား ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ် တော်သည် ယေရှုအထဲ၌ရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြသသည့် သတင်းကောင်း (ဧဝံဂေလိ) ဖြစ်သည်။

ဣသရေလပြည်ရှိ အိမ်များသည် များသောအားဖြင့် ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်လျက်ရှိပြီး မျက်နှာပြင်ညီသောအမိုးများကို မြေကြီး (သို့မဟုတ်) ရွှံ့ခြောက် များဖြင့် မိုးထားသည်။ ထိုအမိုးပေါ်၌ လမ်း လျှောက်၍ရသည်။ အချို့သောအဆောက်

အဦးများမှာ သစ်သား (သို့မဟုတ်) သစ်ကိုင်းသစ်ခက်များ (သို့မဟုတ်) အုတ်ကြွပ်စသည်ဖြင့် ရိုးရှင်းသောအမိုးများဖြင့် ဆောက်လုပ်ကြသည်။

လူလေးယောက်တို့သည် သူတို့၏ သူငယ်ချင်းတစ်ယောက် ၊ ခြေဆွံ့သောသူကို ယေရှုတရားဟော နေသည့် အိမ်သို့သယ်ဆောင်လာကြသည်။ အိမ်ထဲသို့ ဝင်၍မရသဖြင့် ခေါင်မိုးပေါ်သို့တက်ပြီးလျှင် အမိုး တစ်ချို့ကို ဖယ်ရှားကြသည်။ ပြီးနောက် သူတို့သည် ဖျားနာနေသော သူငယ်ချင်းကို ကုတင်နှင့်တကွ ယေရှု၏ ခြေတော်ရင်းသို့ လျှော့ချကြသည်။ ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းသည် လူတို့အား ရဲရင့်သော အရာများ ကိုလုပ်ဖို့ အမြဲတမ်းလမ်းပြဦးဆောင်သည်။ ယုံကြည် ခြင်းရှိသော လူများသည် ကြီးမားသော အရာများကို လုပ်ဆောင်ကြသည်။ အဘယ် ကြောင့်ဆိုသော် သူတို့သည် ကြီးမားသော ဘုရားသခင်ကို ကိုးစားထားသောကြောင့် ဖြစ်သည်။ ယေရှုသည်ထိုသူတို့၏ ယုံကြည်ခြင်းကိုမြင်လျှင် ၊ ခြေဆွံ့သောသူအား ''သင်၏အပြစ်ကို လွှတ်စေပြီ'' ဟု မိန့်တော်မူ၏ (၂း၅)။




အချို့သော ဖာရိရှဲတို့နှင့်မောရှေ၏ ပညတ်တော်ကို သွန်သင်ပေးသောဆရာများ တို့သည် ယေရှုမိန့်တော်မူသောအရာကိုကြား ကြ၍ ယုံကြည်ကြ၏။ သို့သော် များစွာသော သူတို့သည် အပြစ်တင်လျက် ''ဤသူသည် ဘုရားကို လွန်ကျူး၍ အဘယ်ကြောင့် ဤသို့ပြောရသနည်း။ ဘုရားသခင်မှ တစ်ပါး အဘယ်သူ သည်အပြစ်ကို လွှတ်နိုင်သနည်း'' ဟုဆိုကြ၏ (၂း၇)။ သူသည် ဘုရား သခင်ကိုကဲ့ရဲ့သည်။ ကဲ့ရဲ့ခြင်း ဟူသော အဓိပ္ပာယ်မှာ ''ဘုရားသခင်ကို ဆန့်ကျင် ၍ပြောဆိုခြင်း'' ဖြစ်သည် (ဆာ၊ ၇၄း၁၈။ ဟေရှာ၊ ၅၂း၅။ ရော၊ ၂း၂၄)။ ဓမ္မဟောင်းအချိန်ကာလ၌ ''ယုဒလူမျိုးတို့ကို အုပ်စိုးသော သူတို့သည် ဘုရားသခင် ကိုကဲ့ရဲ့သောသူအား ကျောက်ခဲနှင့် ပစ်သတ် ကြ၏'' (ဝတ်ပြုရာ ၊ ၂၄း၁၁-၂၄)။ သို့သော်လည်း သူတို့သည် ယေရှု အကြောင်း ၊ ဘုရားသခင်၏ သမ္မာတရားကို နားမလည်ခဲ့ကြချေ။

သူတို့စိတ်ထဲမှ ထိုသို့ထင်မှတ်ခြင်းရှိသည်ကို ယေရှုသည် ချက်ချင်းသိတော်မူလျှင်၊ ''အဘယ်စကားကို သာ၍ပြောလွယ်သနည်း။ သင်၏အပြစ်ကို လွှတ်စေပြီ ဟုပြောလွယ်သလား။ သင်ထလော့။ ကိုယ်အိပ်ရာ ကိုဆောင်၍ လှမ်းသွားလော့'' ဟု ပြောလွယ်သလော။ လူသားသည်မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်၍ အနာငြိမ်းနိုင်သည်ကို သိစေခြင်းငှာ ဤအရာကို ပြသခြင်းဖြစ်သည်ဟု မိန့်တော်မူ၏ (၂း၉ ၊ ၁၀)။ ထိုနောက်မှ သူ့ကို ကျန်းမာစေတော်မူ၏။

လူတိုင်းက ထိုသူထ၍ အိမ်သို့ ပြန်သွားသည်ကိုမြင်လျှင် သူတို့သည် ဘုရားသည်ကို ချီးမွမ်းလျက် ''ငါတို့သည် ဤကဲ့သို့တစ်ခါမျှမမြင်စဘူး'' ဟုပြောဆိုကြ၏ (၂း၁၂)။

ရှင်မာကု (၂း၁၀) ၌ ယေရှုသည် သူ့ကိုယ်သူ ''လူသား'' ဟုခေါ်တော်မူ၏။ ဒံယေလနှင့် ယောဟန်တို့ သည်လည်း ဘုရားသခင်၏ တန်ခိုးအာဏာတော်ကို ရရှိသူတည်းဟူသော ယေရှုကို ''လူသား'' ဟုခေါ်ဝေါ် ကြသည် (ဒံယေလ၊ ၇း၁၃၊၁၄။ ဗျာဒိတ်၊ ၁း၁၃-၁၈)။

ဤအခန်းငယ်က ခရစ်ယာန်တို့၏ အခြေခံယုံကြည်ခြင်းတစ်ခုဖြစ်သော ခရစ်တော်အကြောင်းအခြား အရေးကြီးသော သမ္မာတရားကို ကျွန်ုပ်တို့အား သွန်သင်ပေးသည်။

ယေရှုခရစ်တော်သည် အပြစ်လွှတ်ပိုင်သော တန်ခိုးအာဏာတော်ကို ပိုင်သတော်မူ၏ (၂း၁၀)။ နောက်ဆုံးမှာသူက ''ငါသည်ဆိုးသော သူတို့သည် ငါ့နောက်ကိုလိုက်စေခြင်းငှာ ငါလာသတည်း'' ဟုမိန့် တော်မူ၏ (၂း၁၇)။ ဤအရာကား ယနေ့အချိန်အထိတိုင်အောင် ယေရှု၏ အမှုတော်မြတ်လုပ်ငန်းပင် ဖြစ်သတည်း။

## ရှင်မာကု ၊ ၂း၁၃-၁၇ (လု၊ ၅း၂၇-၃၂ )
## ယေရှုအပြစ်သားများနှင့်မိတ်ဖွဲ့ခြင်း
### Jesus Makes Friends With Sinners

နောက်တဖန်ယေရှုသည် အိုင်နားသို့ကြွတော်မူ၍ လူစုလူဝေးအပေါင်း တို့အား ဆုံးမဩဝါဒပေးတော် မူသည်။ သူသည် အရာခပ်သိမ်းကို စွန့်လွှတ်၍ နောက်တော်ကို လိုက်မည့်သူများကို အလိုရှိတော်မူ၏။ ထိုနေ့တွင် ''မဿဲ'' ဟု ခေါ်သော အခွန်ခံလေကို မြင်တော်မူ၏။ အခွန်ခံတို့သည် ရောမအစိုးရအတွက် အမှုထမ်းသောသူများဖြစ်သောကြောင့် လူထုအားလုံးက မနှစ်သက်ကြချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ရိုးသားမှုမရှိကြသောကြောင့်ဖြစ်သည်။ သူတို့သည် ယုဒလူမျိုးများထံမှ အခွန်ငွေကို ကောက်ခံကြခြင်းဖြစ်ပြီး၊ သူတို့အား ကျသင့်ငွေများ စွာကို တောင်းခံကြသည်။ ယုဒလူမျိုးများက သူတို့ကို အပြစ်သားများဟုခေါ်ကြသည်။ လေဝိသည် သူ၏အခွန်ခံအလုပ်ကို စွန့်လွှတ်ကာ ယေရှုနောက်တော် သို့လိုက်လေ၏ (၂း၁၄)။

လေဝိသည် ယေရှုနှင့်တကွ အခြားသော တပည့်တော်များအား စားသောက်ဖို့ သူ၏အိမ်၌ ဖိတ်ခေါ်လေ၏။ ယုဒလူမျိုးများအား ပညတ်တော်ကိုသွန်သင်သော ဖာရိရှဲအချို့တို့သည် ထိုနေရာ၌ ရှိကြသည်ဖြစ်၍ ''ဤသူသည် အခွန်ခံသောသူ ၊ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့် စားသောက်သနည်း'' ဟုမေးမြန်းကြ၏။ ယေရှုက ''ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြပါ။ နာသောသူတို့သာလျှင် အလိုရှိကြ ပါသည်။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှာ ငါလာ

သည်မဟုတ် ၊ အပြစ်သားများသည် ငါ့ နောက်သို့လိုက်စေခြင်းငှာ ငါလာ'' ဟု မိန့်တော်မူခဲ့သည် (၂း၁၇)။ ယေရှုသည် အကူအညီအများဆုံးလိုအပ် သောသူများကို အကူအညီပေးရန် အလိုတော်ရှိသည်။ သူတို့၏ ဝိညာဉ်ကို ကျန်းမာစေလိုသကဲ့သို့ သူတို့၏ ခန္ဓာကိုယ်ကိုလည်း ကျန်းမာစေဖို့ အလိုတော်ရှိသည်။ ဤကဲ့သို့သော လူများကယေရှုကို ကြိုဆိုခဲ့ကြသော် လည်း ဘာသာရေးခေါင်းဆောင်အချို့သည် ယေရှုကို အလိုမရှိခဲ့ကြချေ။ ဤသို့ဖြစ်သောကြောင့် ယေရှုသည် လူထုအား သာသနာပြုရာ၌ မိမိစိတ်နှလုံးကိုပိတ်၍ ခိုင်မာခြင်းရှိသော ဘာသာရေးသမားများထက် သူ့စကားတော်ကို နားထောင်နာခံမည့် သူများကိုသာ၍ ရွေးချယ်ခဲ့သည်။

ဤအကြောင်းကိုနှီးနှောဆွေးနွေးပါ။

၁။ ယေရှုတစ်ပါးတည်းသာလျှင် ဘုရားသခင်ကဲ့သို့အပြစ်များကို ခွင့်လွှတ်နိုင်သောသူ ဖြစ်ပါသလား။

၂။ အဘယ့်ကြောင့် ယေရှုက ''ကျန်းမာသောသူများသည် ဆေးသမားကို အလိုမရှိကြ'' ဟုမိန့်တော်မူသနည်း။

၃။ ယေရှုသည် ဆိုးသောသူများနှင့်အတူ စားသောက်သောအခါ ယုဒလူမျိုး ဘာသာရေးခေါင်းဆောင်များသည် အဘယ်ကြောင့် မပျော်ရွှင်ဘဲနေကြ သနည်း။

၄။ အဘယ်ကြောင့်ဆိုးသော သူများသည် ယေရှုထံသို့လာကြသနည်း။ ကျွန်ုပ်တို့သည် မယုံကြည်သူများ နှင့်မိတ်ဆွေဖွဲ့သင့်ပါသနည်း။

၅။ အခန်းငယ် ၅ ၊ ၈ ၊ ၁၀ နှင့် ၁၇ တို့၌ ယေရှုအကြောင်း မည်သည့်သမ္မာတရားများကို ကျွန်ုပ်တို့လေ့ လာခဲ့ကြသနည်း။

## ရှင်မာကု ၊ ၂း၁၈–၂၂ (လု၊ ၅း၃၃–၃၈ )
## ယေရှုကပို၍ကောင်းသောနည်းလမ်းတစ်ခုဖြင့် အလုပ်လုပ်ခြင်းကိုပြသခြင်း
## Jesus Shows Abetter Way Of Doing Things

ဖာရိရှဲများသည် သူတို့သာလျှင် ဖြောင့်မတ်သော (လူကောင်း) သူများဖြစ်သည် ဟု ထင်မှတ်ခဲ့ကြ သည်။ သူတို့သည် အစာရှောင်ကြသည်။ သူတို့ ထမင်းတစ်နပ် မစားဘဲနေခြင်းကို ဆိုလိုသည်။ ထိုသို့သောအားဖြင့် ဘုရားသခင်၏ ပညတ်တော် အားလုံးကို နာခံလိုက်လျှောက်နိုင်ရန် ကြိုးစားကြခြင်းဖြစ်သည်။ ဘုရားသခင်က လူအပေါင်းတို့သည် အပြစ်ရှိသော သူများဖြစ်သည်ဟု မိန့်တော်မူသည်။ ''ကောင်းသော အကျင့်ကို ကျင့်သောသူမရှိ ၊ တစ်ယောက်မျှမရှိ – – – '' (ဆာ၊ ၅၃း၃)။ ရှင်ပေါလုက ''ဖြောင့်မတ်သောသူမရှိ ၊ တစ်ယောက်မျှမရှိ'' ဟုပြောပါသည် (ရော၊ ၃း၁၀)။

ယောဟန်၏တပည့်များက အစာရှောင်လေ့ရှိကြသည်။ အကြောင်းအမျိုးမျိုးကြောင့် လူတို့သည် အစာရှောင်ကြသည်။

(က) တစ်ယောက်ယောက်သေသောအခါ ဝမ်းနည်းကြေကွဲကြောင်းပြသရန် (ဆာ၊ ၃၅း၁၃)။

(ခ) ဘုရားသခင်အကြောင်းပို၍ ဆင်ခြင်ရန်နှင့်သူ့အားကိုးကွယ်ရန်(နေဒမိ၊ ၁း၄)။

(ဂ) ယုဒလူမျိုးများ ဘုရားသခင်နှင့်သင့်မြတ်စေခြင်းနေ့ရက်ဖြစ်သော အထူးသန့်ရှင်းရာ နေ့ရက်အကြောင်း ပညတ်ချက်များကို ထိန်းသိမ်းရန်။

(ဃ) အရေးကြီးသောအရာ တစ်စုံတစ်ခု (သို့မဟုတ်) ကြီးမားသောကိစ္စ အတွက်ပို၍ အချိန်ယူဆုတောင်းရန်။

ယေရှုက ယုဒလူမျိုးတို့၏ မင်္ဂလာဆောင်နှင်းပွဲအကြောင်းတို့ မိန့်ကြားတော်မူခဲ့သည်။ ယုဒသတို့သား နှင့်သတို့သမီးတို့သည် ဧည့်သည်များဝင်ထွက်နိုင်ရန် အိမ်တံခါးများကို ဖွင့်ထားကြသည်။ ဧည့်သည်များ သွားလည်ကြပြီး ကောင်းစွာစားသောက်ပြီးလျှင် သတို့သားနှင့်သတို့သမီးတို့အတွက် ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိကြသည်။ ယေရှုက မင်္ဂလာဆောင်လုလင်သည် မိမိအပေါင်းအဘော်တို့နှင့် အတူ ရှိစဉ်အခါ ဤကဲ့သို့ဖြစ်လိမ့်မည်။ သူသည် သူတို့နှင့်အတူ အချိန်အနည်းငယ်သာလျှင် နေထိုင်သည်ဖြစ်၍ သူတို့သည် ပျော်ရွှင်ကြလိမ့်မည်။ ထို့နောက်သူသည် အသေသတ်ခြင်းကို ခံရသောအခါ သူတို့သည် ဝမ်းနည်းခြင်း ရှိကြလိမ့်မည်။ ထိုအခါ သူတို့သည် အစာရှောင်ကြလိမ့်မည် (၂း၂၀)။ ယေရှုသည် သူတို့အားပို၍ ကောင်းသောနည်းလမ်းကို ပြသရန် ကြွလာခဲ့ခြင်းဖြစ်သော်လည်း အယူအဆ အဟောင်းနှင့်အသစ်တို့ကို ရောထွေးစေပါက ကောင်းမွန်စွာ အလုပ်မလုပ်ဘူးဟု မိန့်တော်မူ၏ (၂း၂၁၊၂၂)။ လူတို့သည် သူတို့၏နည်းစနစ်ဟောင်းများကိုစွန့်လွှတ်ကာ သူ၏နောက်တော်ကို လိုက်ကြဖို့အလိုတော်ရှိသည်။

## ရှင်မာကု၊ ၂း၂၃–၂၈။ ၃း၁–၆ (လု၊ ၆း၁–၁၁)။
## ဥပုသ်နေ့၌လူတစ်ယောက်ကိုအနာငြိမ်းစေတော်မူခြင်း
## Jesus Heals A Man on the Sabbath

ဖာရိရှဲတို့သည် အမျက်ထွက်၍ သူ့ကိုသတ်ရန် ရှာကြံကြကြောင်း ယေရှုသိတော်မူ၏ (၃း၆)။ ဘုရား သခင်၏ ဥပုသ်တော်နေ့မှာ အလုပ်လုပ်ရန် သူတို့ခွင့်မပြုခြင်းအကြောင်းကို သူ(ယေရှု) နှင့် ငြင်းခုံကြသည်။ သူမိန့်မြွက်တော်မူသော အချက်များအားဖြင့် အပြစ်တင်ခွင့်နည်းလမ်းကို ရှာကြံခဲ့ကြသည်။

ယေရှုသည် လက်တစ်ဘက်သေ၍ မလှုပ်ရှားနိုင်သော သူတစ်ယောက်၏အနာကို ငြိမ်းစေတော်မူ သည်။ သူ၏လက်ကိုပြန်လည်လှုပ်စေခဲ့သည်။ ယေရှုသည် သူ၏အနာကိုဥပုသ်နေ့မှာ ငြိမ်းစေတော်မူ၏။ယေရှုက ဖာရိရှဲတို့၏ ကြံစည်ခြင်းကို သိတော်မူသောကြောင့် သူတို့အား ''ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလား၊ သူ့အကျိုးကို ဖျက်ဆီး

အပ်သလော၊ ပညတ်တော်ကမည်သို့ပြောသနည်း'' ဟုမေးတော်မူ၏ (၃း၄)။သူတို့သည် မည်သူမျှမဖြေဘဲနေကြ၏။

စောစောက သူတို့သည် ယေရှု၏ တပည့်တော်များက ဥပုသ်နေ့၌ စပါးအသီး အနှံဆွတ်ကြသည်ကို ခွင့်မပြုကြချေ(၂း၂၃–၂၄)။ ယေရှုသည် ဖာရိရှဲတို့အပေါ် အမျက် ထွက်တော်မူသော်လည်း သူတို့၏စိတ်နှလုံးသည် မိုက်သောကြောင့် ဝမ်းနည်း တော်မူ၏ (၃း၅)။ ဖာရိရှဲတို့သည် ထိုအကြောင်းအရာနှင့်ပတ်သက်၍ မည်သို့မျှ မပြောဘဲနေကြ သော်လည်း သူတို့သည်ထွက်၍ ကိုယ်တော်ကို အဘယ်သို့ဖျက်ဆီး ရအံ့နည်းဟု တိုင်ပင် ကြ၏(၃း၆)။ ယေရှုသည် လက်တစ်ဘက်သေနေသောသူအား သနားကြင်နာမိခဲ့ သော်လည်း ဘာသာရေးခေါင်းဆောင်များသည် စိတ်နှလုံးခိုင်မာသောကြောင့် သူတို့အပေါ် ဂရုဏာသက်တော်မူ၏။ ဥပုသ်နေ့၌ ကောင်းသောအရာများကို လုပ်ဆောင်သင့်ကြောင်း သူသည်သိတော်မူသည်။ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန် ''ဥပုသ်နေ့သည် လူအဖို့ ဖန်ဆင်းခြင်းဖြစ်သည်(၂း၂၇)။

## အရှင်သခင်၏ဥပုသ်နေ့

## The Lord's Sabbath

''ဥပုသ်သည် ''အနားယူခြင်း'' အလုပ်ရပ်နားခြင်းကိုဆိုလိုသည်။ ဘုရား သခင်သည် အာဒံအားမိုး ကောင်းကင်နှင့်မြေကြီးကို ခြောက်ရက်ပတ်လုံးမည်ကဲ့သို့ ဖန်ဆင်းတော်မူကြောင်းနှင့် သတ္တမနေ့၌ ဖန်ဆင်းတော်မူခြင်းအမှုကို ရပ်နားတော်မူခဲ့ ကြောင်း မိန့်တော်မူ၏။ သူကသတ္တမနေ့ကို ''ဥပုသ်နေ့'' ဟုခေါ်ဝေါ်သမုတ် တော်မူခဲ့သည် (ကမ္ဘာ၊ ၂း၃)။ နောက်ပိုင်းတွင် ဘုရားသခင်က သူ၏ပညတ်တော်များကို မောရှေအား ပေးခဲ့သည်။ ဘုရားသခင်၏ပညတ်တော်၌ ဥပုသ်နေ့ကို သန့်ရှင်းရာနေ့တစ်နေ့အဖြစ် ဖန်ဆင်းခြင်းဖြစ်သည် ဟုဖော်ပြသည် (ထွက်၊ ၂၀း၈–၁၁)။ ဥပုသ်နေ့တွင် အမျိုးသား၊ အမျိုးသမီးများအားလုံးသည် သူတို့ကိုဖန်ဆင်း တော်မူသော အရှင်ကိုကိုးကွယ်ရန် မိမိတို့၏အလုပ်ကို ရပ်လျက်အနားယူကြသည်။ ဥပုသ်နေ့တွင် ရက်သတ္တပတ်၏ နောက်ဆုံးနေ့ ၊ ခုနစ်ရက်မြောက်ဖြစ်သည်။ ထိုနေ့သည် သောကြာနေ့ နေဝင်သည့်အချိန်မှ အစပြုသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ၊ ဖာရိရှဲများသည် ဥပုသ်နေ့အတွက် သူတို့၏ ကိုယ်ပိုင်ဥပဒေများကို ထပ်ဖြည့်ကြခြင်းပင် ဖြစ်သည်။ သူတို့က ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နားထောင်နာခံခြင်းထက် ဥပုသ်နေ့၏ဥပဒေသများ စောင့်ထိန်း ခြင်းကိုပို၍ စဉ်းစားတွေးတောကြသည်။

ကနဦးခရစ်ယာန်များသည် ဥပုသ်နေ့တွင် ဝတ်ပြုကိုးကွယ်ခြင်းအမှုကိုပြုဖို့ အတွက် ဥပုသ်နေ့၌ ပထမဆုံးတွေ့ဆုံခဲ့ကြသည်။ နောက်ပိုင်းတွင် သူတို့သည် ရက်သတ္တပတ်၏ပထမနေ့ဖြစ်သော တနင်္ဂနွေနေ့၌ ဝတ်ပြုရန် တွေ့ဆုံခဲ့ကြသည်။

နောင်တွင် တနင်္ဂနွေနေ့သည် ခရစ်ယာန်အသင်းတော်အများစုအတွက် အနားယူရာနေ့နှင့်ဝတ်ပြုရာနေ့ဖြစ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့တွင် ယေရှု ရှင်ပြန်ထမြောက်ရာနေ့ဖြစ်သောကြောင့် ဖြစ်သည်။ အချို့သောယုံကြည်သူများသည် ယခုတိုင်အောင် စနေနေ့ကို ဥပုသ်နေ့အဖြစ် ယုဒလူမျိုးများကဲ့သို့ စောင့်ထိန်းကြ သေးသည်။

အခန်း(၂၈)ကိုသတိပြုပါ။ ယေရှုက ''လူသား'' အကြောင်းကို ပြောသောအခါ သူ့ဆိုလိုခြင်းဖြစ်သည်။ ယေရှုသည် လူအပေါင်းတို့၏သခင်ဖြစ်တော်မူ၏။

## ရှင်မာကု၊ ၃း၇–၁၉
## ယေရှုက လူ(၁၂)ဦးကို ရွေးချယ်ခြင်း
## Jesus Chooses Twelve Men

ယေရှုသည် အိုင်နှင့်နီးသော အိမ်တစ်အိမ်သို့သွားသည်။ မြောက်များ စွာသောလူတို့သည် ယေရှု စကားကို ကြားနာဖို့ရန် နေရာအနှံ့အပြားမှလာကြသည်။ လူများတို့သည် ယေရှုကို ကြိတ်ကြိတ်တိုးတွန်းနေကြသောကြောင့် ယေရှုသည် အိုင်ပေါ်ရှိလှေတစ်စင်းပေးတက်၍ မတ်တပ်ရပ်လျက် သူတို့အားဆုံးမဩဝါဒ ပေးတော်မူသည်။ ရေပြင်ကိုဖြတ်ကျော်၍ သူ၏အသံကိုအဝေးမှ ကြားနိုင်သည်။ ထို့နောက် သူသည် ကုန်းမြင့်ပေါ်သို့တက်ကြွတော်မူ၏။

ယေရှုသည် ဤဒေသတွင်ရှိသော လူမြောက်များစွာတို့၏အနာရောဂါများကိုငြိမ်းစေတော်မူ၏ (၃း၁၀)။ ညစ်ညူးသော နတ်ဆိုးတို့က သူ့အား ''ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်'' ဟု ဟစ်ပြောကြခြင်းကို တားမြစ်လေ၏ (၃း၁၂)။ သူသည် ညစ်ညူးသောဝိညာဉ်တို့၏ ရှိသေလေးစားခြင်းကို အလိုတော် မရှိပါ။ လူတို့သည် မိမိတို့အပြစ်များကို ဝန်ချရန်နှင့် သူတို့သည် ဘုရားသခင်နှင့် အဆင်ပြေနေဖို့ရန် လိုအပ်ကြောင်း ပြောထွက်ကြဖို့အလိုတော် ရှိသည်။ လူတို့သည် သူ့ကိုယုံကြည်၍ သူ့ကိုချစ်သော စိတ်နှင့်သူ့ထံသို့လာကြဖို့အလိုတော်ရှိသည်။ သူသည် ညစ်ညူးသော နတ်ဆိုးတို့၏ သူ့အားယုံကြည်ခြင်း နှင့်ကြောက်ရွံ့ခြင်းဖြင့် ဟစ်ကြွေးခြင်းကို အလိုတော်မရှိပါ။ ဤလုပ်ရပ်များသည် သူ့အားဖမ်းဆီးခြင်းမပြုမီ သူ၏သွန်သင်ခြင်းကို ဖြတ်တောက်နေခြင်းဖြစ်ပြီး ဒုက္ခနှင့်အခက်အခဲဖြစ်စေသည်။ စာတန်သည် ဘုရားသခင်၏နိုင်ငံတော်ကြီးထွားခြင်းကို နှောင့်နှေးစေရန် တစ်စုံတစ်ခုကို လုပ်ဆောင်ဖို့ကြိုးစားပါလိမ့်မည်။

နံနက်အချိန်တွင် ယေရှုသည် နောက်တော်ကိုလိုက်ဘို့ခေါ်သော အထူးတပည့်တော်(၁၂)ပါးကို (၃း၁၄)

က) သူနှင့်အတူရှိနေစေခြင်းငှာလည်းကောင်း။

ခ) သူတို့အား သွန်သင်ဆုံးမခြင်းငှာလည်းကောင်း။

ဂ) သူတို့အား တရားဓမ္မဟောကြားဖို့စေလွှတ်ခြင်းငှာလည်းကောင်း။
ဃ) သူတို့အား နတ်ဆိုးတို့ကို နှင်ထုတ်နိုင်သောအခွင့်နှင့် အနာရောဂါငြိမ်းစေခြင်း အခွင့်တန်ခိုးတို့ကို ပေးခြင်းငှာလည်းကောင်း ၊ (၃း၁၅)ရွေးချယ်ခဲ့သည်။ ထိုအမည်စာရင်းထဲတွင် ယုဒတရှတ်ရှာလည်းပါဝင်သည်။

နောက်ပိုင်းတွင် ဤလူက ဘုရားသခင်၏အကြံအစည်တော် တစ်စိတ်တစ်ဒေသ အဖြစ် ယေရှုကို သစ္စာဖောက်လိမ့်မည်(ယော ၆း၇၀–၇၁ ကို ကြည့်ပါ)။ သုံးနှစ် အတွင်းတွင် ယေရှုက တပည့်တော်(၁၂)ပါး တို့အား ဘုရားသခင်၏ စေတမန်ဖြစ်ဖို့ သွန်သင်ခဲ့သည်။ ထို့ကြောင့် သူတို့ကို ''တမန်တော်များ'' ဟု ခေါ်ဆိုခြင်းဖြစ်သည်။ သူက သူတို့အားကယ်တင်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် ဖြစ်သည်ဟူသော ဘုရား သခင်၏ သတင်းကောင်းကို ကြားပြောကြရန် သင်ကြား ပို့ချပေးခဲ့သည်။

(ကျွန်ုပ်တို့၏ တမန်တော်ဝတ္ထုအနက်ဖွင့်ကျမ်းများ၌ တမန်တော်များအကြောင်း ကို ပိုမို၍လေ့လာသင်ယူပါ။)

## ယေရှု၏တပည့်တော်(၁၂)ပါး ( ရှင်မာကု ၊ ၃း၁၃–၁၉)

Jesus' Twelve Disciples

- ရှိမုန် ဗက်ဇဲဒမြို့မှ တံငါသည် ဖြစ်သည်။ ယေရှုက သူ့အား ပေတရု (သို့မဟုတ်)ကေဖ(ကျောက်)ဟူသော ယာကုပ်အငယ်(မာ၊၁၅း၄၀) အမည်သစ်ကို ပေးသည်။
- ယာကုပ် ဇေဗေဒဲ၏သား ၊ ယာကုပ်အကြီးဟုလည်း ခေါ်သည်။
- ယောဟန် ယာကုပ်၏ညီ
- အန္ဒြေ ပေတရု၏ညီ ( ယော၊ ၁း၄၀)
- ဖိလိပ္ပု နာသနေလကိုသွား၍တွေ့သောသူ
- နာသနေလ ဗာသောလမဲဟုလည်းခေါ်သည် (ယော၊၁း၄၃)
- သောမတ် (ယော၊၁၁း၁၆။၁၄း၅)
- ယာကုပ် အာလဖဲ၏သား(သို့မဟုတ်) ယာကုပ်အငယ် (မာ၊၁၅း၄၀)
- မဿဲ အခွန်ခံ၊ လေဝိစုလည်းခေါ်သည် (မဿဲ ၁၀း၂၀)။
- သဒ္ဒဲ – ယုဒဟုလည်းခေါ်သည်။
- ရှိမုန်ဇေလုပ် ( လု၊ ၆း၁၅)
- ယုဒရှာကာရှုတ် နောင်တွင်ယေရှုကို သစ္စာဖောက်သောသူ။

ဤအကြောင်းကိုနှီးနှောဆွေးနွေးပါ။

၁။ ဥပုသ်နေ့တွင် စပါးသီးနှံဆွတ်ခြင်းသည် မှားသည့်အရာဖြစ်သလော။

၂။ အဘယ်ကြောင့် လူများက အစာရှောင်ကြသနည်း။

၃။ ဥပုသ်နေ့တွင် မည်သည့်အရာမျိုးကို ကျွန်ုပ်တို့ပြုလုပ်သင့်သနည်း။

၄။ ယေရှုက ဥပုသ်နေ့သည် လူ့အကျိုးဖန်ဆင်းခြင်းဖြစ်သည်ဟုဆိုရာ၌ မည်သို့ဆိုလိုသနည်း( ၂း၂၇)။

၅။ ယေရှု၏သွန်သင်ခြင်းနှင့် ဘာသာရေးခေါင်းဆောင်တို့၏သွန်သင်ခြင်းတို့၏ ခြားနားချက်ကား မည်သို့နည်း။

၆။ ကျွန်ုပ်တို့သည် မည်ကဲ့သို့ ယေရှု၏တပည့်တော်များဖြစ်လာနိုင်မည်နည်း။

ရှင်မာကု ၊ ၂း၁၉၊ ၂၀၊ ၂၈ ၊ ၃း၄ ၊ ၈၊ ၁၄ တို့တွင် တွေ့ရသော ယေရှုအကြောင်း၌ မည်သည့်သမ္မာတရားများကို ကျွန်ုပ်တို့လေ့လာနိုင်သနည်း။

## ရှင်မာကု ၊ ၃း၂၀–၃၅ ( လု၊ ၁၁း၁၄–၂၃ )
## စာတန်အပေါ် ဘုရားသခင်၏တန်ခိုးတော်
## God's Power Over Satan

ယေရှုသည် လူများ၏အထဲမှ နတ်ဆိုးများကို နှင်ထုတ်ဖူးသည်ဖြစ်၍ (၁း၃၉) ထိုအကြောင်းကို ဖာရိရှဲတို့သည် ဆွေးနွေးကြသည်။ သူသည် နတ်ဆိုးမင်း(စာတန်)ကို အမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သည်'' ဟု ဆိုကြသည် (၃း၂၂)။

ယေရှုက သူတို့အား ''စာတန်သည် စာတန်ကိုအဘယ်သို့ နှင်ထုတ်နိုင်သနည်း'' ဟု မေးတော်မူ၏။ ဤသို့ပြောခြင်းသည် အဓိပ္ပါယ်မပေါ်လွင်သည်ဖြစ်၍ ယေရှုက ဤအရာကိုပေါ်လွင်စေဖို့ ဥပမာ(၃)ခုကို အသုံးပြုခဲ့သည်။

က) မိမိနှင့်မသင့်မတင့် ကွဲပြားသော တိုင်းနိုင်ငံတစ်နိုင်ငံ။

ခ) မိမိနှင့်မသင့်မတင့် ကွဲပြားသော အိမ်တစ်အိမ်

ဂ) မိမိတစ်ဘက်၌ ထ၍ မိမိနှင့်မသင့်မတင့်ကွဲပြားသောစာတန်။

ဤလောကတွင် ဝိညာဉ်နိုင်ငံနှစ်နိုင်ငံရှိသည်။ ချစ်ခြင်းမေတ္တာဖြင့်ပြည့်သော ဘုရားသခင်၏နိုင်ငံတော် နှင့် မှောင်မိုက်တန်ခိုး အပြစ်ဒုစရိုက် မကောင်းမှုတို့နှင့် ပြည့်သော စာတန်၏နိုင်ငံတို့ဖြစ်သည်။ စာတန်၏အပေါင်းအပါနတ်ဆိုးတို့သည် သမ္မာတရား၏ကိုမုန်းတီးကြသည်ဖြစ်၍ ဘုရားသခင်၏အစေခံကျွန်များကို တိုက်ခိုက်ကြသည်။

၎င်းအကြောင်းကြောင့် ယေရှုက တပည့်တော်တို့အား ''မကောင်းသောအမှုအရာမှ ကယ်နုတ်တော်မူပါ'' ဟု ဆုတောင်းရန် သွန်သင်ခဲ့သည် ( မဿဲ ၊ ၆း၁၃)။

ဘုရားသခင်၏နိုင်ငံတော်မှ မကောင်းမှုများသည် အနိုင်ယူပြီးဖြစ်၍ အပြစ်ရှိသမျှသည် ခွင့်လွှတ်ပြီး ဖြစ်သည် (၃း၂၈)။ သို့သော် '' ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ကို ကဲ့ရဲ့ဆန့်ကျင်ပြောဆိုသော သူတို့၏အပြစ် ခွင့်လွှတ်ခြင်းကို မည်သူမျှ မရနိုင်'' ဟု မိန့်တော်မူ၏ ( ၃း၂၉) ။အဘယ်ကြောင့် ၎င်းသို့မိန့်တော် မူသည်ဟူမူကား၊ ယုဒလူမျိုးကိုသွန်သင်သော ဆရာတို့သည် ခရစ်တော်၏ဝိညာဉ်တော်ကို ဆန့်ကျင်၍ ပြောဆိုကြသောကြောင့်ဖြစ်သည်( ၃ း၃၀)။

စာတန်သည် ယေရှု၏ဥပမာ၌ ခွန်အားကြီးသူ (သူရဲ)ဖြစ်သည်(၃း၂၇)။ သူသည် လူတို့ကို သူတို့၏အပြစ်၌ချည်နှောင်သည်။ သို့သော် ယေရှုသည် စာတန်ထက် ခွန်အား ကြီးတော်မူ၏။ ယေရှုသည် ခွန်အားကြီးသော သူရဲကို ချည်နှောင်ရန်နှင့် သူ(စာတန်)၏ အကျဉ်းသားများကိုလွှတ်ပေးရန် ကြွလာတော် မူခဲ့သည်။ ယေရှုသည် နတ်ဆိုးတို့ကိုလည်း နှင်ထုတ်တော်မူသည်။ ယေရှုသည် လူတို့ကို သူတို့၏အပြစ် များမှ လွှတ်ရန်ကြွလာတော် မူ၍ အသေခံတော်မူ၏ ( ဂလာ၊ ၃း၂၂ )။ ထို့နောက် သူသည် စာတန်နှင့် လူတို့စီရင်သော နည်းဥပဒေသများက ချည်နှောင်ထားသော လူတို့ကိုလွှတ်ပေးရန် ကြွလာတော်မူ၏ (၃း၂၃)။

## ယေရှု ၊ သူ၏ မယ်တော်နှင့် ညီအစ်ကိုများ
## Jesus and His Mother and Brothers

ယေရှုက သူ၏မယ်တော်နှင့် သူ၏ညီများကိုတွေ့ရန် အလိုတော်မရှိဘူး ဟူသော အချက်ကို ဖတ်ရှုခြင်းသည် ကျွန်ုပ်တို့ကို အံ့အားသင့်ဖြစ်ကောင်းဖြစ်စေမည်။ သို့သော် ၎င်းအကြောင်းအရာသည် အထက်က အပိုဒ်၄ယ်(၃း၂၁)မှာ သူတို့သည် သူ(ယေရှု)ကို ခေါ်သွားရန် ရောက်လာကြခြင်းဖြစ်သည်ဟု ရှင်းလင်းစွာ ဖော်ပြ ထားသည်။ သူတို့သည် သူ(ယေရှု)ကြောင့် အခက်ကြုံကြသည်။ ယေရှုအကြောင်း လူတို့ပြောသောအရာများကြောင့် သူတို့ ပူပင်သောကရောက်ခဲ့ကြသည်။ သူတို့က ယေရှုရူးနေပြီဟုထင်မှတ်ခဲ့ကြသည်။ သူ(ယေရှု)က သူတို့ကိုအကျိုးအကြောင်း မပြောပြလိုတော့ပါ။

ထို့ကြောင့် သူ၏မိသားစုကိုထွက်မတွေ့ခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏ အလိုတော်ကို ဆီးတားနှောက်ယှက်ရာ ရောက်လိမ့်မည်မဟုတ်ကြောင်း ယေရှုကသေချာ စေသည်။ သူတို့သည် ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်မည်ကို အလိုတော် မရှိသောကြောင့် သူတို့အားသနားခြင်းက ဂုဏ်တော်ကို ပြတော်မူသည်။ သူသည် သူ့အတွက် ဘုရားသခင်၏ အလိုတော်ကိုပြည့်စုံစေမည်။ အနာရောဂါပျောက်ကင်းလိုသော၊ သွန်သင်ခြင်းကိုခံယူလိုသော လူစုလူဝေးများနှင့် အတူနေထိုင်ရန် အလိုတော်ရှိသည်။

သူက ထိုသူတို့သည် ငါ၏အမိ ၊ ငါ၏ညီ ၊ ငါ၏နှမများဖြစ်သည်ဟု မိန့်တော်မူသည်။ ''ဘုရားသခင်၏အလိုတော်ကို ဆောင်သောသူသည် ငါ့ညီ ၊ ငါ့နှမ ၊ ငါ့အမိဖြစ်သတည်း'' (၃း၁၅)။

ယေရှုသည် သူ၏မယ်တော်သူ၏ညီတော်များထံမှ အမှန်တကယ် လှည့်ထွက်သွားသည်ဟုဆိုလိုခြင်း မဟုတ်ပေ။ အကယ်၍ သူတို့ကိုတွေ့ရန်လှမ်းထွက်ခဲ့ပါက မည်သည့်နည်းမဆို သူ့ကိုခေါ်ထုတ်ရန်ကြိုးစား ခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်နှင့် အကြံအစည်တော်ကို မနှောင့်ခံခြင်းလုပ်ရပ်ဖြစ်ကြောင်း၊ သူတို့အား သတိပေးတော်မူလိမ့်မည်။ သူ့တို့ကို အကျိုးအကြောင်းပြောပြရန် အလိုတော်မရှိတော့ပါ။ ထို့ကြောင့် သူသည် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်သောသူများနှင့်အတူနေဖို့ရွေးချယ်တော်မူသည်။ သူသည် သူ၏မိသားစုအပေါ်သို့ မှန်ကန်သောအရာနှင့် အမြင့်ဆုံးသောကြင်နာမှုကို ပြုတော်မူခဲ့သည်။

## မိသားစု ( Family )

မိသားစုဆိုသည်မှာ မတူညီသောယဉ်ကျေးမှုများထဲမှ မတူညီသော အရာများကို ဆိုလိုသည်။ အနောက်နိုင်ငံမှာ လူတစ်ဦးနှင့် သူ၏မယားတို့သို့ မွေးဖွားလာသော ကလေးများနှင့်မြေးများကိုဆိုလိုသည်။ အာဖရိကနှင့် အခြားနိုင်ငံများက မိသားစုမှာ မိဘများ ၊ ဦးလေးများ ၊ အဒေါ်များ ၊ တူမများ ၊ တူများ ၊ ဝမ်းကွဲညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များ၏ ရင်းနှီးသော မိတ်ဆွေများပင်လျှင် ပါဝင်ကြသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ခရစ်ယာန်မိသားစုတွင် များစွာသောလူများက ပါဝင်လာကြသည်။ ထိုမိသားစု၌ ဘုရားသခင်ကို ယုံကြည်သောသူများပါဝင်ပြီး ခရစ်တော်၌ အသက်တာသစ်ဖြင့် အသက်ရှင်ရန် ဆန္ဒရှိသူများလည်း ပါဝင်သည်။ ယေရှုရည်ညွှန်းခဲ့သော ၃း၁၄ မှ မိသားစုသည် အသက်တာသစ်၌ ဒုတိယမွေးဖွားခြင်းကိုခံသော သူများဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်ယာန်မိတ်သဟာရတိုင်းမှာ ဝမ်းမြောက်စွာဖြင့်ပြုစုခြင်း၊ စည်းလုံးခြင်း ၊ ညီညွတ်ကျေပွန်ခြင်းနှင့် အခြားသူများအား အစေခံဖို့အတွက် အဆင်သင့်ဖြစ်ခြင်းတို့ကို ရှာဖွေသည်။ အသက်ကြီးသော မိသားစုဝင်များကို ရိုသေလေးစားသင့်သလို ၊ ကိုယ့်ထက်ပို၍ငယ်သော မိသားစုဝင်များ၏ ဆုကျေးဇူးအတွက်လည်း တိုက်တွန်းအားပေးသင့်သည်။ သမ္မာတရားနှင့် ဘုရားသခင်၏ ပညာကိုလည်း မျိုးဆက်သစ်အသီးသီး၏ ကလေးများကို သင်ကြားပေးရမည်။

ခရစ်ယာန်မိသားစု၏အကျိုးပြုမှုကို မိတ်သဟာရအဖွဲ့ဝင်များနှင့် အခြားယဉ်ကျေးမှုမတူသည့် သူများအပေါ်သို့ ဝေငှသင့်သည်။ နိုင်ငံအားလုံး၌ရှိသော ခရစ်ယာန်အားလုံးတို့သည် ခရစ်ယာန်မိသားစု ထဲတွင် တန်းတူညီမျှ ၊ ညီအစ်ကို မောင်နှမများ

ဖြစ်ကြသည်။ အခြားခရစ်ယာန်များနှင့်စည်းဝေးခြင်း ၊ နှုတ်ဆက်ခြင်း၊ ဝေငှခြင်းများ ပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကြံရွယ်တော်မူသော တစ်ယောက်နှင့် တစ်ယောက်ငြိမ်းချမ်းစွာ အသက်ရှင်ခြင်းကို လောကီသားတို့အား ပြသရာရောက်သည်။ ယုံကြည်သူများ ဤကဲ့သို့ပြုလုပ်နိုင်ရန် လမ်းပြမှုနှင့်တန်ခိုးကို ရရှိနိုင်မည်အကြောင်း ယေရှုကသန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်တော် မူသည်။ အကယ်၍ ခရစ်ယာန်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ''ဤမည်သော လမ်းသည်မှန်၏။ ဤလမ်း၌ လျှောက်သွားလော့'' ဟု ပြောသော အသံကိုနားထောင် နာခံလျှင် အစေခံခြင်း၌ အခြားယုံကြည်သူများနှင့် စည်းလုံးမှု ရရှိမည်ဖြစ်သည်( ယေရှု၊ ၃၀း၂၁)။ ကျွန်ုပ်တို့သည် မှန်ကန်သော ယုံကြည်ခြင်း ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် အစေခံခြင်း၌ အဟန့်အတား ဖြစ်စေသည့် ကျွန်ုပ်တို့၏ လမ်းဟောင်းနှင့် မိရိုးဖလာများ စွန့်ပစ်ရလိမ့်မည် (ယေရှု၊ ၃၀း၃၂)။ ထို့နောက်မှ ဘုရားသခင်က ကြီးပွားချမ်းသာကြွယ်ဝခြင်းကို ယူဆောင်ပေး နိုင်မည်ဖြစ်သည် (၃၀း၃၃)။

ယေရှုက ''ဤသိုး ခြံသို့မဝင်သော အခြားသူတို့ကိုလည်း ငါပိုင်သေး၏။ ထို သိုးတို့ကိုငါဆောင် ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကို နားထောင်သဖြင့် သိုးခြံတစ်ခု ၊ သိုးထိန်းတစ်ပါးရှိရလိမ့်မည်'' ဟု မိန့်တော်မူ၏ ( ယော ၊ ၁၀း၁၆ )။ ချစ်ခြင်းမေတ္တာနှင့် စည်းလုံးမှုရှိသော ဘုရားသခင်၏မိသားစုသည် လူမျိုးတစ်မျိုးနှင့် ယင်းလူမျိုး၏ ယဉ်ကျေးမှု၌ငြိမ်သက်ခြင်းနှင့် ကြွယ်ဝခြင်းကို ယူဆောင်ပေးလိမ့်မည်။ အခြားသူများကို ချစ်ခြင်းမေတ္တာဖြင့်လွတ်လပ်စွာ အစေခံခြင်းသည် ခရစ်ယာန်မိသားစု၏ သင်္ကေတဖြစ်သည်။ အခြားသူများက မေတ္တာနှင့်လွတ်လပ်စွာ လုပ်ဆောင်ရမည့်အရာမှ ကိုယ်ပိုင်အကျိုးအတွက် မည်သူကမျှ မလုပ်သင့်ပါ။

တစ်ခါတစ်ရံမှာ ကျွန်ုပ်တို့နှင့်အရင်းနှီးဆုံးဖြစ်လာသော မိသားစုဝင်များသည် ကျွန်ုပ်တို့ကို ဘုရားသခင် လုပ်ဆောင်စေလိုသည့်အရာများလုပ်ဆောင်ရန်အတွက် ခက်ခဲမှုကိုဖြစ်စေနိုင်သည်။ ကျွန်ုပ်တို့သည် သူတို့၏ မေတ္တာပြခြင်းကို နားလည်ရ ပါမည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို နားလည်ရမှာ ဖြစ်ပြီး ကျွန်ုပ်တို့မိသားစု၌ ဆုံးဖြတ်ချက်များချမှတ်ကာ ထိုအချိန်၌ စိတ်သောက အကြီးအကျယ် ရောက်သော်လည်း အခြေအနေတိုင်းမှာ ကျွန်ုပ်တို့မပါဝင်ဘဲ သူ့ကို(ယေရှု) ကို ပါဝင် စီစဉ်ဖြေရှင်းခွင့်ပြုရပါမည်။

စာတန်သည် ယေရှု၏အမှုတော်လုပ်ငန်းကို ဟန့်တားနှောက်ယှက်ရန်ကြိုးစား ရာ၌ မိသားစုဝင်များ၏ ချစ်ခြင်းမေတ္တာနှင့်ကြောက်ရွံ့ခြင်းများကို အသုံးပြုသည်။ မိသားစုဝင်များက ကျွန်ုပ်တို့အားစိတ်ပျက်အားလျော့စေသည်။ သို့သော် ဒေါသမထွက်ဘဲ သနားဂရုဏာစိတ်သာလျှင် ထားပါ။ အချို့မိသားစုဝင်များက အများပြည်သူနှင့်ကောင်းသော ဆက်သွယ်ခြင်းရှိကောင်းရှိနိုင်သည်။ သို့သော် ဘုရား သခင်၏မိသားစုဝင်များ ၊ ဆင်းရဲသားများ ၊ မပြည့်စုံ၍ လိုအပ်မှုရှိသူများနှင့် ဆက်သွယ်ခြင်းသည် ပို၍အရေးကြီးပါသည်။

### ဤအကြောင်းကို နှီးနှောဆွေးနွေးပါ

၁။ ယေရှုက သူ၏မယ်တော်နှင့်မိသားစုအတွက် မည်ကဲ့သို့ မေတ္တာပြခဲ့သနည်း။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကမ္ဘာလုံးဆိုင်ရာ မိသားစုဝင်အစိတ်အပိုင်းများဖြစ်ကြောင်း ၊ သူတစ်ပါးကို မည်ကဲ့သို့ပြသမည်နည်း( ၃း၃၄ ၊၃၅)။

၃။ ရှင်မာကု ၊ ၃း၂၈ ၊ ၂၉၊ ၃၅ တို့မှ မည်သို့သော ဘုရားသခင်၏ သမ္မာတရားများကို ကျွန်ုပ်တို့လေ့လာရ သနည်း။

သွန်သင်မှုပြုရန်အတွက် အနည်းနှင့်အများစုဝေးခြင်း၏ အရေးပါမှုက မည်သို့နည်း (၃း၇)။ သင်သည် တပည့်တော်များကို မည်ကဲ့သို့ လေ့ကျင့်ပေးသနည်း (၃း၁၄၊၁၅)။

## ရွေးချယ်စရာများစွာပေးသော မေးခွန်းများ

## Multiple Choice Questions

ရှင်မာကုအခန်းကြီး(၁) မှ (၃) ကို အခြေခံ၍ (က ၊ ခ )တို့မှ အဖြေမှန်များကို ရွေးပါ။ အဖြေများကိုအဆုံးမှာပေးထားပါသည်။

၁။ ရှေးအခါက ဘုရားသခင်ထံမှ စေတမန်တစ်ဦးအကြောင်းကို ပရောဖက်များက ရေးသားခဲ့ကြသည်။ သူသည် –

(က) ယေရှု

(ခ) ဗတ္တိဇံဆရာယောဟန်

(ဂ) ပေတရု ဖြစ်သည်။

၂။ မည်သူက ''မည်သူ့ကို သင်သည် ငါ၏ချစ်သားပေတည်း'' ဟု ပြောသနည်း။
(က) ဘုရားသခင်က ယေရှုကို
(ခ) ယောဟန်က ယေရှုကို
(ဂ) ယေရှုက ယောဟန်ကို
၃။ ယေရှုက လူတို့ကိုသွန်သင်ရာတွင် –
(က) ကျမ်းတတ်ပုဂ္ဂိုလ်များနည်းတူ သွန်သင်သည်။
(ခ) ကလေးပုံပြင်များကို အသုံးပြုသည်။
(ဂ) အဓိပ္ပါယ်လျှို့ဝှက်ထားသော ပုံပြင်များကိုအသုံးပြုသည်။
၄။ အဘယ်ကြောင့် လူလေးယောက်တို့သည် အိမ်၏အမိုးကို အပေါက် ဖောက်ကြသနည်း။
(က) လူနာကို ယေရှုထံသို့လျော့ချနိုင်ရန်
(ခ) လူစုလူဝေးတို့ကို ကြည့်ရှုနိုင်ရန်
(ဂ) ယေရှုကိုထောက်လှမ်းရန်
၅။ ယေရှုသည် အခွန်ခံများ ၊ အပြစ်သားများနှင့်အတူ စားသောက်သည်။ အဘယ်ကြောင့်ဆိုသော်–
(က) ဖာရိရှဲများအား စိတ်ဆိုးရန်အလိုတော်ရှိသောကြောင့်
(ခ) ဆာလောင်မွတ်သိပ်တော်မူသောကြောင့်
(ဂ) ဘုရားသခင်သည် သူတို့ကို ဂရုစိုက်တော်မူကြောင်းပြသရန် အလိုတော်ရှိသောကြောင့်
၆။ ဖာရိရှဲများစွာက ယေရှုနောက်တော်ကို လိုက်ကြသည်။
(က) သူတို့သည် လူတို့၏အနာရောဂါကို မည်ကဲ့သို့ ပျောက်ကင်း စေကြောင်း လေ့လာသင်ယူရန်။
(ခ) သူတို့သည် သူ (ယေရှု)၏ မှားယွင်းမှုအချို့ကို ရှာတွေ့နိုင်မည်ဖြစ်ရန်။
(ဂ) အဘယ်ကြောင့်ဆိုသော် သူ(ယေရှု)က ကောင်းမွန်စွာသွန်သင်ရန်။
၇။ ယေရှုက သူ၏တပည့်တော်များကို ရွေးချယ်ခဲ့ရာတွင် –
(က) အလုပ်သမားများအား နောက်တော်ကိုလိုက်ပို့ခေါ်ခြင်းဖြင့်
(ခ) ဘာသာရေးခေါင်းဆောင်များကို ရွေးချယ်ခြင်းဖြင့်
(ဂ) နောက်တော်ကိုလိုက်ရန်တောင်းဆိုလာသူ တစ်ယောက် ယောက်ကို လက်ခံခြင်းအားဖြင့်

## ရှင်မာကု ၄း၁၊ ၃၄ ကို ယခုဖတ်ပါ (လု၊ ၈း ၄–၁၅ )
### မျိုးစေ့ကြဲသောသူနှင့် မျိုးစေ့ဥပမာ
### The Parable of the Farmer and the Seed

ယေရှုသည် လှေတစ်စင်းထဲသို့ ကြွတော်မူ၍ ပရိသတ်တို့အား သွန်သင်ခဲ့သည်။ ရာသီဥတုသာယာ ငြိမ်သက်သောနေ့များတွင် လူတစ်ဦးတစ်ယောက်၏ အသံသည် ရေပြင်ကို ဖြတ်ကျော်၍ရပ်ဝေးမှ လွယ်ကူစွာကြားနိုင်ပါသည်။

ဤဥပမာ၌ မျိုးစေ့ကြဲသော လယ်သမားသည် သတင်းကောင်းကို ဟောကြားသောသူတစ်ဦး တစ်ယောက်နှင့်တူသည်။ မျိုးစေ့သည် ဘုရားသခင်၏ သမ္မာတရား သတင်းကောင်းပင်ဖြစ်သည်။ ထိုသတင်းကောင်းကို ပြောသောသူသည် ကမ္ဘာပေါ်တွင် ရှင်ကြသည်။ သူသည် ကြွဖြန့်သောသူ သို့မဟုတ် သက်သေခံသော သူတစ်ယောက် ဖြစ်သည်။ သက်သေခံသူတစ်ယောက်ဟူသည် သူမြင်ခဲ့သော သူသိခဲ့သော အရာကို တစ်ဦးတစ်ယောက်အား ဝေငှသူကိုခေါ်သည်။

လယ်သမားက သူ၏မျိုးစေ့ကို အိတ်တစ်လုံးထဲထည့်၍ ယူဆောင်သည်။ မျိုးစေ့ကို သူတတ်နိုင်သမျှ အဝေးကိုရောက်အောင်ဖြစ်ကြသည်(၄း၄)။ ယေရှု၏ နှုတ်ထွက်စကားများသည် မျိုးစေ့နှင့်တူသည်။ နှလုံးသား ဖွင့်ဟသူများက သမ္မာတရားကို လက်ခံရရှိသောသူများဖြစ်ပြီး ကောင်းသောမြေ၌ မျိုးစေ့ကျသကဲ့သို့ ဖြစ်၏။ စိတ်နှလုံး ခိုင်မာသောသူများသည် သမ္မာတရားကို လက်ခံရရှိမည်မဟုတ်ပါ။ နောက်ပိုင်းတွင် ယေရှုကသူ၏ တပည့်တော်တို့အား ဤဥပမာကိုရှင်းပြသည်။

၁။ အချို့သောသူတို့၏ စိတ်နှလုံးသည် လမ်းကဲ့သို့ မာကြောသည်။ သူတို့သည် ယေရှုခရစ်တော်၏ သတင်းကောင်းကို မခံမယူနိုင်ကြပါ။ မြေကြီးသည် မာကြောသည်ဖြစ်၍ မျိုးစေ့ပေါက်ပွားရှင်သန် ကြီးပြင်းနိုင်ရန်အတွက် မဖြစ်နိုင်ပါ။

၂။ ကျောက်ပေါ်သောအရပ်သည် ဘုရားသခင်၏တရားစကားကို လျင်မြန်စွာလက်ခံသော နှလုံးသားကို ဆိုလိုသည်။ သို့သော်လည်း ပူပန်သောကရောက်သော အခါ လွယ်ကူစွာအရှုံးပေးတတ်သည်။ မျိုးစေ့သည် ကျောက်များအကြားအရိပ်၌ လျင်မြန်စွာကြီးပြင်းသည်။ သို့သော် ထိုနေရာ၌ အပင်ကြီးထွားရန် မြေဩဇာ အလွန်နည်းပါးသည်။ နေပူသောအခါ အပင်သည် ခြောက်သွေ့၍သေ၏။ စာတန်သည် ကျောက်ကြား၌ပေါက်သော မျိုးစေ့၊ တရားစကားကိုလာ၍နှုတ်ယူသွားသည် (၄း၁၅)။

၃။ လယ်သမားကကြဲ၍ ဆူးပင်တို့အကြားတွင်ကျသော မျိုးစေ့သည် အခြားသော ကိစ္စဝိစ္စအမျိုးမျိုးနှင့် ပြည့်နှက်နေသော အသက်ရှင်ခြင်း အကြောင်းကိုပြောခြင်း ဖြစ်သည်။ စိတ်ဝိညာဉ်၏ ရန်သူသုံးပါး အကြောင်းကို ဤနေရာတွင် ဖော်ပြ

ထားပါသည်။ ဤရန်သူများက နုနယ်သေးသော ယုံကြည်သူ အသစ်တို့ကို ဖျက်ဆီးသည် (မဿဲ ၊ ၁၉း၂၂)။

(က) ဤလောကအရာများစွာကိုရှာဖွေနေခြင်း

(ခ) ငွေကိုချစ်မြတ်နိုးခြင်း

(ဂ) ပျော်ရွှင်မှုနှင့်အောင်မြင်မှုကိုရှာဖွေခြင်း (၁ ယော ၊ ၂း၁၆)

၄။ ကောင်းသောမြေ၌မျိုးစေ့ကြဲခြင်းသည် နှလုံးသားဖွင့်လျက် သမ္မာတရားကို လက်ခံသောသူနှင့် တူသည်။ မြေဩဇာသည်ကောင်းပြီး နက်သဖြင့်မျိုးစေ့အတွက် ကောင်းစွာပြင်ဆင်ထားသည်။ ထိုမြေ၌ အပင်ကြီးထွားပြီး အသီးအနှံထွက်သည်။ အသီးအနှံဟူသည် ဘုရားသခင်၌ စစ်မှန်သော ယုံကြည်ခြင်း၏ အသက်တာသစ်ဖြစ်ပြီး ကောင်းသောအကျင့်များသည် ထိုသူ၏နောက်ကို လိုက်သည်။

ကျွန်ုပ်တို့သည် အခြားသူတို့အား ဘုရားသခင်၏သမ္မာတရားကို ဟောပြောသည့်အခါ သို့မဟုတ် သူတို့ဖတ်ရန် ကျမ်းစာကိုပေးသောအခါ မျိုးစေ့ကို ကြဲခြင်းဖြစ်သည်။ အချို့သောသူတို့သည် နားထောင်မည်မဟုတ်ပါ။ အချို့သော သူတို့သည် နားထောင်သော်လည်း သဘောပေါက်မည်မဟုတ်ပါ။ အချို့က နောက်တော်ကိုလိုက်ရန် လျင်မြန်မည်ဖြစ်သော်လည်း လွယ်ကူစွာ စိတ်ပျက်အားလျော့လိမ့်မည်။ သူတို့၏ ယုံကြည်အားနည်းခြင်းကြောင့် လွယ်ကူစွာ လက်လျှော့အရှုံးပေးလိမ့်မည်။ အချို့သော သူများက ယေရှု၏ လမ်းတော်သစ်ကို ဝမ်းမြောက်စွာလိုက်ကြမည်။ ထို့နောက် သူတို့ လမ်းကို အရှုံးခံကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အခြားအသစ်သောအရာများနှင့် အယူအဆများကို ရှိလိုသောကြောင့်ဖြစ်သည်။

## ၅။ ဥပမာ (Parable)

ယေရှုသည် သူ၏နောက်တော်လိုက်များအား သမ္မာတရားကို သွန်သင်ရာ၌ ဥပမာစကားများကို အသုံးပြုခဲ့သည်။ ဥပမာစကားတစ်ခွန်းသည် နေ့စဉ်အဖြစ်အပျက်များထဲမှ ရိုးစင်းသော အရာတစ်ခုဖြစ်သော်လည်း ထိုထက်နက်နဲသော ဝိညာဉ်ရေးရာ အဓိပ္ပါယ်ရှိသည်။

- သူက ဥပမာစကားများကို တပည့်တော်(၁၂)ပါးတို့အား နောက်မှရှင်းပြလေ့ရှိသည်(၄း၁၃)။
- လူစုလူဝေးထဲမှ သမ္မာတရားကို သိဖို့အလိုမရှိသောသူများရှိသည်။ သူတို့သည် နားမထောင်ကြ (သို့မဟုတ်) နားမလည်ကြပါ( ၄ း ၁၂၊ ၂၄–၂၅ ) ။

- ဘုရားသခင်၏သမ္မာတရားကိုသိရန် အလိုရှိသောသူများက ဥပမာ၏အဓိပ္ပါယ်ကို နားလည် သဘောပေါက်နိုင်ရန် ကြိုးစားခဲ့ကြသည်။
- သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရား၏အလိုတော်ကို နားလည်သိရှိလိုသော သူ၏နှလုံး သားအာ သမ္မာတရားကို ပို၍ပို၍ ဖွင့်ပြသည် (မဿဲ။ ၁၃း၁၄-၁၅)။
- ဘုရားသခင်၏သမ္မာတရားကို နားထောင်သောသူတို့သည် (၄း၉) ပို၍ နားလည်ကြပြီး သူတို့ကို ပြောင်းလဲစေလိမ့်မည်။

## ဥပမာများပေး၍သွန်သင်ခြင်း၏တန်ဖိုး
## The Value of Teaching In Parables

ဘုရားသခင်၏သမ္မာတရားကို သွန်သင်သောသူများနှင့် ကယ်တင်ရှင်ယေရှု ခရစ်တော် အကြောင်း ဟောပြောလိုသောသူများအား ကောင်းသောအကြံပေးချက်များ ဤနေရာ၌ရှိသည်။

၁။ သင်၏တရားဒေသနာကို ရိုးစင်းလွယ်ကူအောင် အမြဲလုပ်ပါ။
၂။ ဘုရားသခင်၏နိုင်ငံတော်ကို ပုံဖော်သော ပုံဥပမာများကို ပြောပါ။
၃။ သင်၏ကိုယ်ပိုင်ယဉ်ကျေးမှု ၊ အသက် နှင့် အတွေ့အကြုံများမှ ပုံဥပမာ များကို အသုံးပြုပါ။
၄။ သင်မည်သို့ပြောရမည်ကို သန့်ရှင်သောဝိညာဉ်တော်ဖွင့်ပြဖို့ဆုတောင်းပါ။
၅။ ပြဇာတ်နှင့်စိတ်ဝင်စားဖွယ်ပုံပြင်များကို ဖော်ပြပါ။
၆။ ယေရှုဟောပြောသကဲ့သို့ ပုံပြင်တစ်ခုစီကို ချဲ့ထွင်ပြောဆိုခြင်းအားဖြင့် (၄း၈၊ ၂၁၊ ၂၈၊ ၃၂) နားထောင် သူများပြုံးပျော်မည်ဖြစ်သည်။
၇။ ထို့နောက်ဘုရားသခင်၏ သမ္မာတရားနှင့်စပ်လျဉ်း၍ ရှင်းလင်းသောပုံပြင်များ အသုံးချရန် သတိပြုပါ (၄း၁၄-၂၀၊ ၂၆၊ ၃၀)။
၈။ ပုံပြင်က သမ္မတရားကိုနားလည်ရန် မည်ကဲ့သို့ ကူညီပေးသည်ကို ရှင်းပြပါ (၄း၃၃)။
၉။ ပို၍ သိရှိလိုသောသူများကို ရှာဖွေပါ (၄း၃၄)။

ယေရှုက လူတို့အား ဤဥပမာကိုမျှ နားမလည်လျှင် ၊ ဥပမာရှိသမျှတို့ကို အဘယ်သို့နားလည်ကြမည်နည်း'' ဟုသတိပေးတော်မူ၏ (ရှင်မာကု၊ ၄း၁၃)။ ဤအကြောင်းကြောင့်ဟေရှာယ ဓမ္မဟောင်းကျမ်းထဲ၌ သတိပေးခဲ့ခြင်းဖြစ်သည် (၄း၁၂။ ဟေရှာ။ ၆း၉၊ ၁၀)။ သို့သော် ဤအရာများကိုကြားပြီး နားလည်သော သူတို့သည် ဘုရားသခင်၏နိုင်ငံတော်၌ အသီးသီးသော အသက်တာဖြင့် အသက်ရှင် ကြပါလိမ့်မည်




(၄း၂၀)။ ဤဥပမာက ကယ်တင်ခြင်းခံရပြီးသော သူနှင့်ပျောက်ဆုံး နေသောသူတို့အကြား ခြားနားချက်များကို ပြသသည်။ ဤဥပမာက ဘုရားသခင်၏ သမ္မာတရားကို သေချာစွာ နားမထောင်သောသူတို့အပေါ်၌ မည်သို့ ဖြစ်ပျက်သည်ကို ပြသသည်။ သို့သော် လူများစွာတို့က ဤအကြောင်းအရာများကို နားလည်သဘောပေါက်မည် မဟုတ်ပေ။ သို့သော် စိတ်ပျက်အားလျော့အကြောင်းမှုကား ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံရရှိသောသူတို့၌ ကောင်းသောရိတ်သိမ်းခြင်း တစ်ခုရှိမည်ဖြစ်သောကြောင့် တည်း (၄း၂၀)။

ယေရှုသည် မီးအိမ်တစ်လုံးကဲ့သို့ဖြစ်သည်။ သူသည် မြှောက်ထားခြင်းကို ခံသောအားဖြင့် လူအားလုံးတို့သည် ဘုရားသခင်၏ သမ္မာတရားအလင်းကို မြင်တွေ့ကြလိမ့်မည် (၄း၂၂။ ယော၊ ၁း၄း၅)။ သင်လက်ခံ ရရှိထားသောအရာများကို အခြားသောသူတို့အား ပေးကမ်းပါ။ ဘုရားသခင်၏သမ္မာတရားအလင်းက အခြားသူတို့ကို ကောင်းကြီးပေးမည်ဖြစ်ပြီး သင်သည်သူတို့ထက်ပို၍ ခံစားရရှိမည် ဖြစ်သည် (၄း၂၄)။

## ဘုရားသခင်၏နိုင်ငံတော်အကြောင်းဥပမာများ

### Parables About The Kingdom of God

ယေရှု၏တပည့်တော်များက ဘုရားသခင်၏နိုင်ငံတော်အကြောင်း သူပြောပြနေခြင်းကို နားမလည်ကြချေ။ ထို့ကြောင့် ယေရှုသည် သူတို့၏ အသက်တာမှ အများသိထားသောဥပမာကို ယူသုံးခဲ့သည်။ မျိုးစေ့စိုက်သောသူသည် နှုတ်ကပတ်တော်ကို ဟောပြောသော ဧဝံဂေလိဆရာနှင့်တူသည် (၄း၂၆)။ သူက မျိုးစေ့သည် အလိုအလျောက် ပေါက်ပွားရှင်သန်ကြီးထွားလိမ့်မည်ဟု ယုံကြည်သည်။ သူကရိတ်သိမ်းခြင်းအတွက် ဧဝံဂေလိလုပ်ခြင်းသည် ပို၍များစွာသောမျိုးစေ့များကို သီးစေလိမ့်မည်ဟုယုံကြည်သည်။ ရှင်သန်ကြီးပွားသည့် မျိုးစေ့သည် ဘုရားသခင်၏သမ္မာတရားဘက်၌ နှလုံးသားဖွင့်ထားသောသူများ၏ အသက်တာထဲတွင် သန့်ရှင်းသောဝိညာဉ်တော် လုပ်ဆောင်ခြင်းဖြစ်သည်။

လယ်သမားက ရိတ်သိမ်းခြင်းကို မဖန်တီးနိုင်ဘူး ၊ သူသည် သူ၏အလုပ်သမားများနှင့်အတူရိတ်ခြင်း ကိုပြုရန် အဆင်သင့်ဖြစ်ပြီး တိရစ္ဆာန်များ ၊ ငှက်များ၊ ပိုးမွှားများ ၊ ပေါင်းပင်များနှင့်ရာသီဥတုတို့မှ ကာကွယ်၍ဂရုစိုက်ကာ ယုံကြည်ခြင်းဖြင့် စောင့်ဆိုင်းရပါမည်။

ယေရှုကဘုရားသခင်၏ နိုင်ငံတော်အကြောင်းအခြားဥပမာကို မိန့်တော်မူခဲ့သည်။ ၄င်းသည် ဥယျာဉ်ထဲ၌ စိုက်ပျိုးသောသေးငယ်သော မုံညင်းစေ့နှင့်တူ၏။ တစ်နှစ်မပြည့်မီ ထိုမုံညင်းပင်သည် အခြားအပင်များ အားလုံးထက်ပို၍ ကြီးထွားလာလိမ့်မည်။

ဘုရားသခင်၏ နိုင်ငံတော်သည် မြေကြီးပေါ်၌ အလွန်သေးငယ်သော အရာတစ်ခုကဲ့သို့ စတင်ခဲ့သည်။ ယေရှုနောက်တော်ကိုလိုက်သော သူများသည် အရေးပါသောပုဂ္ဂိုလ်များမဟုတ်ကြပါ။ သူတို့သည် တန်ခိုးဩဇာမရှိသော သာမန်လူများဖြစ်ကြသည်။ သို့ဖြစ်သည့်တိုင်အောင် သူတို့၏ သတ်မှတ်ချိန်အတွင်း နိုင်ငံတော်သည် ကမ္ဘာအနှံ့သို့ ပြန့်နှံ့စေခဲ့ကြသည် (တမန်၊ ၁း၈၊ ၁၇း၆)။

ယနေ့သမ္မာတရားသည် နေရာတကာသို့ ဟောပြောပြီး ဖြစ်ပါသည်။ အမျိုးသားအမျိုးသမီးများသည် ဘုရားသခင်၏သမ္မာတရားကို ငြင်းပယ်ကြသည် (သို့မဟုတ်) ယုံကြည်၍ ယေရှု၏တပည့်တော်များဖြစ်လာ ကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်က အသီးအနှံကို ထုတ်လုပ်ပြီး ဘုရားသခင်၏ လူများက ရိတ်သိမ်းကြသည်။ သို့သော် ယေရှုက ရိတ်သိမ်းမည့်အလုပ်သမားနည်းပါးသည်ဟု သတိပေးခဲ့သည်(မဿဲ၊ ၉း၃၇)။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ယေရှုက ''ကြားစရာနားရှိသော သူမည်သည်ကား ကြားပါစေ'' မိန့်တော်မူသော စကားသည် မည်သို့ဆိုလိုသနည်း (မဿဲ၊ ၄း၉)။

၂။ ပရောဖက် ယေရမိက နှလုံးသားမာကြောသောသူတို့အကြောင်း မည်သို့ပြောသနည်း(၄း၁၂၊ ယေရမိ၊ ၁၇း၉)။

၃။ ''ကောင်းသောမြေ'' ဟူသည် မည်သည့်အရာနည်း။

၄။ လူတို့၏ စိတ်နှလုံးထဲ၌ မျိုးစေ့ရှင်သန်ကြီးထွားနိုင်ရန် ကျွန်ုပ်တို့မည်ကဲ့သို့ ကူညီနိုင်သနည်း။

၅။ ကျွန်ုပ်တို့သည် (၄း၁၄) ၌ ဘုရားသခင်အကြောင်း မည်သို့လေ့လာ၍ (၄း၁၅) ၌စာတန်အကြောင်း မည်သို့လေ့လာသနည်း။

၆။ ဘုရားသခင်၏သမ္မာတရားကို လူတို့နားလည်အောင် ကျွန်ုပ်တို့မည်သို့ကူညီနိုင်သနည်း (၄း၃၃)။

မျိုးစေ့ကို မည်သူကပြန့်သနည်း (အငယ်း၂၆)။ ထိုမျိုးစေ့ကို မည်သူက ကြီးပွားစေသတည်း (အငယ်၊ ၂၇၊၂၈)။ မည်သူက အသီးအနှံကို ရိတ်သိမ်းသနည်း (အငယ်၊ ၂၉)။ သင်သည် ကြဲဖြန့်ခြင်းနှင့် ရိတ်သိမ်းခြင်း နှစ်ခုစလုံးတွင် ပါဝင်ပါသလား။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်အား သူ့အပိုင်းကို လုပ်ဆောင်ရန် တောင်းဆို၍ယုံကြည်

စိတ်ချပါသလား။ သင်သည် မျိုးစေ့ကြဲသောသူနှင့်ရိတ်သိမ်းသောသူ များကို မည်သို့ ထောက်ပံ့နိုင်သနည်း။ ဘုရားသခင်၏နိုင်ငံတော် ကျယ်ပြန့်နိုင်ရန် သင်တန်းသင်ကြားခြင်းနှင့် သမ္မာကျမ်း (စာပေ) လုပ်ငန်းတို့က မည်သို့သောအပိုင်းမှာ လုပ်ဆောင်သနည်း။ သင်သည် ပို၍များစွာသော ရိတ်သိမ်းသူအလုပ်သမားများအတွက် ဆုတောင်းနေပါသလား (မဿဲ၊ ၉း၃၈)။

## 📖 ရှင်မာကု ၄း၃၅–၄၁ (လု၊ ၈း၂၂–၂၅ )
## တပည့်တော်များအိုင်တစ်ဘက်ကိုကူးဖြတ်ကြခြင်း
### The Disciples Cross The Lake

ယေရှုက သူ၏တပည့်တော်များကို သူ့အားအိုင်တစ်ဘက်ကမ်းသို့ ခေါ်သွားရန် မိန့်တော်မူသည်။ အိုင်ကို ကူးဖြတ်နေကြစဉ် လေမုန်တိုင်းစတင်တိုက်ခိုက်၍ လှိုင်းတံပိုး ထသဖြင့် သူတို့၏သေးငယ်သောလှေကို ရိုက်ခတ်သည်။ တပည့်တော်များက ကြောက်ရွံ့ ထိတ်လန့်ကြသော်လည်း ယေရှုမကြောက်ပါ။ သူသည် အေးဆေးစွာဘဲအိပ်သည်။




တပည့်တော်များက "အရှင်ဘုရား အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်သည်ကို လျစ်လျူသော စိတ်ရှိတော်မူသလော"ဟု ယေရှုကို လျှောက်ကြ၏ (၄း၃၈)။ ယေရှုသည်ထ၍ "တိတ်ဆိတ်ငြိမ်သက်စွာနေ" ဟု လေကိုဆုံးမတော်မူသည်။ ထို့နောက် လေသည် ငြိမ်ဝပ်သွားပြီး အိုင်သည်လည်း အလွန် ငြိမ်သက်လာသည်။ သာမန်အားဖြင့် လှိုင်းတံပိုးငြိမ်သက်လာဖို့ အချိန်အတော်ကြာတတ်သည်။ တပည့်တော်တို့သည် ဤကဲ့သို့သောအဖြစ်အပျက်တစ်စုံတစ်ရာကိုမျှ မမြင်ခဲ့ဘူးကြပါ။

သူတို့သည် အချင်းချင်းကြည့် ကြပြီးလျှင် တစ်ယောက်က တီးတိုး ပြောသည်မှာ ဤသူက အဘယ်သို့ သောသူနည်း။ "လေနှင့်လှိုင်းတံပိုးက သူ၏စကားကိုနားထောင်ပါသည် တကား" ဟုပြောဆို၏ (၄း၄၁)။ သူတို့သည် အရင်ကလှိုင်းတံပိုးကို ကြောက်ခဲ့ကြသော်လည်း ယခုအချိန်မှာ ယေရှုကို ကြောက်ကြသည်။ သူသည် လူတစ်ယောက်ထက်သာသည်။ သူက ဘုရားသခင်ပင်ဖြစ်သည်။ ယေရှုက သူတို့ကိုအကာအကွယ် ပေးရန် သူ့အားအဘယ်ကြောင့် သူတို့အား ခံစားမှုမရှိသည်ကို သိရန်အလိုတော်ရှိသည်။

ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ပင်လယ်လှိုင်းတံပိုးကဲ့သို့ မငြိမ်မသက် ဖြစ်သည့်အခါ ယေရှုက ထိုနည်းတူ ပြောလိမ့်မည်။ ''ငြိမ်ဝပ်စွာနေပါ၊ သင်နှင့်အတူ ငါရှိသည်။ ငါ့ကို ကိုးစားပါ။''

## ရှင်မာကု၊ ၅း၁-၂၀ (လု၊ ၈း၂၆-၃၉ )

### ယေရှုက လူ၏နှလုံးသားထဲသို့ ငြိမ်သက်ခြင်းကို ယူဆောင်ပေးခြင်း

### Jesus Brings Peace To A Person's Heart

အိုင်၏ဘေးနားမှာ သေသောသူများ သင်္ဂြိုဟ်ရန်လူများအသုံးပြုသော သင်္ချိုင်းဂူများရှိသည်။ ထိုနေရာ၌ ရိုင်းနေသောလူတစ်ယောက်ရှိသည် (၅း၃)။ နတ်ဆိုးများက သူ့ကို အလွန်အားကြီးသောသူနှင့် စိတ်တိုသောသူဖြစ်စေသည်။ လူများက သူ့ကို သံကြိုးကွင်းဆက်များဖြင့် ချည်နှောင်ရန် ကြိုးစားကြသော်လည်း ထိုသံကြိုးကို ဆွဲဖြတ်၍ ထွက်ပြေးတတ်၏။

ယေရှုသည် လှေထဲသို့ကြွတော်မူသည်ကို သူသည်တွေ့သောအခါ အထံတော်သို့ လာ၍ ဒူးထောက်လေ၏ (၅း၆)။ နတ်ဆိုးများက ယေရှုကိုသိကြသည်။ ထို့ကြောင့် ယေရှုအား ''အမြင့်ဆုံးသောဘုရားသခင်၏ သားတော် ယေရှု ကိုယ်တော်သည် အကျွန်ုပ်နှင့်အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်ကို ညှင်းဆဲတော်မမူမည့် အကြောင်းကတိသစ္စာဆိုတော်မူပါ'' ဟုအော်ဟစ်တောင်းပန်၏ (၅း၇)။ နတ်ဆိုးများက ယေရှု၏ အဖြစ်မှန်ကို သိကြသည်။ နတ်ဆိုးများသည် ယေရှုကို ကြောက်ရွံ့ကြသည်။ သူတို့က ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်း သိကြသည်။ သူတို့အား ယေရှုသည် သူတို့အပေါ်၌ ဩဇာအာဏာရှိသည်ကို သိသဖြင့် ကြောက် ရွံ့ကြသည် (ယာကုပ်၊ ၂း၁၉)။ သူတို့က ယေရှုသည် ဖန်ဆင်းရှင် ဖြစ်ကြောင်းသိကြသည်။ နတ်ဆိုးများသည် အမိန့်တော်ကို နာခံရမည်ဖြစ် သောကြောင့် ယေရှုသည် နတ်ဆိုးများအား အမိန့်ပေးနိုင်သည်။

ရှင်မာကုက ယေရှုသည် အရာခပ်သိမ်းအပေါ် တန်ခိုးအာဏာရှိသောသူ ဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြသခဲ့သည်။ ယေရှုက နတ်ဆိုးတို့အား ဝက်အုပ်တစ်အုပ်အထဲသို့ ဝင်ခွင့်ပြုလိုက်သည် (ယုဒလူမျိုးများသည် ဝက်သားကိုမစား ကြပါ)။ ထို့နောက် ထိုလူက ဝက်များအိုင်ထဲသို့ ပြေးဝင်နေသည်ကိုတွေ့ပြီး သူလွတ်ခြင်း အခွင့်ရသည်ကို သိရှိလာသည်။ နတ်ဆိုးများ၏ချုပ်နှောင်ခြင်းမှ လွတ်သွားပြီဖြစ်သည်။ သူသည် ယေရှု၌ ယုံကြည်ခြင်းရှိ၍ ဘုရားသခင်ကို ချီးမွမ်းသည်။ သို့သော်ဝက်များကို ထိန်းကျောင်းသော သူများသည်လည်း ထွက်ပြေး၍ မြို့ထဲသို့ ဝင်ပြီးလျှင် ဝက်ပိုင်ရှင်များအား မည်သို့ဖြစ်ပျက်သည်ကို ပြောကြသည်။ လူများတို့သည် ထိုအကြောင်းသတင်းကိုကြားသောအခါ ထိုအမှုအရာတို့ကို ကြည့်ရှုအံ့သောငှာထွက်လာကြ၏ (၅း၁၄) ။

နတ်ဆိုးစွဲသောသူသည် ပကတိစိတ်နှင့်ယေရှုခြေတော်ရင်းမှာ ငြိမ်ဝပ်စွာ ထိုင်နေသည်။ မြို့ထဲမှလာသော သူတို့သည် ကြောက်ရွံ့ခြင်းရှိကြ၏။ ယခင်က သူတို့သည် နတ်ဆိုးစွဲသောသူကို ကြောက်ကြသည် (၅း၁၅)။ သူတို့ဝက်များ ဆုံးရှုံးခဲ့ကြသောကြောင့် ယေရှုအား ထိုနေရာမှထွက်သွားတော်မူမည့်အကြောင်း တောင်းပန်ကြ၏။

## အိမ်ပြန်ပြီးသင်၏မိသားစုကိုပြောပြပါ

**Go Home And Tell Your Family**

ထိုသူသည် သောင်ပြင်ပေါ် ယေရှုဘေးမှာ မတ်တတ်ရပ်လျက်နေသည်။ သူ့မှာ မိတ်ဆွေမရှိ ၊ အစားအစာမရှိ ၊ အလုပ်အကိုင်မရှိ ၊ နေထိုင်ဖို့ရန် နေရာလည်း မရှိပါ။ ထို့ကြောင့် ''ကိုယ်တော်နှင့်အတူရှိပါ မည့်အကြောင်း'' ယေရှုအား တောင်းပန်၏ (၅း၁၉)။ ယေရှုက ''သင်သည် ကိုယ့်အိမ်သို့သွားလော့၊ ထာဝရဘုရားသည် သနားခြင်း စိတ်တော်နှင့် သင့်၌အဘယ်မျှလောက် ကျေးဇူးပြုတော်မူသည်ကို သင်၏အဆွေအမျိုးတို့အား ပြသလော့'' ဟုမိန့်တော်မူ၏ (၅း၁၉)။




နှစ်ပေါင်းများစွာ အတွင်းတွင် စာတန်သည် ဤလူ၏မိသားစုမှ သားတစ်ယောက်နှင့်ဖခင်တစ်ယောက်ကို လုယူက်ခဲ့သည်။ ယခု အခါ သူ့အတွက်ယေရှုက မည်သို့ပြုလုပ်ပေးခဲ့ကြောင်းကို မိသားစုအားပြောပြရန်နှင့် အခြားသူများ အား ယေရှုအကြောင်း ပြောပြဖို့ရန် အတွက် အိမ်ပြန်ရန် အချိန်ရောက်လာပြီဖြစ်သည်။ ဤလူက ဂါလိလဲအိုင်အရှေ့ဘက်ကမ်း၌ရှိသော မြို့ကြီး (၁၀)မြို့တွင် ရှိသောလူများကို သက်သေခံခဲ့သည်။ ဤလူမျိုးများသည် တစ်ပါးအမျိုးသားများ ဖြစ်ကြသည်။ ယေရှုသည် ယုဒလူမျိုးများနေထိုင်ရာ အိုင်တစ်ဘက်ကမ်းသို့ ပြန်ကြွ တော်မူ၏ (၅း၂၁)။

မကြာခဏဆိုသလို စုန်းကဝေအတတ် (သို့မဟုတ်) ကာမယာဃ (သို့မဟုတ်) မူးယစ်ဆေးဝါး (သို့မဟုတ်) အရက်သေစာ (သို့မဟုတ်) လောင်းကစား ခြင်းတို့က ကျွန်ုပ်တို့၏ မိသားစုဝင်များ (သို့မဟုတ်) မိဘများကို ကြမ်းတမ်းခက်ထန်သောသူ (သခင်) အဖြစ်သို့ မှောက်လှန်ဖျက်ဆီးတတ်သည်။ ဤအရာများကို လုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်တာထဲသို့ နတ်ဆိုးများကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။ ယေရှု၏တန်ခိုးတော်သာလျှင် ဤနတ်ဆိုးများကို နှင်ထုတ်နိုင်သည်။ ယေရှုတစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့ ချစ်စွာသော သူတို့ကို လွှတ်ခြင်းအခွင့် ၊ ချစ်တတ်သောစိတ်နှင့်

ကာမဂုဏ်ချုပ်တည်းခြင်းတို့ကို ပေးနိုင်သည် (၂တိမောသ ၊ ၁း၇)။ ဤလူသည် ယေရှု ထံတော်သို့ လွတ်လပ်စွာ ပြေးခဲ့သည်ကို သတိပြုပါ(၅း၆)။ သို့သော် သူသည် ယေရှုက နတ်ဆိုးများကိုနှင်ထုတ်သည့် အခါ၌သာလျှင် အမှန်တကယ်လွတ်မြောက်ခြင်းဖြစ်သည်။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ကျွန်ုပ်သည် ရှင်မာကု (၄း၃၉) မှ ယေရှုအကြောင်းမည်သည့် သမ္မာတရားကို လေ့လာသင်ယူခဲ့ သနည်း။

၂။ မည်သည့်အတွက်ကြောင့် နတ်ဆိုးစွဲသောသူသည် ယေရှုကို တွေ့ရန် ပြေးခဲ့သနည်း(၅း၂၊၆)။

၃။ နတ်ဆိုးတို့က ယေရှုအကြောင်း မည်သို့သိသနည်း(၅း၇)။

၄။ ရွာသားများသည် သချိုင်းသို့ရောက်သောအခါ မည်သည့်အရာကို တွေ့ကြသနည်း(၅း၁၅)။

၅။ ထိုလူက မည်သည့်အရာကို လုပ်ဆောင်လိုပါသနည်း(၅း၁၈)။
ယေရှုက ထိုသူ့ကို မည်သည့်အရာလုပ်ဆောင်စေလိုပါသနည်း။ (၅း၁၉)
အကျိုးသက်ရောက်မှုကား မည်သည့်အရာဖြစ်သနည်း (၅း၂၀)။

## ရှင်မာကု။ ၅း၂၁–၄၃ (လု၊ ၈း၄၁–၅၆ )

## ဖျားနာသောအမျိုးသမီးတစ်ယောက်နှင့် ယုဒလူမျိုးခေါင်းဆောင်တစ်ယောက်တို့၏ယုံကြည်ခြင်း။

## The Faith of A Sick Woman and A Jewish Leader

ယာဣရုအမည်ရှိသော တရားစရပ်မှူးသည်လာ၍ ယေရှု၏ ခြေတော်ရင်း၌ ပြပ်ဝပ်လျက် "အကျွန်ုပ် ၏သမီးငယ်သေလုပါပြီး ကြွတော်မူ၍ သူ့အပေါ်၌ လက်ကို တင်တော်မူပါ" ဟုတောင်းပန်၏ (၅း၂၃)။

လူစုလူဝေးတို့သည် ကိုယ်တော်ကို တွန်းတိုက်မိကြပြီး နာနေသော အမျိုး သမီးတစ်ယေက်သည် သူ့အနားသို့ချဉ်းကပ်လာ၏။ သူမသည် ဆေးဝါးအတွက် ရှိသမျှ ငွေကြေးများသုံးဖြုန်းခဲ့သော်လည်း သူမ၏ အနာသည်ပို၍ ဆိုးဝါးလာခဲ့သည်။ ယုံကြည် ခြင်းဖြင့် ယေရှုနောက်ကိုရောက်လာပြီး သူ၏အဝတ်တော် အောက်ပိုင်းကိုထိကာ အနာ ပျောက်သွားသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ အားနည်းသော ယုံကြည်ခြင်းဖြင့် တောင်း လျှောက်သောအရာကို အမြဲတမ်းအဖြေပေးပါသည်။ ယေရှုသည် နောက်တော်သို့ လှည့်၍ "ငါ့ကိုအဘယ်သူတို့ထိသနည်း" ဟု မေးတော်မူ၏။ သူသည် မိမိကိုယ်မှ တန်ခိုး ထွက်သည်ကို သိတော်မူ၏ (၅း၃၀။ လု၊ ၈း၄၅)။

တန်ခိုးတော်သည်အဝတ်တော်၌ရှိသည်မဟုတ် ၊ ယေရှု၌ရှိသနည်း။

အမျိုးသမီးကလည်း သူမ၏အနာပျောက်သည်ကို သိသည် (၈း၂၉)။ သူမသည် ရှေ့တော်သို့ တက်လာပြီး ယေရှု၏ ခြေတော်ရင်း၌ ပြပ်ဝပ်လျက်နေသည်။ ယေရှုက ''သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ'' ဟုမိန့်တော်မူလျက် ''ငြိမ်ဝပ်စွာ သွားလော့ ၊ သင်သည် ရောဂါနှိပ်စက်ခြင်းမှ ကင်းလွတ်ပြီ'' ဟုမိန့်တော် မူ၏ (၈း၃၄)။ ဤကဲ့သို့သော စကားမျိုးကို ယခင်က ဤမိန်းမအား မည်သူကမျှမပြောခဲ့ဖူးပါ။




သင်၌ အနာရောဂါတစ်မျိုး ရှိကောင်း ရှိနိုင်သည်။ သို့မဟုတ် တစ်စုံတစ်ဦးက သင့်ကိုနာကျင်စေနိုင် သည်။ အနာသည်နှစ်နှင့်ချီပြီး ကြာကောင်းကြာနိုင်သည်။ သင်သည်နည်းမျိုးစုံကြိုးစားပြီး ကုသခဲ့သည်။ သို့သော် သင်၏အနာကို ပျောက်ကင်း စေမည့်အကြောင်း သူ့အားကိုးစားယုံကြည်ရန် စောင့်မျှော်လျက် ရှိသည်။

ယာဣရသည် ယေရှုကိုစောင့်မျှောလျက်ရှိသေးသည်။ သို့သော် သတင်း ပို့သောသူတို့သည် သူ့ထံသို့ သတင်းဆိုးနှင့်ရောက်လာကြသည်။ ''ကိုယ်တော်၏ သမီးသေပါပြီ။ အဘယ်ကြောင့်ဆရာကို နှောင့်ယှက်သေး သနည်း'' ဟုဆိုကြ၏။ ယေရှုက ''မကြောက်နှင့်ယုံကြည်လိုက်ပါ'' ဟုသူ့အား မိန့်တော်မူ၏ (၈း၃၅–၃၆)။

ယေရှုက သူနှင့်အတူ အိမ်ထဲသို့ဝင်ရန် ပေတရု ၊ ယာကုပ်နှင့်ယောဟန်တို့ကို ရွေးတော်မူ၏။ သူသည် ဤလူသုံးယောက်ကို သူနှင့်အတူ မကြာခဏထားလေ့ ရှိသည် (မာ၊ ၉း၂)။ သူတို့သည် အုန်းအုန်းသဲသဲအသံဖြင့် ငိုကြွေးနေသော ဝမ်းနည်းကြေကွဲသူအချို့ကို တွေ့ကြသည်။

ယေရှုက သူတို့အား သူငယ်သည် ''သေသည်မဟုတ် ၊ အိပ်ပျော်သည်'' ဟု မိန့်တော်မူသော်၊ ထိုသူတို့သည် ပြစ်ပယ်ပြုကြ၏ (၈း၄၀)။ သို့သော် ယေရှုက မိန်းမငယ်၏လက်ကို ကိုင်တော်မူလျက် ''မိန်းမငယ်ထလော့ ငါဆို၏'' ဟု မိန့်တော်မူ၏။ ထိုခဏခြင်းတွင် မိန်းမငယ်၏ဝိညာဉ်သည် သူမ၏ခန္ဓာသို့ ပြန်လာခဲ့သည်။ သူမသည် မတ်တတ်ရပ်လျက် အနီးနားသို့ လျှောက်သွားခဲ့သည်။

ယေရှု၌ လူတို့ကို အနာငြိမ်းစေသော တန်ခိုးနှင့်အသက်ကို ပြန်ပေးပိုင်သောတန်ခိုးရှိသည်။ ယုံကြည်ခြင်းဖြင့် သူ့ထံသို့အရောက်သွားပါ။ သင်လိုအပ်သော

အရာအားလုံးအတွက် ဆုတောင်းလျက် စောင့်နေပါ။ သူသည် သင့်အား အဖြေပေးရန် ကတိပေးတော်မူခဲ့ပြီ ၊ ( ဟေဗြဲ ၊ ၁၃း၈၊ ၅း၇)။ ဤကျမ်းစာ အကြောင်း အရာ၌ လူနှစ်ယောက်တို့ ပြုလုပ်သကဲ့သို့ သူ့ကိုစားယုံကြည်ပါ။

## ရှင်မာကု ၊ ၆း၁–၆ ( လု ၊ ၄း၁၆–၃၀ )
## နာဇရက်မြို့၌ ယုံကြည်ခြင်းမရှိ
## No Faith at Nazareth

ယေရှုသည် သူကြီးပြင်းခဲ့သော နာဇရက်မြို့သို့ ပြန်ကြွတော်မူ၏ ( မာ ၊ ၁း ၉။ လု ၊ ၂း၃၉)။ သူသည် ဥပုသ်နေ့တွင် ယုဒဘာသာဝင်တို့၏ စည်းဝေးရာ အိမ်ဖြစ်သော တရားဇရပ်၌ ဆုံးမဩဝါဒပေးတော်မူသည်။ သူဟောပြောသော ဩဝါဒကို ကြားသော သူမြောက်များစွာတို့ မိန်းမောတွေဝေခြင်းသို့ ရောက်ကြသည် (၆း၂)။ သို့သော် သူတို့သည် သူ့ကိုမေရှိယသို့ မယုံကြည်ခဲ့ကြချေ။ထိုနေရာ၌ အနည်းငယ်သောလူတို့ သာလျှင် အနာ ပျောက်၍ အဘယ်ကြောင့်ဆိုသော် သူ့ကို လက်သမား၏သားအဖြစ် သူတို့သိကြသော ကြောင့်ဖြစ်သည် (၆း၃)။ သူ့ကို မယုံကြည်နိုင်ကြချေ။ သူတို့က ယေရှုသည် ယောသပ်နှင့် မာရိတို့၏ သားဖြစ်ကြောင်း ယုံကြည်ကြသည်။ဘုရားသခင်၏သားတော်အဖြစ် ယေရှုကို မယုံကြည်နိုင်ကြချေ။

လူတစ်ယောက်သည် နေရာများစွာသို့သွား၍ အခြားသူများအား ကောင်းကြီး ယူဆောင်ပေး လိမ့်မည်။ သို့သော် မိမိအိမ်၌ အရေးမပါအရာမရောက် သူဖြစ်နိုင်သည်။ မနာလိုခြင်းသည် ဤသို့သော အဖြစ်များအတွက် မကြာခဏ အကြောင်းပြချက်ဖြစ်သည်။

**ကျွန်ုပ်တို့၏သူငယ်ချင်းများ ၊ ဆွေမျိုးများ ၊ အိမ်နီးချင်းများ ၊ လုပ်ဖော် ဆောင်ဖက်များနှင့် အသင်းတော်မိတ်သဟာရများမှ ကျွန်ုပ်တို့၏ သက်သေခံချက် အပေါ် သဘောထားက မည်သို့နည်း။ ကျွန်ုပ်တို့သည် မည်သို့ပြော၍ (အငယ် ၂/၄) ဆင်ခြင်လုပ်ဆောင်မည်နည်း( အငယ် ၅ ၊ ၆ )။**

## ရှင်မာကု ၆ း ၆–၃၃ ( လု၊ ၉း၁–၆ )
## ယေရှုကတပည့်တော်(၁၂)ပါးကို စေလွှတ်ခြင်း
## Jesus Sends Out The Twelve Disciples

ယေရှုသည် နာဇရက်မြို့မှ ဂါလိလဲနယ်ရှိ အခြားသော ဇနပုဒ်ရွာ ငယ်များသို့ ကြွတော်မူသည်။ မြေကြီးပေါ်၌ သူအသက်ရှင်မည့်အချိန်သည် မကြာမီကုန်ဆုံးသွားတော့ မည်ဖြစ်၍နေရာ အတော်များက လူတို့သည် သတင်းကောင်း ကြားမည် မဟုတ်ပါ။ ထို့ကြောင့် သတင်းကောင်းကိုပြောကြားပို့ရန်အတွက် တပည့်တော် များကို စေလွှတ်တော်

မှုသည်။ ယေရှုက သူတို့အားနတ်ဆိုးတို့အပေါ် တန်ခိုးရှိရန်နှင့် အနာရောဂါများကို ပျောက်ကင်းစေရန် တန်ခိုးကိုပေးတော်မူ၏ ( ဖြေး ၇ )။

သူတို့အား ယေရှုမိန့်တော်မူသောအရာကို သတိပြုပါ။ လွတ်အိတ်၊ မုန့် ၊ ခါးပန်း၌ကြေးငွေ ကို မယူကြနှင့်''။ သူတို့သည် ဘုရားသခင်အတွက် ဤအလုပ်ကို လုပ်နေကြသည်ဖြစ်သောကြောင့် အစားအသောက် သို့မဟုတ် ငွေကြေးအတွက် သူတို့ စိတ်ပူစရာမလိုတော့ပါ( ၄ း၁၉ ၊ ဖြေး၈)။ သူတို့သည် ဘုရားသခင်ကို ယုံကြည်စိတ်ချနိုင်သည်။

ယုံကြည်သူအားလုံးတို့၌ရှိသော တန်ခိုးသည် တပည့်တော်တို့၌ရှိသော တန်ခိုးနှင့် အတူတူပင် ဖြစ်သည်။ တပည့်တော်တို့သည်သွား၍ လူတို့သည် သူတို့ အပြစ်မှလှည့်ပြန်၍ နောင်တရသဖြင့် ဘုရားသခင်ထံသို့ ပြန်သွားရမည်အကြောင်း ဟောပြောကြသည် ( ဖြေး၁၂) ။ သူတို့သည် တစ်ယောက်တည်းမသွားဘဲ တစ်ချိန်တည်းမှာ နှစ်ယောက်စီသွားကြသည်ကို သတိပြုပါ (ဖြေး၇)။

မိသားစုတစ်စုက သူတို့ကို ကြိုဆိုသည့်အခါ သူတို့အိမ်ထဲသို့ဝင်ပြီး လူများတို့အား ဘုရားသခင်အကြောင်း သွန်သင်ဟောပြောကြသည်။ နတ်ဆိုးများကို နှင်ထုတ်ကြ၏။ မကျန်းမမာသူများကို ဆီအနည်းငယ်လူး၍ အနာကိုငြိမ်းစေကြသည် (ဖြေး၁၃)။

**ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။**

၁။ မည်သူက ယေရှု၌ယုံကြည်ခြင်းရှိသနည်း၊ ယာကုဗ္ဗလော ၊ သူ၏သမီးလော။

၂။ ယေရှုကိုယ်ကိုထိသော အမျိုးသမီးသည် ယေရှု၌ယုံကြည်ခြင်းရှိသလော ၊ သူ၏ဝတ်ရုံ(အဝတ်တော်) ၌လော။

၃။ မည်သည့်အတွက်ကြောင့် ယေရှုသည် နာဇရက်မြို့၌ အံ့သြဘွယ်အမှုများ မလုပ်နိုင်ခဲ့သနည်း။

၄။ သင်သည် အခြားသူများအား ယေရှုအကြောင်းပြောပြသည့်အခါ မည်သို့ ဖြစ်ပျက်နိုင်သနည်း။

**♤ သင်သည်မရှိဆင်းရဲသားများကို သနားခြင်းကရုဏာစိတ်ပြသော်လည်း ကယ်တင်ခြင်းနှင့် အနာငြိမ်းခြင်းကို ငြင်းဆိုသောသူများထံမှပြေးထွက်ပါလား။ သင်တွေ့သည် လူအားလုံးအတွက် လိုအပ်သောအရာများကို ဆုတောင်းပေးရန် တင်ပြပါ။**

## 📖 ရှင်မာကု ၊ ၆း၁၄–၂၆ ( လု ၊ ၉း၇–၉ )

### ဟေရုဒ်က ဗတ္တိဇံ ဆရာယောဟန်ကိုသတ်ခြင်း

### Herod Kills John The Baptizer

ဟေရုဒ်မင်းသည် ဂါလိလဲပြည်ကို အုပ်ချုပ်သူဖြစ်သည်။ သူသည် ယုဒလူမျိုးများနှင့်ရင်းနှီးသူ မဟုတ်ပါ။ သူသည် ရောမလူမျိုးများနှင့်ရင်းနှီးသူဖြစ်သည်။ သူ့ကိုစော်ဘွားဟုခေါ်ကြသည်။ အဘယ်ကြောင့် ဆိုသော်သူသည် ဣသရေလ နိုင်ငံကြီးမားသည့် အစိတ်အပိုင်းတစ်ခုကို အုပ်ချုပ်သော အကြီးအကဲဖြစ်သော ကြောင့် ဖြစ်သည် ( မဿဲ ၊ ၁၄း၁)။ သူက ယေရှုသည် ဖျားနာသောသူများအား အနာရောဂါငြိမ်းစေလျက် နတ်ဆိုးများကို နှင်ထုတ်ခဲ့ကြောင်း သတင်းကြားခဲ့သည်။ လူအချို့က ဘုရားသခင်သည် ဗတ္တိဇံဆရာယောဟန် ကို သေခြင်းမှထမြောက်စေပြီ'' ဟု ပြောဆိုကြပြီး အချို့က ''သူသည် ဧလိယဖြစ်သည်'' ဟု ဆိုကြသည်။

ဤအရာက ဟေရုဒ်မင်းကို သောကရောက်စေခဲ့သည်။ အဘယ်ကြောင့် ဆိုသော် သူသည်စိတ်နှလုံးအပြစ်ရှိသူ ဖြစ်လာသောကြောင့်ဖြစ်သည်။

သူက ယောဟန်ကိုသူ့အား တရားဟောသည့်အတွက် ထောင်ထဲသွင်းခဲ့သည် ( ၆း၁၆–၁၈)။ ယောဟန်ကဟေရုဒ်မင်းအား ''သူ့ညီဖိလိပ္ပု၏ခင်ပွန်းကို လက်ထပ်သိမ်းပိုက်ခြင်းအတွက် တရားမျှတမှု မရှိဘူး''ဟု ပြောပြပါသည်။ ဟေရုဒ်၏မိန်းမ ဟေရောဒိက ယောဟန်ကိုမုန်းတီး၍ အငြိုးထားသည်။ ထို့ကြောင့် ဟေရုဒ်က သူ့ကို ထောင်ထဲသွင်းပြီးနောက် သတ်ဖို့အကွက်ဆင်လျက်ရှိသည်။

ဟေရုဒ်မင်းက ဟေရောဒိ၏သမီးရှလောပိအား ကတိပေးခဲ့မိသောကြောင့် သူက ယောဟန်ကို သတ်ရန်အမိန့်တော်စေလွှတ်လိုက်သည်။ သူသည် သူ၏အရေးကြီးသော ဧည့်သည်တော်များ အားလုံး၏ရှေ့မှာ သူပေးမိသောကတိသည် မှားခဲ့ကြောင်း ဝန်ခံမည် မဟုတ်သလို ဤကိစ္စအတွက် ပြန်လည်စဉ်းစားရန် အချိန်ကိုလည်း စောင့်မည်မဟုတ်ပါ (၆း၂၇)။

ဟေရုဒ်မင်းသည် ယောဟန်၏စကားကို နောက်တဖန်နားထောင် လိုလိမ့်မည်။ သို့မဟုတ် ယေရှုကို တွေ့လိုပေလိမ့်မည်။ နောက်ပိုင်းမှာ ဟေရုဒ်မင်းသည် ယေရှုကိုလည်း သတ်ရန်အလိုရှိသည်။ ယေရှုက ''ငါသည် ယေရု ရှလင်မြို့သို့ သွားရမည်ဖြစ်ကြောင်း ထိုမြေခွေးဟေရုဒ်အား ပြောကြလော့'' ဟု မိန့်တော်မူ၏ (လု ၊ ၁၃း၃၃) ။ ယေရှုသည် ရှင်ဘုရင်ရှေ့မှောက်၌ ရပ်တော်မူလျက် စစ်ဆေးခြင်းကို ခံတော် မူစဉ် ဟေရုဒ်မင်းအား အဘယ်စကားတစ်ခွန်းမှ ပြန်ပြောတော်မမူပါ (လု ၊ ၂၃း၉)။

ယေရှုကဆိုးသောသူတို့သည် လူတို့ကို မိမိတို့အပြစ်များမှ ကယ်တင်ရန် ဘုရားသခင်၏ အကြံအစည်တော်ကို ဟန့်တားနိုင်မည်မဟုတ်ကြောင်းကို သိတော်မူခဲ့သည်။

## ရှင်မာကု ၊ ၆း၃၀–၄၄ (လု၊ ၉း၁၀–၁၇)

ယေရှုက လူငါးထောင်အား အစာကျွေးတော်မူခြင်း

Jesus Feeds Five Thousand Men

လူများစွာတို့သည် သွားလာကြသည်ဖြစ်၍ ယေရှုသည် တပည့်တော်တို့နှင့် တကွ အစာစားခြင်းငှာ မအားနိုင်ကြ (၆း၃၁)။ ထို့ကြောင့် ယေရှုက တပည့်တော်တို့အား ''ငါနှင့်အတူလာကြ။ စိတ်ကွယ်ရာအရပ်သို့ သွားကြစို့'' ဟု မိန့်တော်မူ၏။ ထို့ကြောင့် သူတို့သည် လှေပေါ်သို့တက်ပြီး အိုင်ကိုဖြတ်၍ ဗက်ဒဲမြို့သို့ သွားကြသည် (လု ၊ ၉း၁၀)။

လူအပေါင်းတို့သည် ယေရှုထွက်သွားသည်ကို သိကြသောကြောင့် သူတို့သည် ရှေ့မှာပြေးကြ၏။ သူ (ယေရှု)ကို တွေ့လိမ့်မည်ဟုမျှော်လင့်လျက် လူနာကို ဆောင်ယူ သွားကြသည်။

ယေရှုသည် သူတို့အတွက် နှလုံးမသာဖြစ်တော်မူ၏။ အဘယ့်ကြောင့် ဆိုသော် သူတို့သည် ထိန်းကျောင်းသူ မရှိသော သိုးကဲ့သို့ဖြစ်ကြောင်း၊ သူတို့သည် မည်မျှလောက် စိုးရိမ်ပူပန်နေကြောင်း အထီးကျန်နေကြကြောင်းနှင့် ပျောက်ဆုံးနေကြကြောင်းကို သိမြင် တော်မူသောကြောင့် သူတို့အားဩဝါဒ ပေးတော်မူခဲ့သည်။ သို့သော်လည်း တပည့်တော် တို့သည် ပင်ပန်းသည်ဖြစ်၍ လူစုလူဝေးမှ ထွက်ခွင့်ကို ရနိုင်ဖို့ဆန္ဒရှိကြသည်။ သူတို့သည် အနားယူလိုကြသောကြောင့် ယေရှုအား အကြောင်းပြချက်(၃)ခုဖြင့် လူတို့ကို လွှတ်တော်မူ မည်ဖြစ်ကြောင်း တောင်းလျှောက်ကြ၏။

(က) ဤနေရာသည် စားရန် သို့မဟုတ် အိပ်ရန်နေရာနှင့် အလွန် ဝေးသည်။

(ခ) ဤအချိန်သည် အလွန်နောက်ကျပြီ (မိုးချုပ်ပြီ)။

(ဂ) ပရိသတ်တို့ ထမင်းစားရန် လိုနေပြီ။

ယေရှုက တပည့်တော်တို့အား ''သူတို့စားစရာ တစ်စုံတစ်ခု ပေးကြလော့'' ဟု မိန့်တော်မူ၏။ တပည့်တော် ဖိလိပ္ပုက ''ရှစ်လစာ လုပ်အားခသည် တစ်ယောက် ချင်းစီ၏ ပါးစပ်အပြည့်စားရန် ဝယ်ဖို့ငွေမ လောက်ပါ'' ဟု ပြန်ပြောသည် (ယော၊ ၆း၇)။ ထို့နောက် အန္ဒြေက ''သည်မှာ ကလေးတစ်ယောက်၌ မုယောပေါင်မုန့်ငါးလုံး နှင့် ငါးကလေးနှစ်ကောင်ရှိသည်။'' သို့သော်လည်း ဤမျှလောက် များစွာသော လူတို့ သည် ရှိကြသည်ဖြစ်၍ အဘယ်ပြောစရာရှိပါသနည်း'' ဟု လျှောက်လေ၏ (ယော၊ ၆း၈)။

ယေရှုက ပရိသတ်အားလုံးထိုင်ရန် အမိန့်ပေးတော်မူပြီး ''ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် မုန့်ကိုဖဲ့၏။'' လူများတို့ရှေ့၌မုန့်ကို ထည့်စေခြင်းငှာ တပည့်တော်တို့အား ပေးတော်မူ၏ (မာ ၊ ၆း၄၀)။

တပည့်တော်တို့သည် မုန့်ကို ပို၍ပေးလေ၊ သူတို့အဖို့ မုန့်ပို၍များလေ ဖြစ်သဖြင့် သူတို့သည် အံ့သြကြသည်။ ''လူအပေါင်းတို့သည် စား၍ဝကြ၏။ ယေရှုသည် တပည့်တော်တို့အား နိမိတ်လက္ခဏာ ဆောင်ယူပို့ရန် အမှန်တကယ် အသုံးပြုတော်မူကြောင်းကို သတိပြုပါ။

ဘုရားသခင်၏ သားတော်ယေရှုသည် လူအမြောက်အများကို ကျွေးမွေးရန် သူ့ကိုကူညီမည်အကြောင်း ကျွန်ုပ်တို့အားလုံးကို ရွေးချယ်တော်မူခဲ့သည်။ ကျွန်ုပ်တို့၌ လူအချို့သည် ဤသူငယ်ယောက်ျားလေးကဲ့သို့ဖြစ်ကြ၏။ ပေးကမ်းထောက်ပံ့သူများဖြစ်ကြသည်။ ထို့နောက် ကမ္ဘာပေါ်မှာရှိသော ဆာလောင်မွတ်သိပ်နေသော လူမြောက်များစွာတို့သည် အသက်




မုန့်ကျွေးခြင်းကိုခံရရန် စောင့်မျှော်နေကြသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ ယေရှုအား ကျွန်ုပ်တို့၏ အရင်းအနှီး ၊ အချိန် ၊ အစွမ်းနှင့် မိမိတို့ကိုယ်တိုင်ပေးအပ်လိုက်သည့်အခါ သူက ကျွန်ုပ်တို့ကို ဆာမွတ်နေသောသူတို့အား အသက်မုန့်(အစာ)ကိုပေးရန် အသုံးပြုမည် ဖြစ်သည်။

ခရစ်ယာန်များက အလုပ်ကြီးမားလွန်းသည်ဟု မကြာခဏ ညည်းတွားတတ်ကြသည်။ သို့သော် ဘုရားသခင်က ကျွန်ုပ်တို့လိုအပ်သည်ထက် ပို၍များစွာသောခွန်အားကို ပေးတော်မူခဲ့ပြီး (ဖိလိပ္ပိ ၊ ၄း၁၃)။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ရှိသောအရာကို ပြောင်းလဲမြှင့်တင်ပေးပြီး အသုံးပြုသည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ရှိသော အရာများကို ပေးရန်တွန့်ဆုတ်နေပါက သူ၏ အံ့ဖွယ်နိမိတ်လက္ခဏာများကို မြင်နိုင်မည် မဟုတ်ပါ။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ဟေရုဒ်မင်း၏ယောဟန်နှင့် ယေရှုကို မယုံကြည်ခြင်း၏ အကျိုးရလဒ်ကား မည်သို့နည်း(၆း၂၁–၂၉)။

၂။ မည်သည့်အတွက်ကြောင့် တပည့်တော်တို့သည် လူစုလူဝေးတို့ကို တွေ့ရန်စိတ်အနှောင့်အယှက် ဖြစ်ခဲ့ကြသနည်း။

၃။ ဘုရားသခင်၏အမှုတော်လုပ်ငန်းသည် ကျွန်ုပ်တို့အတွက် အလွန်ကြီးမားသည့်အခါ မည်သို့ပြုလုပ် သင့်သနည်း။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မည်ကဲ့သို့ ကြီးပွားမည်နည်း။

၄။ ရှင်မာကု ၊ ၆း၃၁ ၊ ၃၄ နှင့် ၄၁ တို့မှ ယေရှုအကြောင်းကို မည်သို့သော သမ္မာတရားများကို ကျွန်ုပ်တို့ လေ့လာသိရှိခဲ့သနည်း။

[♤] လိုအပ်မှုများကြီးမားလာသည့်အခါ သင်သည် အရှုံးပေးသလား (သို့မဟုတ်) လစ်လျူရှုသလား။ သို့မဟုတ် ယေရှုက သင်လုပ်နေသောအရာအားဖြင့် နိမိတ် လက္ခဏာ ဖြစ်စေရန် ကူညီမည့်အကြောင်း သေးငယ်သော သင်၏အလုပ်ကို လုပ်နေပါသလား။

## [📖] ရှင်မာကု ၊ ၆ း ၄၅ – ၅၆
## ရေပေါ်မှာယေရှုလမ်းလျှောက်တော်မူခြင်း
## Jesus Walks on the Water

ယေရှုသည် တပည့်တော်တို့ကိုလှေစီးစေ၍ အဝေးကိုပို့လွှတ်တော်မူ၏။ ထို့နောက် စည်းဝေးသော သူတို့ကိုလွှတ်ပြီးမှ ဆုတောင်းပဌနာပြုအံ့သောငှာ တောင်ပေါ်သို့ ကြွတော်မူ၏။ ယေရှုသည် တပည့်တော်များ တိုက်ခတ်၍ ပင်ပန်းကြသည်ကို မြင်တော်မူလျှင် သူတို့ရှိရာသို့ ကြွတော်မူ၍ ရေပေါ်မှာလျှောက်သွားတော်မူ၏။ သူတို့သည် သူ့ကို မြင်သော အခါ ကြောက်၍အော်ဟစ်ကြ၏။ ထို့နောက် သူတို့သည် "တည်ကြည်သောစိတ်ရှိကြလော့၊ ငါပင် ဖြစ်သည်၊ မကြောက်လန့်ကြနှင့်" ဟု မိန့်တော်မူသောအသံကို ကြားကြ၏ (၆း၅၀)။

သူတို့သည် သူ၏အသံတော်ကို ကောင်းစွာသိကြသည်။ ဖုတ်တစ္ဆေ မဟုတ်ပါ။ ယခင်က သူတို့ကိုအကြိမ်ပေါင်းများစွာခေါ်ခဲ့ပြီး သူတို့သည် ကြောက်ရွံ့ခြင်းရှိကြသော်လည်း သူ၏အသံက သူတို့ကို ငြိမ်သက်ခြင်း ပေးခဲ့သည်။ လှေပေါ်သို့ တက်ကြွတော်မူသောအခါ လေမုန်တိုင်းရပ်သွား၏(၆း၅၀)။

တစ်ခါတစ်ရံ အသက်တာထဲသို့ မုန်တိုင်းများရောက်လာတတ်သည်။ ကျွန်ုပ်တို့သည် ကြောက်ရွံ့ခြင်း ရှိ၍ ဘုရားသခင်ကို မကိုးစားတတ်ကြသောကြောင့် အလုပ်ကို ကြိုးစားလုပ်ဆောင်ပြီး ရုန်းကန်တတ်ကြသည်။ ထို့နောက် ယေရှုသည် ကျွန်ုပ်တို့ထံ ရောက်လာလျှင် ကြောက်စိတ်များမပေါ်တော့ပြီ။ သူသည် ကျွန်ုပ်တို့ထံ သို့ ငြိမ်သက်ခြင်း၊ ခွန်အားနှင့် ယုံကြည်ခြင်းတို့ကို ယူဆောင်ပေးသည်။ ကျွန်ုပ်တို့နှင့်အတူ သူရှိလာသော အခါ ကျွန်ုပ်တို့၏ ပူပင်သောကများ လျော့နည်းသွားသကဲ့သို့ဖြစ်သည်။

ဤနေရာတွင် တပည့်တော်တို့၌ ယုံကြည်ခြင်း ကြီးကြီးမားမား မရှိသေးသည်ကို ကျွန်ုပ်တို့တွေ့နိုင် သည်။ သူတို့သည် ယေရှု၏နောက်တော်ကိုလိုက်၍ ဘုရားသခင် ပြုတော်မူသောအရာများကို တွေ့ခဲ့ပြီ။ သို့သော် ယေရှုက မုန်တိုင်းကိုငြိမ်သက်စေ၍ ရေပေါ်မှာ လျှောက်တော်မူသောအခါ အလွန်အံ့ဩခြင်း ရှိကြပေသည်။

ယေရှုနှင့် သူ၏တပည့်တော်များသည် ဂနေသရက်နယ်သို့ ဆိုက်ရောက်သည်နှင့်တပြိုင်နက် လူစု လူဝေးတို့သည် လူနာတို့ကိုအိပ်ရာနှင့်တကွ ဆောင်ခဲ့ကြပြီး အထံတော်သို့ ပြေးလာကြသည်(ဗ၊၅၃–၅၅)။

**ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။**

၁။ မည်သည့်အတွက်ကြောင့် ယေရှုသည် သူ၏တပည့် တော်များကို လှေတစ်စီးဖြင့် ပို့လွှတ်လိုက် သနည်း။ (ဗ၊၄၅–၄၆)။

၂။ ယေရှုသည် ညအချိန်၌ အိပ်စက်မည့်အစား ဆုတောင်းခဲ့သည်ကို မည်သည့်အတွက်ကြောင့်ဖြစ်သည် ဟု သင်ယူဆ ပါသနည်း။

၃။ အခန်းကြီး(၆)၏အဆုံး၌ တပည့်တော်တို့သည် ယေရှု၏အကြံအစည်တော်အကြောင်းကို မည်သို့ လေ့လာခဲ့ကြပြီး လူတို့အတွက် သူကရုစိုက်တော်မူခြင်းနှင့် သူ၏တန်ခိုးတော်အကြောင်း မည်သို့လေ့လာခဲ့ ကြသနည်း။

၄။ ရှင်မာကု ၊ ဗ၊၄၆ ၊ ၄၈ ၊ ၅၀ တို့၌ ယေရှုအကြောင်း မည်သည့်သမ္မာတရားများကို ကျွန်ုပ်တို့ လေ့လာကြသနည်း။

## ရွေးချယ်စရာများစွာပေးသော မေးခွန်းများ

Multiple Choice Questions

ရှင်မာကုအခန်းကြီး(၄) မှ (၆)ကို အခြေခံ၍(က ၊ ခ ၊ ဂ) တို့မှ အဖြေမှန်များကို ရွေးပါ။ အဖြေများပါ အဆုံးမှာ ပေးထားပါသည်။

၁။ ကောင်းသောမြေ၌ ကျပြီး အသီးများစွာကို သီးသည့်မျိုးစေ့သည် ဘုရား သခင်၏ တရားစကားကို ကြားသည့်လူများနှင့်တူ၍ –

(က) အလုပ်ကို အလွန်ကြိုးစားကြသည်။

(ခ) သူတို့အသက်တာ၌ ပူပင်သောကမရှိ။

(ဂ) ထိုစကားကို သူတို့စိတ်နှလုံးထဲ၌ စွဲမြဲစေသည်။

၂။ ဘုရားသခင်၏ နိုင်ငံတော်သည် မုံညင်းပင်နှင့်တူသည်။ အဘယ်ကြောင့်ဆိုသော် –––

(က) သေးငယ်သောမျိုးစေ့မှ ရှင်သန်ကြီးထွားသည်။

(ခ) ငှက်များ ၊ မျိုးစေ့များအတွက် အသုံးဝင်သည်။

(ဂ) ကောင်းသောမြေ၌သာလျှင် ရှင်သန်ကြီးထွားသည်။

၃။ နတ်ဆိုးစွဲဆိုသောသူသည် ---

(က) ယေရှုထံမှ ထွက်ပြေးသည်။

(ခ) ဝက်များကို ထိန်းကျောင်းသည်။

(ဂ) အိမ်သို့ ကောင်းမွန်စွာ ပြန်သွားသည်။

၄။ အမျိုးသမီးသည် အနာငြိမ်းခြင်းကို ---

(က) ဆရာဝန်ပေးသည့် ဆေးဝါးအားဖြင့်ရသည်။

(ခ) ယုံကြည်ခြင်းဖြင့် ယေရှုကို တို့ထိသောကြောင့်ရသည်။

(ဂ) ငွေကြေးကိုပေးခြင်းဖြင့် ရသည်။

၅။ ယေရှုနေထိုင်သော မြို့ရှိသူများသည် ---

(က) သူ့ကိုချစ်ကြသည်။

(ခ) သူ့ကို မယုံကြည်ကြပါ။

(ဂ) သူသည် ပရောဖက်တစ်ပါးဖြစ်သည်ဟု ဆိုကြသည်။

၆။ ဟေရုဒ်မင်းက ---

(က) ယောဟန်သည် လေိယဖြစ်သည်ဟုပြောသည်။

(ခ) ယောဟန်ကို သတ်လိုသည်။

(ဂ) ယောဟန်စကားကို နားထောင်လိုသည်။

## ရှင်မာကု ၊ ၇း၁–၂၃ (မဿဲ ၊ ၁၅း၁–၂၀)

### ဖာရိရှဲတို့၏သွန်သင်ချက်များ

### The Teaching Of The Pharisees


ယုဒလူမျိုးဘာသာရေးသမားများသည် အစာမစားမီ မိမိတို့လက်ကို အမြဲတမ်း ဆေးကြောလေ့ရှိသည်။ ဆက်လက်၍ အထူးနည်းလမ်းဖြင့် သူတို့လက်ကို ဆေးကြောကြသည်။ တပည့်တော်များသည် သူတို့၏လက်များကို မဆေးကြောဘဲ စားသောက်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် ဖာရိရှဲတို့၏ ဘာသာရေးလမ်းစဉ်ကို ဆန့်ကျင်ရာရောက်သည်။

ယေရှုက သူတော်ကောင်း ဟန်ဆောင်သည့် ဖာရိရှဲတစ်ချို့ကို ခေါ်ခဲ့သည်။ သူတို့သည် သန့်ရှင်းသူဖြစ်ရန်သာ ဟန်ဆောင်နေကြသည်။ သူတို့၏လက်ကို ဆေးကြောသော်လည်း သူတို့၏စိတ်နှလုံးမှာ သန့်ရှင်းခြင်းမရှိပါ။ ယေရှုက သူတို့အား ''အပြင်မှလာသော မည်သည့်အရာကမျှ သင် တို့ကို မညစ်ညူးစေနိုင်၊ အတွင်းမှ ထွက်သောအရာသည် သင်တို့ကို ညစ်ညူးစေနိုင်သည်'' ဟု မိန့်တော်မူ၏ (၇း၁၅)။ ဘုရားသခင်သည် လူတို့၏နှလုံးသားကို မြင်တော်မူသော ဘုရားဖြစ်သည်။ ကျွန်ုပ်တို့သည်

မည်သူမည်ဝါ ဖြစ်သည်၊ မည်သည့်အရာကို အမှန်တကယ် စဉ်းစား နေသည်ကို သူသိတော်မူ၏ (သုတ္တံ ၊ ၁၆း၂)။ ယေရှုက ''သင်တို့သည် ဘုရား သခင်၏ ပညတ်တော်တို့ကို လိုက်ကြသည် မဟုတ်၊ သင်တို့သည်လူတို့မှ ဆက်ခံသော နည်းဥပဒေသ တို့ကို စွဲကိုင်ထားကြသည်'' ဟု မိန့်တော်မူ၏ (ရး၁၈)။

''ဟေရှာယက သင်တို့ကို ရည်မှတ်၍ မှန်ကန်စွာ ပြောပြီ'' ဟု ယေရှုက သူတို့အား မိန့်တော်မူ၏ (ဟေရှာ ၊ ၂၉း၁၃) ။ ပရောဖက်က ဘုရားသင်၏နှုတ်ကပတ်တော်ကို ဝေဖန်တတ်သော ယုဒခေါင်းဆောင်များ ဆန့်ကျင်ပြောဆိုသည်။ ဤဓမ္မဟောင်းကျမ်းက သူတို့၏အယူအဆကို ရပ်တန့်စေမည်ဖြစ်သော်လည်း ဤလူ့ဂုဏ်သော ဖါရိရှဲများက ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ငြင်းဆန်ခဲ့ကြသည်။ သူတို့၏ ဘိုးဘွားများက သူတို့လိုက်နာရန် သွန်သင်ပေးထားသောအရာ၊ ထုံးတမ်းစဉ်လာများကို စောင့်ထိန်းခဲ့ကြသည်။ သူတို့သည် အစာမစားမီ လက်ကိုအထူး နည်းလမ်းဖြင့် ဆေးကြောခြင်းသည် သူတို့၏ထုံးတမ်း စဉ်လာတစ်ခု အပါအဝင်ဖြစ်သည်။

ယေရှုက သူတို့အား ဘုရားသခင်၏ပညတ်တော်များကို အလွဲယူကြပြီဟု မိန့်တော်မူ၏။ သူတို့အား ဥပမာတစ်ခုကိုပေးလျက် သူတို့သည် ''မိဘကို ရိုသေစွာပြုလော့'' ဟူသော ပညတ်တော်ကို နာခံခြင်းမရှိကြ။ ထိုပညတ်တော်ကို သင်တို့၏ ပညတ်ချက်နေရာမှာထားကြပြီ။ သူတို့က သားတစ်ယောက်သည် မိဘတို့အား ကူညီခြင်းကို ရပ်တန့်ရန် ဤသို့ပြောဆိုခြင်းကို ခွင့်ပြုခဲ့ကြသည်။ ''ဤအရာသည် ကော်ဘန်ဖြစ်သည်'' ဟူ၍ ကော်ဘန်၏ အနက်ကား ဘုရားသခင်အားပေးလှူသည့် အလှူဝတ္ထုဖြစ်ပြီး၊ များသောအားဖြင့် ငွေကြေးဖြစ်သည်။ ဤနည်းဖြင့် လူတစ် ယောက်က မိဘဝတ်ကို အလျှင်မပြုဟုတားမြစ်၍ မိမိတို့ဉစ္စာတို့ ပြန်လည်ရုပ် သိမ်းသည် (မာ ၊ ရး၁၁–၁၂)။




ကျွန်ုပ်တို့၏ လျှောက်ပတ်စွာပြုမူနေခြင်းကို ဘာသာရေးထုံးတမ်းစဉ်လာက ရပ်တန့်စေရန် ခွင့်မပြုသင့်ကြောင်း ဤဥပမာမှ သခ်ၤန်းစာယူရပါမည်။ ကျွန်ုပ်တို့

သည် သမ္မာကျမ်းစာတစ်အုပ်ကို နာခံလိုက်လျှောက် ရပါမည်။ တစ်ပိုင်းတစ်စသာ လိုက်နာရမည်မဟုတ်ပါ။

နောင်တွင်တပည့်တော်များက ညစ်ညူးသော စိတ်နှလုံး၏ ဥပမာ အကြောင်းကို သူ့အား တဖန်မေး လျှောက်ကြသည်။ ''သင်တို့ နားမလည်ကြ သလော'' ဟု ယေရှုက သူတို့ကို ပြန်မေးတော်မူပြီး၊ သူတို့ကို နောက်တဖန်လူများ၏ စိတ်နှလုံးထဲမှ ဆိုးယုတ်သည့်အကြံအစည် ၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ် နှင့် မှားယွင်းခြင်း၊ လူ့အသက်ကိုသတ်ခြင်း ၊ သူ့ဥစ္စာကိုခိုးခြင်း ၊ လောဘလွန်ကျူးခြင်း ၊ မနာလိုခြင်း ၊ လှည့်စားခြင်းနှင့် လိမ်လည်ခြင်း စသည်တို့သည် ထွက်လာသည်။ ဤဆိုးညစ်သော အရာများတို့သည် လူအတွင်းမှ ထွက်လာ၍ လူကိုညစ်ညူး စေကြသည်ဟု မိန့်တော်မူ၏ (ရှ၊၂၀–၂၃) ။

ထို့ကြောင့် ကျွန်ုပ်တို့၏လက်ကိုဆေးကြောခြင်းက ကျွန်ုပ်တို့၏ စိတ်နှလုံးကို မသန့်ရှင်းစေနိုင်ပါ။ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့၏အတွင်းပိုင်းကို သန့်ရှင်းစေနိုင်တော်မူ၏။ ယေရှုရှလင်မြို့မှ ဤယုဒလူမျိုး ခေါင်းဆောင်များသည် အပြင်ဘက်မှာ ကြည့်ကောင်းကြသည်။ သို့သော် ဘုရားသခင်က ကျွန်ုပ်တို့အား အတွင်းသဘော ကောင်းရန်အလိုတော်ရှိသည် (ရှ၆)။ အချို့သော ဖာရိရှဲများက ဘုရားသခင်၏ နှုတ်ကပတ် တော်ကို နာခံမည့်အစား ဘာသာရေးထုံးတမ်းစဉ်လာများကို ယုံကြည် ကြသည်။ ထို့ကြောင့် ယေရှုက သူတော်ကောင်းယောင်ဆောင်သူများဟု ခေါ်ခြင်း ဖြစ်သည်။ သူတို့သည် ကောင်းသောသူဖြစ်ရန် အယောင် ဆောင်ကြသည် (ရှ၆ ။ လု း ၁–၃၇–၅၄ ။ လု ၊ ၁၂း၁ – ၃ ) ။ လူတို့သည် သန့်ရှင်းသောအစာနှင့် မသန့် ရှင်းသောအစာတို့အကြောင်း ယုဒလူမျိုးတို့၏ ပညတ်ဟောင်း၌ ရေးသားသည့် အတိုင်း ထိန်းသိမ်းရန် မလိုတော့ပါ(ရှ၁၉) ။ (ယုဒလူမျိုးတို့က အချို့သောအသား များကို စားခွင့်မပြုပါ) ။ အစားအသောက် အဓိကပြဿနာမဟုတ်ပါ။ ဘုရားသခင် အတွက် အရေးကြီးသည်ဟု ယူဆသောအရာများကို လုပ်ဆောင်ခြင်းသာလျှင် အဓိကဖြစ်သည်။

ဤဖာရိရှဲများက ဓမ္မဟောင်းကျမ်းထဲမှာ ပေးထားသော ဘုရားသခင်၏ သမ္မာ တရားကို ဖျက်ဆီး ကြသည် (ရှ၁၃)။

### ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ဓမ္မဟောင်းမှ ဟေရှာယ၏ စကားများသည် ယနေ့အချိန်အထိတိုင် မှန်ကန်နေသေးသလော (ရှ၆၊၇)။

၂။ ယေရှု၏ သွန်သင်ချက်များ (ရှ၂၀–၂၃) နှင့် ပညတ်တော်(၁၀)ပါ (ထွက်၊ ၂၀း၁–၁၇) တို့ကို နှိုင်းယှဉ်ပါ။

၃။ သင်၏အသင်းတော်အုပ်ချုပ်မှုနှင့် ရှေးထုံးတမ်းစဉ်လာများက ခရစ်တော်သွန်သင် ချက်များကို လိုက်လျောပါသလော။

ယေရှုသည် ဓမ္မဟောင်း ပရောဖက်ပြုချက် ပညတ်တော် ခေါင်းဆောင်များနှင့် ဓမ္မဆရာများအပေါ် မည်သို့သော ရှုထောင့်အမြင်ရှိသနည်း (၇း၆–၁၃)။

## ရှင်မာကု ၊ ၇း၂၄ – ၃၇
## ဟေလသအမျိုးသမီးတစ်ယောက်၌ယုံကြည်ခြင်းရှိ
## A Gentile Woman Has Faith

ယေရှုသည် ထိုနေရာမှ ထွက်ခွာပြီး မြေထဲပင်လယ်ကမ်းခြေ၌ရှိသော တုရုမြို့သို့ ကြွတော်မူသည် (၇း၂၄) ။ တုရုမြို့နှင့် ဇိဒုန်မြို့တို့သည် မြေထဲပင် လယ်ကမ်းခြေ၌ရှိသော အလွန်ဟောင်းသည့် မြို့ကြီးများဖြစ်ကြသည်။ ထိုနေရာ၌ နေထိုင်သော လူများသည် ယုဒလူမျိုးများမဟုတ် ၊ ဟေလသလူမျိုး (တပါးအမျိုးသား) များဖြစ်ကြသည်။ သူတို့သည် အခြားသောနတ်ဘုရားများကို ကိုးကွယ်ကြသည်။

တုရုမြို့သည် ဂါလိလဲအိုင်(ပင်လယ်)မှ မိုင်(၄၀) (ကီလိုမီတာ ၆၀) ကွာဝေးသည်။ ယေရှုသည် သူရှိနေသည့်နေရာကို လူများသိအောင် အလိုတော်မရှိပါ။ သို့သော် ဤအရပ် မျိုးမှာပင် လူများတို့က ယေရှုကိုဂရုစိုက်သိကြသည်။

အမျိုးသမီးတစ်ယောက်သည် ယေရှုကို တွေ့ပြီးနောက်တော်မှ ဟစ်ခေါ်ခဲ့သည်။ ယေရှုက သူမ၏သမီးကို အနာပျောက်စေမည့်အကြောင်း လိုချင်ခဲ့သည်။ ဤအမျိုးသမီး သည် ယုဒလူမျိုးမဟုတ်သော်လည်း ယေရှု၏ခြေတော်ရင်းမှာ ဒူးထောက်၍ သူ၏အကူ အညီကိုတောင်းလျှောက်လျက်နေသည်။

ယေရှုက ''ရှေဦးစွာသားများကို အစာကျွေးပါရစေ။ သား၏အစာကို ယူ၍ ခွေးအားမပေးချအပ်'' ဟု မိန့်တော်မူ၏။ ယေရှုဆိုလိုသည်မှာ သူသည် နိုင်ငံတော်၏ သမ္မာတရားကို ယုဒလူမျိုးများအား ရှေဦးစွာ သွန်သင်ရန်အတွက် ကြွလာခဲ့ခြင်း ဖြစ်သည် ဟူ၍ဖြစ်သည်။ သူမက သူဆိုလိုသည့်အရာကို သိခဲ့သည် (ယော၊ ၁း၁၁ ။ မဿဲ ၊ ၁၀း၅ ၊ ၆) ။ ဟေလသလူမျိုး (ယုဒလူမျိုးမဟုတ်) များအတွက် မုန့်ကိုပေးရန် သူ၏ အချိန်သည်နောက်မှ လာလိမ့်မည် (ရှင်မာကု ၊ ၁၆း၁၅)။

ထိုအမျိုးသမီးက ''ခွေးသည် သားတို့၏ စားနပ်စားပေါက်ကို စားပွဲအောက်၌ စားမြဲထုံးစံရှိပါသည်''ဟု ပြန်လျှောက်သည် (၇း၂၈)။ သူမယုံကြည်ခြင်းသည် သူမ၌ ရှိကြောင်း ပြသခဲ့သည်။ သူမသည် ယုဒလူ တစ်ယောက်ထံသို့လာရန် မာနမကြီးခဲ့ပါ။ ယေရှုသည် သူမ၏ပြန်လျှောက်ခြင်းအပေါ် အားရတော်မူပြီး ''သင်၏သမီးအနာ ပျောက်ပြီ'' ဟု မိန့်တော်မူ၏ (၇း၂၉)။ ဤသို့ မိန့်တော်မူချက်သည် သူမစကား ရိုးစင်း သကဲ့သို့ ရိုးစင်းသည်။

ဘုရားသခင်၏ နိုင်ငံတော်သည် လူသားအားလုံးအတွက် ဖြစ်သည်။ ထို့ကြောင့် သူမသည် ယုဒ အမျိုးမဟုတ်ခဲ့သည့်တိုင် အသိအမှတ်ပြုအောင် တွန်းအားပေးခဲ့ရသည်။ သူမသည် သူမနေထိုင်သောမြို့၌ ပထမဆုံး (ယေရှုကို ယုံကြည်သောသူ) ဖြစ်ကောင်း ဖြစ်နိုင်သည် (မဿဲ ၊ ၈း၁၃ ။ ၁၁း၁၂)။

ဝမ်းနည်းစရာကောင်းသည်မှာ ယုဒဘာသာဝင် ယုဒလူမျိုးမြောက်များစွာက ယေရှုကို မယုံကြည် ကြချေ။ သို့သော် တပါးအမျိုးသားများနှင့် လူစုလူဝေးထဲက သာမန်လူများက ယေရှု၌ ကြီးမားသော ယုံကြည်ခြင်းရှိကြသည်။ ယေရှုသည် သူတို့ကိုယ်စား ယုံကြည်သူတိုင်း လက်ခံတော်မူခဲ့သည်။

## ယေရှုက နားပင်း၍ စကားအသောသူတစ်ယောက်၏အနာကို ငြိမ်းစေခြင်း

**Jesus Heals A Man Who Was Deaf And Dumb**

ယေရှုသည် တုရုမြို့မှ ဂါလိလဲပင်လယ်(အိုင်)၏ အခြားတစ်ဘက်ကမ်းတစ်လျှောက် ပြန်လှည့်၍ ခရီးထွက်တော်မူသည် (မြေပုံကိုကြည့်ပါ)။ သူသည်တစ်ပါးအမျိုးသားများအကြားတွင် နိမိတ်လက္ခာကို ဆက်လက်ပြသခဲ့သည်။ မိုင်ပေါင်း (၁၀၀) (ကီလိုမီတာ ၁၆၀) လောက် ခရီးသွားပြီးနောက် ယေရှုသည် နားပင်းပြီး စကားကောင်းကောင်း မပြောတတ်သူတစ်ယောက်ကို အနာငြိမ်းစေခဲ့သည်။ ဤလူသည် ယုံကြည်ခြင်းဖြင့် ယေရှုထံသို့ ပို့ဆောင်ပေးသောသူများအားဖြင့် အနာငြိမ်းခြင်းအခွင့်ရသည်ကို သတိပြုပါ။

**ဤအကြောင်းကိုနှီးနှောဆွေးနွေးပါ။**

၁။ ယေရှုက အမျိုးသမီးအား သူသမီး၏အနာကို မငြိမ်းစေမီ အဘယ်ကြောင့် ဤသို့မိန့်ဆိုခဲ့သည်ဟု ထင်မြင်ယူဆပါသနည်း(ရ၊၂၇)။

၂။ ဟေလသ(တစ်ပါး)အမျိုးသမီးက ယေရှုအား မည်သည့်ကောင်းကြီးကို တောင်းခံခဲ့သနည်း။

၃။ သူမသည် ယေရှုကို မည်သို့ယုံကြည်သနည်း။

၄။ သူမသည် ယေရှုအကြောင်းကို ယုဒလူမျိုးများစွာထက်ပို၍ နားလည်သည်ဟု ကျွန်ုပ်တို့သည် မည်ကဲ့သို့သိသနည်း။

နားပင်း၍စကားအနေသောလူအား အနာမငြိမ်းစေမီ ယေရှုက မည်သို့ပြော၍ မည်သို့လုပ်ဆောင် သနည်း။ ကျွန်ုပ်တို့သည် ချက်ချင်းဖြစ်သော နိမိတ် လက္ခဏာကို မျှော်လင့်ရန် သင့်လျော်ပါသလော။ အကယ်၍ ကျွန်ုပ်တို့သည် ဆုတောင်းသောအဖြေကို ဖြောင့်တန်းစွာမရရှိပါက မျှော်လင့်ချက်လျော့ရ မည်လော။

## 📖 ရှင်မာကု ၊ ၈း၁ – ၃၈

## ယေရှုက တပည့်တော်များ နားလည်စေခြင်း

Jesus Makes the Disciples Understand

ဤအခန်း၌ တပည့်တော်တို့သည် သူတို့ကိုယ်တိုင် အကြောင်းနှင့် ယေရှု အကြောင်း အမြောက် အများ သင်ယူလေ့လာကြသည်။

(က) တပည့်တော်များသည် ယုံကြည်ခြင်းအားနည်းပြီး နှလုံးခိုင်မာ ကြသည် (၈း၁၇–၂၁)။

(ခ) ပေတရုက ယေရှု၏အမှန်တကယ်ဖြစ်ခြင်းကို ဖွင့်ပြောသည် (၈း၂၉)။

(ဂ) ယေရှုက သူ၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း မိန့်တော် ယူခဲ့သည် (၈း၃၁)။

(ဃ) သူ၏တပည့်တော်များသည် သူတို့၏လက်ဝါးကပ်တိုင်ကို ထမ်းပြီး ယေရှုနောက်ကို လိုက်ရမည် (၈း၃၄)။

(င) ယေရှုက သူဒုတိယအကြိမ်ကြွလာမည့်အကြောင်းကို မိန့်တော်မူခဲ့သည် (၈း၃၈)။

ယေရှုမိန့်တော်မူစဉ် လူစုလူဝေးတို့သည် သူ၏စကားတော်ကို နားထောင် ကြသည် (၈း၁)။ သူတို့သည် သူနှင့်အတူ သုံးရက်ကြာနေခဲ့ကြပြီး စားစရာလည်းမရှိပါ။ သို့သော် တပည့်တော်တို့ထံ၌ မုန့်ခုနစ်လုံးရှိသည်။

ယေရှုက သူတို့၏မုန့်ကိုယူ၍ ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ လူများတို့ ရှေ့၌ ထည့်စေခြင်းငှာ တပည့်တော်တို့အား ပေးတော်မူသည် (၈း၆)။ တပည့် တော်တို့၌ အနည်းငယ်မျှသော ငါးကောင်ကလေးလည်းရှိသည်။ ယေရှုသည် ကျေးဇူး တော်ကို ချီးမွမ်းလေ၏။ ထို့နောက် တပည့်တော်တို့သည် ဝေငှ၍ နိမိတ်လက္ခဏာကို ပြုကြသည် (၈း၁၇)။ သူတို့သည် ယေရှုကိုနာခံလျက် သူ့ကိုလုံးလုံး ယုံကြည်သောအခါ နိမိတ်လက္ခဏာကနေရာယူရန် လမ်းကြောင်းကို ဖွင့်သည်။ အမျိုးသား (၄၀၀၀)ခန့်အပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များပါ ဗိုက်ပြည့်အောင်စားကြသည်။

ယေရှုသည် ပရိသတ်တို့ကို လွှတ်တော်မူပြီးမှ တပည့်တော်တို့နှင့်တကွ လှေထဲသို့ ချက်ချင်းဝင်၍ ဂါလိလဲအိုင်တစ်ဘက်ကမ်းသို့ ကူးကြသည်။ ဤနေရာသည် အိုင်၏ အနောက်ဘက်ယုဒလူမျိုးများ နေထိုင်ရာ ဒေသဖြစ်သည်။

ထိုအရပ်၌ ဖာရိရှဲများက မိုးကောင်းကင်မှဖြစ်သော နိမိတ်လက္ခဏာကို တောင်း

ကြ၏(၈း၁၁)။ သူတို့သည် သူ၏ကြီးမားသော တန်ခိုးတော်ကို ကိုယ်တိုင် တွေ့မြင်လို ကြသောကြောင့် သူတို့ ဤသို့ စုံစမ်းမေးလျှောက်ကြသည်။ သူတို့သည် ယုံကြည်ခြင်း မရှိကြသည်ဖြစ်၍ သူတို့၏မေးခွန်းများက ယေရှုကို ဝမ်းနည်းပင်ပန်းစေခဲ့သည်။ ထို့ကြောင့် ယေရှုက "ယောန၏နိမိတ်လက္ခဏာမှတစ်ပါး (မဿဲ ၁၂း၃၉) အကျယ်နိမိတ်လက္ခဏာ ကိုမျှ မပြရာ (၈း၁၂) ဟုသူတို့အား မိန့်တော်မူ၏။ ဤသို့မိန့်မြွက်တော်မူခြင်းအားဖြင့် ယေရှုက သူသည် သင်္ချိုင်းဂူထဲ၌ သုံးရက်ကြာ နေရလိမ့်မည်" ဟု ဆိုလိုသတည်း (မဿဲ ၊ ၁၂း၄၀)။

တပည့်တော်တို့သည် ဗက်ဇဲဒမြို့သို့ လှော်ခတ်သွားနေစဉ် ယေရှုက "ဖာရိရှဲ တို့၏ တံဆေးကို လည်းကောင်း၊ ဟေရုဒ်မင်း၏တဆေးကိုလည်းကောင်း သတိနှင့် ရှောင်ကြဉ်ရန်" မိန့်တော်မူခဲ့သည်(၈း၁၅)။ တပည့်တော်များသည် စိတ်ရှုပ်ထွေးသည်နှင့် တူပါသည်။ သူတို့သည် မုန့်ဝယ်ရန်မေ့ကျန်ခဲ့ကြသောကြောင့် ယေရှုက ဤသို့မိန့်တော်မူ ခြင်းဖြစ်သည်ဟု သူတို့ယူဆကြသည်။ ယေရှုကသူတို့အား မကောင်းသောအရာနှင့် အပြစ်အကြောင်းကို သတိပေးနေခြင်းဖြစ်သည်။ ယေရှုက "သူတို့ကဲ့သို့ သင်တို့၏ ယုံကြည်ခြင်းမလျော့ နည်းစေကြနှင့်" ဟု မိန့်တော်မူ၏။

ဤလောက၏ မုန့်သည် ကြာရှည်မခံပါ။ ယေရှုတစ်ပါးသာလျှင် သူ့ကို ယုံကြည် သူများအား အမြဲတမ်း ကျေနပ်စေလိမ့်မည်။ သူသည် အသက်မုန့်ဖြစ်တော်မူ၏။

ဗက်ဇဲဒမြို့တွင် လူတစ်ချို့က လူကန်းတစ်ယောက်ကို ယေရှုထံသယ် ဆောင်လာ ကြပြီး သူ့မျက်စိကို တို့တော်မူမည်အကြောင်း တောင်းပန်ကြသည် (၈း၂၂)။ ဤသည်မှာ ယေရှုကတစ်စုံတစ်ယောက်၏အနာကို ငြိမ်းစေခဲ့သည့်အကြိမ် နှစ်ကြိမ်ရှိရာ ဤတစ်ချိန် တည်း၌သာဖြစ်ကောင်း ဖြစ်နိုင်သည်။ တပည့်တော်များသည် ဤလူကန်းနှင့်တူကြ ပါသည်။ သူတို့သည် ယေရှုက ကောင်းကင်နိုင်ငံတော် အကြောင်း သွန်သင်သောအရာ များကို အစပထမတွင် ရှင်းလင်းစွာ မမြင်နိုင်ကြချေ။ သူတို့သည် ယေရှုမည်သို့ မိန့်တော်မူ၍ လုပ်ဆောင်သည် ကို ပိုမိုရှင်းလင်းစွာ "စူးစိုက်ကြည့်" ရန် လိုသည်။

### ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ရှင်မာကု ၇း၃၃–၃၄ ကို ၈း၂၃ နှင့် နှိုင်းယှဉ်ပါ။

၂။ ရှင်မာကု ၈း၂ ၊ ၃း၁၂ နှင့် ၁၇ တို့မှ ယေရှုအကြောင်း မည်သည့်သမ္မာ တရားများကို လေ့လာရသနည်း။

တွန်းအား ပေးလှုံ့ဆော်မှု (၈း၂ ၊ ၃) ၊ ယုံကြည်မှု (၈း၄ ၊ ၅) နှင့် ဆပ်ကပ်မှု (၈း၆–၈) တို့မှ နိမိတ်လက္ခဏာဖြစ်ရန် ကျွန်ုပ်၌ မည်သည့်အဆင့်ကို လိုအပ်သနည်း။

## ပေတရုက ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း ယုံကြည်ခြင်း

**Peter Believes That Jesus Is The Christ**

သူတို့သည် ရွာများကိုဖြတ်ကျော်လျှောက်သွားစဉ်အခါ ယေရှုက တပည့်တော်တို့အား ''လူတို့သည် ငါ့ကို အဘယ်သူဖြစ်သည်ဟု ဆိုကြသနည်း'' ဟု မေးတော်မူ၏ (၈း၂၇)။ သူတို့က မည်သို့ပြောမည်ကို သိရန်အလိုတော်ရှိ၏။ သူတို့အမှန်တကယ် ယုံကြည်သည့်အရာကို သူတို့ဖွင့်ပြောရန်အလိုတော်ရှိသည်။

လူအချို့က ကိုယ်တော်သည် ဗတ္တိဇံဆရာယောဟန်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့က ဧလိယ ဖြစ်သည်ဟူ၍လည်းကောင်း ၊ အချို့က ပရောဖက် တစ်ပါးပါးဖြစ်သည် ဟူ၍လည်းကောင်း ဆိုကြသည် (၈း၂၈)။

''သို့သော် သင်တို့က ငါ့ကိုအဘယ်သူဖြစ်သည်ဟုဆိုကြသနည်း'' ဟု ယေရှုက မေးတော်မူ၏ (၈း၂၉)။ ပေတရုက ''ကိုယ်တော်သည် ခရစ်တော်ဖြစ်တော် မူသည်ဟု လျှောက်လေ၏။ ပေတရုက ခရစ်တော်သည် ကြွလာမည့်ဘုရားသခင်၏ ကတိတော် ရှင်ဘုရင်မေရှိယဖြစ်သည်''ဟု ဆိုလိုသည်။ ယေရှုသည်ဤသို့ လျှောက်ထားခြင်းကို အားရကျေနပ်တော်မူ၏။

## ဝေဒနာလမ်း

**A Path Way of Suffering**

သူ၏သွန်သင်ချက်သည် အဆုံးသို့ရောက်သောအခါ တပည့်တော်များအား သူ့အပေါ်မှာ မည်သို့ ဖြစ်ပျက်မည်ကို မိန့်မြွက်တော်မူ၏။ သူသည် ဆင်းရဲဒုက္ခ အမျိုးမျိုးကိုခံပြီးမှ သေမည်ဟု မိန့်တော်မူ၏(၈း၃၁)။

သူတို့အား ဥပမာကိုမသုံးဘဲ သူသည် မကြာမီ အသေသတ်ခြင်းကို ခံရမည့် အကြောင်း ရိုးရှင်းစွာ ပြောဆို၏။

လူသားသည် -

- သူ့လူတို့၏
- ဘာသာရေးခေါင်းဆောင်တို့၏
- ကြီးမားသော သြဇာအာဏာကို ကိုင်စွဲသော ယဇ်ပုရောဟိတ်တို့၏ ခေါ်သွားခြင်းကို ခံတော်မူလိမ့်မည်။

သူတို့အားလုံးက ''သူ့ကိုသတ်ပါ'' ဟု အော်ကြလိမ့်မည်။ သို့သော် သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ရှင်ပြန်ထမြောက်လိမ့်မည်။ ပေတရုသည် ဤစကားများကြောင့် စိတ်မကောင်းဖြစ်သည်။ သူသည် ယေရှုကို ဘေးသို့ခေါ်သွားပြီး စတင်၍ ပြစ်တင်စကားပြောလေ၏။ ''သခင်ကိုယ်တော်၌ ဤသို့မဖြစ်ပါစေနှင့်'' ဟု လျှောက်လေ၏ (မဿဲ၊ ၁၆း၂၂)။

ယေရှုသည် ပေတရုနှင့် အခြားတပည့်တော်တို့ကို ကြည့်ရှုလျက် ''အချင်းစာတန်၊ ငါ့နောက်သို့ ဆုတ်လော့ ၊ သင်သည် ဘုရားသခင်၏အရာကို စိတ်မစွဲလမ်း (ပြောသည် မဟုတ်)'' ဟု ဆုံးမတော်မူ၏ (၈း၃၃)။ တိုတောင်းလှသည့်အချိန်အကြားမှာပင် ပေတရုသည် ဘုရားသခင်စကားတော်ကို (သင်သည် ခရစ်တော်ဖြစ်၏) နားထောင်ခြင်းမှ စေတန်၏စကားကို နားထောင်ခြင်းသို့ ပြောင်းလဲသွားသည်။

ပေတရုပြောသည့်စကားသည် ပေတရုလိုချင်သောအရာပင်ဖြစ်သည်။ စာတန်က ဤစကားကို ပေတရု နှုတ်၌ထည့်ခြင်းဖြစ်သည်။ စာတန်သည် လူယောက်ျားနှင့် မိန်းမ တို့အား သူတို့၏အပြစ်မှ ကယ်တင်ရန် ဘုရားသခင်၏အစီအစဉ်တော်ကို ဟန့်တားရန် သို့မဟုတ် ဖျက်ဆီးရန် မည်သည့်နည်းမဆို အသုံးပြုလိမ့်မည်။ ပေတရုသည် ဘုရားသခင်၏ အစီအစဉ်တော်ကို နားမလည်ခဲ့ပါ။

## သင်၏ကားတိုင်ကို ထမ်း၍ ယေရှုနောက်လိုက်ပါ

## Take Up Your Cross And Follow Jesus

အကယ်၍ ယေရှုသည် အသေသတ်ခြင်းကိုခံရမည်ဆိုပါက သူ၏နောက်တော်ကို ပေတရုမလိုက်လိုပါ။ ထို့ကြောင့် ယေရှုက သူတို့အားလုံးတို့သည် တပည့်တော်များ ဖြစ်နိုင်သည်၊ သို့သော် အဖိုးအခကို ပေးရန်ရှိသည်ဟု သတိပေးလိုက်သည်။ တပည့်တော်တိုင်း ကိုယ့်လက်ဝါးကပ်တိုင်ကို ထမ်းရန်ရှိသည်။ ကားတိုင်သည် အသက်လမ်းပင်ဖြစ်သည်။ လူတစ်ယောက်စီတိုင်းသည် ကိုယ်တိုင်သေရန် အဆင်သင့်ရှိရမည်။ (ကိုယ့်လမ်းကိုစွန့်ပြီး) ကိုယ့် အသက်အတွက် ဘုရားသခင်၏ အလိုတော်ကို လက်ခံရမည်။ ထိုအရာသည် ပေတရု လုပ် ဆောင်ရမည့်အရာဖြစ်သည်။

ခရစ်ယာန်များအတွက် ခရစ်တော် ၏လက်ဝါးကပ်တိုင်သည် သာယာကြည်နူး ဖွယ်သော အရာမဟုတ်ပါ။ ၄င်းသည် ဆွဲကြိုးပေါ်က ရွှေမဟုတ်ပါ။ သူ၏ကားတိုင်သည် ကျွန်ုပ်တို့၏ အသက်တာဟောင်း သေခြင်းပင်ဖြစ်သည်။ ယေရှု၏ကားတိုင်ကို ကျွန်ုပ်တို့ ထမ်းသည့်အခါ ဘုရားသခင်အတွက် အစေခံရန် အသက်ရှင်ရသည်။ ကျွန်ုပ်တို့သည် ထိုအရာများလုပ်ဆောင်ခြင်းဖြင့်သာ သူ့ကို ကျေနပ်ဝမ်းမြောက် စေသည်။ ကားတိုင်ဆိုသည်မှာ ကိုယ်တိုင်သေခြင်းကို ဆိုလိုသည်။ သို့သော် အထဲ၌ မွေးဖွားခြင်းဖြစ်သော လူသစ်ဖြစ်ခြင်း အသက်တာကိုလည်း ဆိုလိုသည်။



ယေရှု၏ နောက်တော်ကို လိုက်လိုသော သူသည် ကိုယ့်ကိုကိုယ်မေ့လျော့ရမည်။ သူသည်

ကိုယ့်အလို ဆန္ဒများကို ငြင်းပယ်ရမည်။ ယေရှုသည် သူ၏တစ် ခဏာတာအသက်တာ၌ ထိုသို့ပြုတော်မူခဲ့သည်။ သူသည် သူ၏အသရေတော်နှင့် တန်ခိုးတော်များကို စွန့်လွှတ်ပြီး ခမည်းတော်၏အလိုတော်ကို ဆောင်ရွက်ရန် သူငယ်ကဲ့သို့ ဤလောကကို ကြွဆင်းတော်မူခဲ့သည်(ဖိလိပ္ပိ ၊ ၂း၇–၈)။ ယခုအချိန်တွင် သူသည် တပည့်တော် တို့အား ထိုကဲ့သို့သော အသက်တာနှင့် ခေါ်ဖိတ်ခြင်းကို တောင်းဆိုတော်မူခဲ့သည်။ သူသည် ပျောက်ဆုံးနေသောသူများကို ရှာဖွေရန်နှင့် ကယ်တင်ရန်အတွက် အရာခပ်သိမ်းကို စွန့်တော်မူခဲ့သည်။

ယေရှုသည် သူ့နောက်တော်ကို လိုက်သောသူတို့အား သူတို့၏လက်ဝါးကပ်တိုင်ကိုထမ်းပြီး သူ့နောက်တော်ကို လိုက်ရန်မိန့်တော်မူသည့်အချိန်မှာ (၈း၃၄)၊ သူ့ကို လူများက ယေရှုရှလင်မြို့ပြင်ဘက်ရှိ တောင်ပေါ်သို့ခေါ်သွားပြီး လက်ဝါးကပ်တိုင်ပေါ်၌ သူ့အား သံမှိုနှင့်ရိုက်ကြရမည်ဟု သူ၏အနာဂတ်ကို ကြိုတွေးနေပေလိမ့်မည်။

ယေရှုက သူ၏နောက်တော်လိုက်များသည် ဘုရားသခင်ကို သူတို့၏အသက်တာ၌ ပထမဦးစားပေး ထားရန်နှင့် သတင်းကောင်း ကို ပျံ့နှံ့စေရန် အလို တော်ရှိသည် (၈း၃၅)။ တစ်ချို့သောသူများအတွက် ထိုအရာက သူတို့အသက်တာကို ထိခိုက်နစ်နာစေနိုင်သည်။ ကျွန်ုပ်တို့သည် ထိုအရာကိုလုပ်ရန် အဆင်သင့် ဖြစ်ကြ ပြီးလော။ ယေရှုက ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ကျိန်းဝပ်၍ ငြိမ်သက်ခြင်း ၊ ဝမ်းမြောက်ခြင်းနှင့် မျှော်လင့်ခြင်းအပြင် အပြစ်ကို အောင်မြင် နိုင်သောတန်ခိုးကိုပါ ထပ်ပေးကာ ကျွန်ုပ်တို့ကို စေလွှတ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ဘုရားသခင် ခမည်းတော်၊ သားတော် ၊ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော သုံးပါးတစ်ဆူဘုရားဖြစ်တော်မူ၏။

ယေရှုသည် သူ၏ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကိုလည်း မိန့်မြွက်တော်မူသည် (၈း၃၈)။ ရှင်မာကုခရစ်ဝင်အနက်ဖွင့်ကျမ်း ဒုတိယပိုင်းမှာ ပို၍များသောအကြောင်းအရာများကို ကျွန်ုပ်တို့ပြောပါမည်။

## သတင်းကောင်းကိုဖြန့်ဝေခြင်း
## Spreading the Good News

ယေရှုက တပည့်တော်များအား သူသွန်သင်ထားသည့်အရာများအားလုံးကို လူတိုင်းတို့အပေါ် သွန်သင်ရန် မိန့်မှာခဲ့ပါသည် (မဿဲ ၊ ၂၈း၂၀)။ အချို့သော တရားဟောဆရာများက ယေရှု၏ သတင်းကောင်းကို ဟောပြောရာတွင် ဘုရားသခင်သည် လူတိုင်းကို ချစ်တော်မူ၍ သူတို့သည် ယေရှု နောက်တော်ကိုလိုက်မည် ဆိုပါက ကောင်းကြီးခံစားမည်ဖြစ်ပြီး ၊ ကောင်းသောအရာများကို ချပေးတော်မူမည်ဟု သင်ကြားပေးကြသည်။ သူတို့က ဘုရားသခင်သည် သန့်ရှင်းတော်မူသော ဘုရားဖြစ်ပြီး အပြစ်ကို ရွံမုန်းတော်

မှုကြောင်း ပြောရန်မေ့လျော့နေကြသည်။ သူတို့က ကျွန်ုပ်တို့နောင်တရမည့်အကြောင်း ပြောရန် မေ့လျော့နေကြသည်။ သူတို့က ယေရှု နောက်တော်ကိုလိုက်ခြင်းသည် အချိန်တိုင်းမှာ တန်ဖိုးကြီးသည်ဟု ပြောရန်မေ့လျော့ နေကြသည်။ ယေရှုသည် ဘုရားသခင်ထံ သမ္မာတရားရှိသမျှကို ပြောကြားရန် ကြွလာခဲ့ခြင်း ဖြစ်သည် (ယော၊ ၁၈း၃၇)။ ဘုရားသခင်သည် ကျွန်ုပ်တို့က မိမိတို့ အပြစ်မှ လွတ်မြောက်ရန်လိုအပ်ကြောင်း သိတော်မူသည်။ ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့၏အပြစ်ဒဏ်ကို ယူဆောင်ရန် ကြွလာတော်မူခဲ့သည်။ အကယ်၍ ကျွန်ုပ်တို့သည် နောင်တရပြီး ၊ ဤအရာကို ယုံကြည်ပါက ကျွန်ုပ်တို့သည် အပြစ်ခွင့်လွှတ်ခြင်းကိုခံ၍ အပြစ်မှ လွတ်လျက် ဘုရားသခင်၏လက်ခံတော်မူခြင်းကို ခံရမည်။ ထို့နောက် သူသည် ကျွန်ုပ်တို့ ဒုက္ခရောက်နေသည့် အချိန်မှာပင် ယခုဘဝအတွက် ရည်ရွယ်ချက်အသစ်နှင့် အနာဂတ်အတွက် မျှော်လင့်ချက်များပေးနိုင်သည်။ ကျွန်ုပ်တို့သည် ကိုယ့်လက်ဝါးကပ် တိုင်ထမ်း၍ ယေရှု နောက်တော်ကို လိုက်ရန် အဆင်သင့်ဖြစ်ရမည် (မာ၊ ၈း၃၄)။ ဤအရာသည် ကျွန်ုပ်တို့ သင်ကြားပေး၍ ဟောပြောရမည့်သတင်းကောင်း အလုံးစုံဖြစ်သည်။

- ✸ သင်သည် မှားသည့်အရာများကိုလုပ်၍ မှားသည့်အရာများကို စဉ်းစားနေသည့်တိုင်အောင် ဘုရားသခင်သည် သင့်ကိုချစ်သည်။
- ✸ သင့်အား ဘုရားသခင်၏လမ်းမှန်ကိုပြရန် ဘုရားသခင်သည် သူ၏သားတော်၊ ယေရှုခရစ်ကို စေလွှတ်တော်မူပြီး ထို့နောက် ဘုရားသခင်သည် သူ့အား ကျွန်ုပ်တို့ကို ချစ်တော်မူကြောင်းပြသရန် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံစေခဲ့သည်။
- ✸ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်အတွက် ကျွန်ုပ်တို့ခံထိုက်သော အပြစ်ဒဏ်ကို ယူတင်တော်မူခဲ့ပြီး အပြစ်တရား၏အခကို ပေးချေတော်မူခဲ့ပြီ။
- ✸ ယေရှုသည် သင်နှင့် ကျွန်ုပ်ကဲ့သို့သော လူများအတွက် အသေခံတော်မူခဲ့ပြီး သုံးရက်ကြာပြီးမှ ဘုရားသခင်က ယေရှုကို အသက်သစ်ပေးတော်မူခဲ့သည်။ အကယ်၍ သင်သည် ယေရှုကို ယုံကြည်၍ သင်၏အပြစ်အတွက် ဝန်ချတောင်းပန်လျှင် သင့်ကို ခွင့်လွှတ်တော်မူ၍ အသစ်သောအသက်တာကို ပေးတော်မူမည်။
- ✸ သူသည် သင်၏မှားယွင်းသောလမ်းမှ လွတ်တော်မူလိမ့်မည်။ ထို့နောက် သင်သည် ဘုရားသခင်နှင့်အတူ မှန်ကန်စေပြီး သူနှင့်အတူ အစဉ်ထာဝရ အသက်ရှင်ရလိမ့်မည်။
- ✸ သင်သည် မျှော်လင့်ချက်မရှိဟု တွေးထင်နေသည့်အချိန်မှာပင်လျှင် ဘုရားသခင်သည် ဤအရာ အားလုံးကို သင့်အတွက် ကျေးဇူးပြုတော်မူခဲ့ပြီ။
- ✸ သူသည် အချိန်တိုင်း အခက်အခဲတိုင်းမှာ သင်နှင့်အတူရှိတော်မူလိမ့်မည်။

ဤအကြောင်းကို နှီးနှောဆွေးနွေးပါ။

၁။ ယေရှုသည် သူ့ကိုယ်သူအကြောင်း မည်သည့်မေးခွန်းနှစ်ခုကို မေးခဲ့သနည်း (၈း၂၇–၂၉)။ သင်၏ အဖြေက မည်သို့နည်း။

၂။ ကျွန်ုပ်တို့သည် ''ကိုယ်တိုင်သေခြင်း (ဇာတိသေခြင်း)'' သည် အလွန်အမင်း ခက်ခဲဟန်ရှိသောအခါ မည်သည့်အရာကို သတိရရမည်နည်း (၈း၃၅)။

၃။ မည်သည့်အရာသည် လူတို့၏ ခန္ဓာကိုယ်ထက်ပို၍ တန်ဖိုးကြီးပါသနည်း (၈း၃၆)။

၄။ အကယ်၍ ကျွန်ုပ်တို့သည် ယေရှုနောက်တော်ကိုလိုက်ပါက မိမိတို့ အသက်ကို အရှုံးခံရန် ကြောက်ရွံ့နေပါသလား။ ကြောက်ရွံ့နေသည့်တိုင်အောင် ကျွန်ုပ် တို့သည် မည်သို့အသက်ရှင်သင့်သနည်း (၈း၃၈)။

## ရွေးချယ်စရာများပေးသော မေးခွန်းများ

**Multiple Choice Questions**

ရှင်မာကုအခန်းကြီး (၇) နှင့် (၈) တို့ကို အခြေခံ၍ (က၊ ခ၊ ဂ) တို့မှ အဖြေမှန်များကိုရွေးပါ။ အဖြေများကို အဆုံးမှာ ပေးထားပါသည်။

၁။ မည်သည့်အတွက်ကြောင့် ယေရှုနှင့် ဖာရိရှဲတို့၏ အပြောအဆိုနှင့် လုပ်ဆောင်မှု တို့သည် မတူညီကြသနည်း။

(က) သူတို့သည် သူ့(ယေရှု)စကားကို နားမထောင်ခဲ့ကြ။

(ခ) သူတို့သည် သူ့(ယေရှု)၏ တပည့်တော်များကို လက်နှင့်အိုးများကို ဆေးကြောရန် ပြောကြသည်။

(ဂ) သူတို့၏ စိတ်နှလုံးသည် မှန်ကန်မှုမရှိပါ။

၂။ ယေရှုသည် ဂရိ(ဟေလသ)အမျိုးသမီး၏ သမီးကို အနာငြိမ်းစေခဲ့သည်။ အဘယ့် ကြောင့်ဆိုသော်–

(က) သူသည် သူမကို နှစ်သက်တော်မူသောကြောင့် –

(ခ) သူမက သူ့ကို ကြေကွဲဖွယ်အဖြစ်အပျက်ကို ပြောပြသောကြောင့်

(ဂ) သူမက သူ့ကို ယုံကြည်သောကြောင့်

၃။ ယေရှုသည် –

(က) ပရောဖက်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

(ခ) သင်္ချိုင်းဂူထဲက ပြန်လာသော ဗတ္တိဇံဆရာယောဟန်ဖြစ်သည်။

(ဂ) မေရှိယဖြစ်သည်။

၄။ မည်သည့်အတွက်ကြောင့် ယေရှုက ပေတရုအား ''သင်သည် ဘုရားသခင် ကြံစည်တော်မူသကဲ့သို့ ကြံစည်သည်မဟုတ်'' ဟု မိန့်တော်မူသနည်း။

(က) သူသည် ယေရှုကို မယုံကြည်သောကြောင့်ဖြစ်သည်။

(ခ) သူက ယေရှုသေရန် အလိုမရှိသောကြောင့်ဖြစ်သည်။

(ဂ) သူသည် ယေရှုနှင့်အတူသွားရန် အလိုမရှိသောကြောင့်ဖြစ်သည်။

## မေးခွန်းများ၏အဖြေများ

## Answers to Questions

**ရှင်မာကုအခန်းကြီး (၁)မှ (၃)**

၁။ (ခ) ၊ ၂။ (က) ၊ ၃။ (ဂ) ၊ ၄။ (က) ၊ ၅။ (ဂ) ၊ ၆။ (ခ) ၊ ၇။ (က)

**ရှင်မာကုအခန်းကြီး (၄) မှ (၆)**

၁။ (ဂ) ၊ ၂။ (က) ၊ ၃။ (ဂ) ၊ ၄။ (ခ) ၊ ၅။ (ခ) ၊ ၆။ (ဂ)

**ရှင်မာကုအခန်းကြီး (၇) နှင့် (၈)။**

၁။ (ဂ) ၊ ၂။ (ဂ) ၊ ၃။ (ဂ) ၊ ၄။ (ခ)

ဘုရားသခင်က ဤအနက်ဖွင့်ကျမ်းကို ပုံနှိပ်ထုတ်ဝေရန် စတင်လုပ်ဆောင် စေတော်မူခဲ့သော နိုင်ငံများမှာ

Angola, Armenia, Benin, Bulgaria, Burkina Faso, Burundi, Cameroon, Cambodia, Chad, Congo Dem. Rep. (Kinshasa and Katanga), Congo Rep. (Brazzaville), Egypt, Ethiopia, Ghana, Guatemala, Haiti, India, Ivory Coast, Kenya, Kosovo, Liberia, Malawi, Mali, Mongolia, Mozambique, Myanmar, Niger, Nigeria, Pakistan, Rwanda, Serbia, Sierra Leone, South Africa, Sudan, Swaziland, Tanzania, Togo, Uganda, Zambia and Zimbabwe
**and in 41 languages plus Braille**

www.manna-publications.org.uk
e.mail : mannabooks.uk@googlemail.com

## ရှင်မာကု–ယေရှုခရစ်တော်၏အစောပိုင်းကာလသွန်သင်ချက်များ

* ရှင်မာကုက မည်သူနည်း
* စာတန်အပေါ် ဘုရားသခင်၏တန်ခိုးတော်
* ဗတ္တိဇံဆရာယောဟန်ကမည်သူနည်း
* ယေရှု၏ အံ့ဖွယ်နိမိတ်လက္ခဏာ
* ယေရှုက တပည့်တော်များကို ရွေးချယ်ခြင်း
* ယေရှု၏နာမတော်၌ အနာငြိမ်းခြင်း
* အပြစ်သားများ၏မိတ်ဆွေ၊ ယေရှု
* ယေရှု၏သွန်သင်ချက်များ

**ဤစာအုပ်က** မြေကြီးပေါ်၌ ယေရှု၏ အမှုတော်လုပ်ငန်းအစောပိုင်းနေ့ရက်များ အကြောင်းပြောပြသည်။ ဤစာအုပ်က သူ၏သွန်သင်ချက်များ ၊ အနာငြိမ်းခြင်းများနှင့် ယနေ့ခေတ် ယေရှုနောက်တော်လိုက်တစ်ဦးဖြစ်ရန် မည်သို့ဆိုလိုကြောင်းတို့ကို ဖော်ပြသည်။

**မန္နပုံနှိပ်ထုတ်ဝေခြင်းက** Fred Morris (USA) ရေးသားသည့် အနက်ဖွင့်ကျမ်းများကို ထောက်ပံ့ပေးသည်။ နှစ်ပေါင်းများစွာ Fred နှင့် သူ၏ဇနီး Lorna တို့သည် ကမ္ဘာကိုပတ်ပြီး ဓမ္မစာပေပို့ချခြင်းနှင့် တရားဟောခြင်း များကိုပြုကြသည်။ အိမ်သို့ ပြန်ရောက်ကြသောအခါ ပုံနှိပ်ရန်နှင့် အခြေခံခရစ်ယာန်သင်ကြားမှုအတွက် လိုအပ်သော ဤမှတ်စုများကို နေရာတိုင်း၌ ရောင်းချနိုင်ရန် ရေးသားခဲ့ကြသည်။

UK မှ ဤပြင်ဆင်တည်းဖြတ် ပုံနှိပ်ထုတ်ဝေသည့် ပုံစံထည့်လွယ်ကူသည့် ကမ္ဘာသုံးအင်္ဂလိပ်စာဖြင့် ရေးသား ခဲ့ခြင်းဖြစ်သည့် အခြားသော ဘာသာစကားဖြင့် ဘာသာပြန်ဆိုမှုကိုလည်း မြန်ဆန်စေကာ နားလည် သဘောပေါက်မှုကိုလည်း ထပ်ဖြည့်ပေးမည်ဖြစ်သည်။ ဤစာအုပ်က စာဖတ်သူအားလုံးအတွက်သော်လည်းကောင်း၊ ကျမ်းစာကျောင်းသားများ၊ ဓမ္မဆရာများနှင့် သင်းအုပ်ဆရာများအတွက်သော်လည်း ကောင်း နောက်ထပ်မှတ်စုများကို ပေးသည်။

**ဤစာအုပ်များကို** ကိုယ်ပိုင် သို့မဟုတ် အဖွဲ့လိုက်လေ့လာသည့်အချိန်၌ အသုံးပြုရန် ဖြစ်သည်။ ၎င်းတို့က သင့်အား ဘုရားသခင်၏ သမ္မာတရားများကို သွန်သင်ပေးမည် ဖြစ်သည်။ ၎င်းတို့က သင့်အား ဘုရားသခင်၏ သားတော် ယေရှုခရစ်တော်ကိုသိရန် အကူအညီပေးလိမ့်မည်။ ၎င်းတို့က သင့်အား ဘုရားသခင်၌ သင်၏ ယုံကြည်ခြင်း အကြောင်းကိုပြောရန် အကူအညီပေးလိမ့်မည်။ ၎င်းတို့က အသက်တာ၌ မှားယွင်းသော လမ်းသို့ လိုက်သွားခြင်းမှ သန့်ရှင်းသောဝိညာဉ်တော်ဘုရားက သင့်ကိုလမ်းပြပို့ဆောင်မည့်အကြောင်း ထောက်ကူမည် ဖြစ်သည်။ ၎င်းတို့က သင်သည် မည်ကဲ့သို့ ဘုရားသခင် နှစ်သက်သော အသက်တာဖြင့် အသက်ရှင်နိုင်မည် အကြောင်း ပြေပြပါလိမ့်မည်။

သင်သည် သမ္မာကျမ်းစာနှင့် ဤအနက်ဖွင့်ကျမ်းများကို အသုံးပြု ဖတ်ရှုခြင်းဖြင့် အသက်တာ၌ အသစ်သော ငြိမ်သက်ခြင်းနှင့်ရည်ရွယ်ချက်များ ရရှိခံစားပိုင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့ဆုတောင်းပေးလျက် ရှိပါသည်။

**မန္နပုံနှိပ်တိုက်**

**အခြေခံဆိုင်ရာသမ္မာကျမ်းစာအနက်ဖွင့်ကျမ်းများ**

''သင်တို့သည် ဘုရားသခင်နိုင်ငံတော်၏ နက်နဲသောအရာကို သိရသော အခွင့်ရှိကြ၏'' (ရှင်မာကု၊ ၄း၁၁)။

---



**Manna Publications © Fred Morris**
Mark Part 1, scanned images, Burmese text, 2015. Revised February 2018.
www.manna-publications.org.uk